
# မင်းသုဝဏ်



Zwe Modern Burmese Poets

## Minthuwun - Selected Poems

Minthuwun is a true Burman. For all the alien influences around him his language is Burmese pure and undefiled. His themes, too, are Burmese, Buddhist, even traditional. He is a scholar who has drunk deep of ancient Burma, of Pali, Pyu, Old Mon, and Old Burmese. Yet few of these poems are burdened with scholarship. Longwinded rigmarole is utterly eschewed. With a few simple-artful touches the poet stamps his image on the mind. He delights in homeliness, colloquiality, in village life and nursery ditties. Even a foreigner can feel the neatness of his lyric note. Yet out of the sweetness comes forth strength, the strength of delicacy, of one who knows and trusts his feelings and dare shew them, of one who looks into his heart and writes. —G. H. Luce (1936).

Generated by CamScanner from intsig.com

# ဗိုင်းအသားကာနဲ့သိုးဒိုးကိုတို

မင်းသုဝဏ်

ကဗျာများ

(၁၉၂၆ မှ ၁၉၇၂ ထိ)



ဒွဲစာပေရိပ်မြုံက ဖြန့်ချိသည်

Generated by CamScanner from intsig.com

[၁၉၇၄-စက်တင်ဘာလ]
စာရေးသူ့မူပိုင်

ဒုတိယအကြိမ်
အုပ်ရေ-၃၀၀၀
မျက်နှာဖုံး၊ရိုက် ပွဲ-ငွေ ၆၆၊
ပန်းချီ-ပေါ်ဦးသက်
ဘလောက်-သောင်းလှ

အဖိုး ၅-ကျပ်

ထုတ်ဝေသူ
ဒေါ်ကြည်ဝေ (ယုဝတီကြည်ဝေ)
စိုးစံထိုက်စာစဉ် (၀၉၇၈ မြ)
အမှတ်-၁၄၈ ၄၈-လမ်း ရန်ကုန်မြို့

ပုံနှိပ်သူ
ဒေါ်ဒေါင်းရင် [မြ-၀၁၅၅၅]
ငွေ-စာပုံနှိပ်တိုက်
အမှတ် ၁၇၂၊ ၃၃-လမ်း၊ ရန်ကုန်မြို့

Generated by CamScanner from intsig.com

# မာတိကာ


| | |
|---|---|
| ထုတ်ဝေသူထံမှ | က |
| ကဗျာခေတ် သုံးခေတ်၏ သရုပ်များ | ဂ |
| အမှာစကား | ၁ |
| အင်းယားကန်သို့ အိုကူတို့ | ၃ |


## ပထမပိုင်း

## (၁၉၂၆ မှ ၁၉၃၁)


| | | | | | |
|---|---|---|---|---|---|
| ၁။ | မိုးရာသီဘွဲ့လေးချိုး | ၇ | ၁၀။ | ဘာသာပြန် | ၂၁ |
| ၂။ | ကိုဝင်းဘွဲ့တေးထပ် | ဂ | ၁၁။ | ၁၂၉၂ ခုနှစ်အတွက် မေတ္တာပို့ | ၂၂ |
| ၃။ | ငါးပိကျောင်းဘွဲ့ လွမ်းချင်း | ၉ | ၂၁။ | ဝေါသင်္ချိုင်း | ၂၃ |
| ၄။ | မြန်မာမျိုးဘွဲ့ လေးချိုး | ၁၁ | ၁၃။ | ခါနွေဆန်းတော့ လွမ်းမိဘယ် | ၂၅ |
| ၅။ | ကြိုက်မိုးဘွဲ့လေးဆစ် | ၁၂ | ၁၄။ | မောင်တို့ချင်း | ၃၀ |
| ၆။ | ဆရာမှတ်ကျောင်းဘွဲ့ ရတုသုံးပိုဒ် | ၁၃ | ၁၅။ | မယ်တို့ဘာသာ | ၃၁ |
| | | | ၁၆။ | လေးဆစ် | ၃၂ |
| ၇။ | ချစ်လို့ခေါ်သည် | ၁၅ | ၁၇။ | ကံဆိုးတဲ့ခါ | ၃၄ |
| ၈။ | တောမြိုင်ခြေသမိန်း | ၁၇ | ၁၈။ | ယိမ်းလှုပ်ချေ မြူခွာညို | ၃၆ |
| ၉။ | နောင်တို့အိမ် (အိုင်ချင်း) | ၁၉ | ၁၉။ | မိုးထယ်နှင့်ကြွယ် | ၃၇ |


F B

Generated by CamScanner from intsig.com

# ဒုတိယပိုင်း

## (၁၉၃၁ မှ ၁၉၄၁ ထိ)


၁။ ရွှေတော်ပြေး ၄၁
၂။ မေတ္တာ ၄၂
၃။ မွှေးဦးပေါက်တော့ ၄၃
၄။ ၉၄ ခုနှစ်အတွက် ၄၄
၅။ ရှေးနှင့်မတူ ၄၅
၆။ ကိုယ်စား ၄၆
၇။ ပွတော့အံ ၄၇
၈။ ခေတ်ပညာ ၄၈
၉။ သိုလောသိုးသာ ၅၀
၁၀။ ကျွန်း ၅၁
၁၁။ ဒွင့်မသာ ၅၂
၁၂။ ချိုပြုံး ၅၃
၁၃။ သံလိုက် ၅၄
၁၄။ ကဗျာဉာဏ် ၅၅
၁၅။ စာဆို့ကံ ၅၆
၁၆။ မောင့်ချိုပြုံး ၅၉
၁၇။ ကမုဩ ၆၀
၁၈။ နှင်းဆီပွင့် ၆၁
၁၉။ နှစ်ဇာတ်တစိတ် ၆၂
၂၀။ မည်းညွှတ် ၆၃
၂၁။ တရောရှင် ၆၄
၂၂။ ရွှေဆီးဖြူ ၆၆
၂၃။ အတာရေ ၆၈
၂၄။ ပင်လယ်ငွေ ၆၉
၂၅။ စက်တော်ရှင်းဝယ် ၇၁
၂၆။ အမိကိုယ်စား ၇၃
၂၇။ မယ့်သည်သွဲ့ ၇၄
၂၈။ မြောသံ ၇၅
၂၉။ ညချမ်းအခါ ၇၇
၃၀။ ငယ်လင်မောင်ကြီး ၇၉
၃၁။ တွယ်ရာမဲ့ ၈၀
၃၂။ တရားဦး
ဖောလှည့်ပါ ၈၁
၃၃။ လှူး ၈၃
၃၄။ ငွေစင်ရောင်သို ၈၅
၃၅။ လွှတ်လင်ရေး
တေးသံ ၈၇
၃၆။ အတိတ်ဘီလူး ၈၉
၃၇။ မင်္ဂလာနှင်းဆက် ၉၁
၃၈။ မွှေးဩဇာငယောင် ၉၂
၃၉။ စန်းရောင်ခြည် ၉၅
၄၀။ အမေ့လက်ဆောင် ၉၇
၄၁။ ခရီးသည် ၉၀
၄၂။ လက်ဆောင်မြန် ၉၉
၄၃။ တွေးညှိကမှာ ၁၀၀
၄၄။ မိုး ၁၀၁
၄၅။ ဝါတွင်းချိန် ၁၀၂
၄၆။ ပင်လယ်မိုး ၁၀၅




Generated by CamScanner from intsig.com

၄၇။ ဂါထာ ခြောက်ဆယ် ၁၀၆
၄၈။ ဈေးမ ၁၁၂
၄၉။ သိုးထိန်းလမ်း ၁၁၃
၅၀။ မြတ်ရေစင် ၁၁၄
၅၁။ ကဗိဓမော် ၁၁၅
၅၂။ သခြေညို ၁၁၆
၅၃။ အောက္ကစ္ဖို တက္ကသိုလ် ၁၁၇
၅၄။ ဝါကျွတ်ကန်တော့ ပန်း ၁၂၀
၅၅။ ဂုဏ်းဗားကန်ရိုး၌ ၁၂၂
၅၆။ ငါ့တာဝန် ၁၂၃
၅၇။ နောက်ပိုး ၁၂၅
၅၈။ မိခင်နှင့်ရင်သွေး ၁၂၆

## တတိယပိုင်း

## (၁၉၄၆ မှ ၁၉၇၂ ထိ)

၁။ လွှတ်ရက်ဓမျှော် ၁၂၉
၂။ ဇာနည့်ထုံး ၁၃၀
၃။ ဘာခုသံ ၁၃၁
၄။ ဦသယ်ကွင်း ၁၃၂
၅။ အကြိုတော် ၁၃၃
၆။ နှစ်ဦး ၁၃၄
၇။ သန်းခေါင်၏ အရသာ ၁၃၅
၈။ ဘိုးဝေဆုတောင်း ၁၃၆
၉။ ကျွတ်ရှင် ၁၃၇
၁၀။ ပြင်းမငွတ်တို့ ၁၃၈
၁၁။ လေးဆယ်ပြည့် ဆုတောင်း ၁၃၉
၁၂။ သူ့မျှော်ခင်း ၁၄၁
၁၃။ အာကာသဘွဲ့ ၁၄၂
၁၄။ အာဇာနည့် အရေးပြု ၁၄၃
၁၅။ ဒေါင်းမိခင်၏ စကားသုံးခွန်း ၁၄၄
၁၆။ သိတင်းကျွတ် ၁၄၅
၁၇။ ဝေးကမျှော် ၁၄၆
၁၈။ ဒီချောင်းသံဝေ ၁၄၇
၁၉။ ပုဂံမှ သချပါ တံခါးသို့ ၁၄၉
၂၀။ အပြုံးနှင့်အငို ၁၅၁
၂၁။ မေတ္တာသုတ် ၁၅၂
၂၂။ မိဖသာက်လျှာ ၁၅၃
၂၃။ ညှိသည်တော် ၁၅၄
၂၄။ သူ့ဇာတ်တေး ၁၅၇



Generated by CamScanner from intsig.com

၂၅။ အင်းလေးကန် ၁၅၈
၂၆။ ရေမော်စရာ ၁၅၉
၂၇။ နောင်တသံသရာ ၁၆၀
၂၈။ မိုးလင်းချိန် ၁၆၁
၂၉။ ယောက်ျား
ဘသား ၁၆၂
၃၀။ သူနာပြုဘုရား ၁၆၄
၃၁။ မိုးမှောင်လာပြီ ၁၆၆
၃၂။ သူ့မှာတမ်း ၁၆၉
၃၃။ ငိုသံလေးလား
ရယ်သံလား ၁၇၁
၃၄။ ပြည်ထောင်စု
စေတနာ ၁၇၄
၃၅။ မင်းရဲ့ကျော်စွာ ၁၇၆
၃၆။ အဖိုးညိုညို ၁၇၈
၃၇။ ဘိုနှင်းဆီ ၁၈၀
၃၈။ မတ်မဟော် ၁၈၁
၃၉။ သားချစ်ရင်ခေါ် ၁၈၂
၄၀။ မျက်ရည်တပေါက် ၁၈၅
၄၁။ အိမ်မက်ထဲကရွာ ၁၈၇
၄၂။ ရွာလို ရွာလော့
မိုးစက်သား ၁၈၉
၄၃။ တို့မလေး ၁၉၆
၄၄။ ကျေးလက်က
သူတို့ ၁၉၈
၄၅။ သာမနှင့်သာလှ ၂၀၀
၄၆။ မပြုံးနေ့သော
တေးသံ ၂၀၂
၄၇။ မိခင်သို့ ၂၀၃
၄၈။ ကြင်နာမှု ၂၀၄
၄၉။ သဲယောဇဉ် ၂၀၅
ကဗျာမည်အညွှန်း ၂၀၇


Generated by CamScanner from intsig.com

## ထုတ်ဝေသူထံမှ

မင်းသုဝဏ်၏ ကဗျာစာအုပ်တို့ ထွက်ဖူးပြီ။ စစ်မဖြစ်မီက မင်းသုဝဏ် ဘီလပ်သွားခါနီး ထုတ်ဝေသော "မင်းသုဝဏ်" စာအုပ်ငယ်၊ ထိုနောက် "သပြေညို"၊ သည်ဖက်ခေတ် တွင် "ပျဉ်းမငုတ်တို"ဆောင်းပါးစု စာအုပ်၌ ကဗျာအချို့-စသဖြင့် ရှိခဲ့၏။ သို့ရာတွင် မင်းသုဝဏ်၏ ကဗျာသက်တမ်းတလျှောက် ရေးဖွဲ့ခဲ့သော ကဗျာတို့ကို စုံနိုင်သလောက် စုံစုံပါအောင် စုစည်းပေးသော စာအုပ် ဟူ၍ကား မထွက်ပေါ်သေးပေ။ ဤ လိုအပ်ချက်ကို ဖြည့်စွမ်းသောအားဖြင့် ဤ စာအုပ် ကို ထုတ်ဝေပါသည်။

ဤစာအုပ်တွင် မင်းသုဝဏ်၏ ကဗျာတို့ကို သုံးပိုင်း ပိုင်းခြား၍ တင်ဆက်လိုက်ပါသည်။ ပထမပိုင်းသည် စောစော ပိုင်း ကဗျာများ ဖြစ်ကြ၏။ ယေဘုယျအားဖြင့် မင်းသုဝဏ် ခေတ်စမ်းသမား မဖြစ်မီ ရေးစပ်သော ကဗျာများဖြစ်သည်။ ဒုတိယပိုင်းတွင် ခေတ်စမ်းဘဝ၌ ရေးသော ကဗျာများ ပါဝင်၏။ တတိယပိုင်းတွင်ကား ယနေ့ခေတ်ဟု ဆိုနိုင်သော ၁၉၄၆ မှ ၁၉၇၂ အထိ ကာလအတွင်းရေးသော ကဗျာများ ပါဝင်ပေသည်။ ဤနောက်ပိုင်း ကဗျာတို့ကို လက်လှမ်းမှီ သရွေ့ အစုံလင်ဆုံးဖြစ်အောင် စုစည်းပေးဖို့ ကြိုးစားထား ပါသည်။

ဤစာအုပ်သည် မင်းသုဝဏ်ဟူသော ယနေ့ခေတ် မြန်မာ နိုင်ငံ၏ ကြီးမားသော ကဗျာဆရာတဦး ဖြစ်ပေါ် တိုးတက်



Generated by CamScanner from intsig.com

လာပုံကို ဇာတ်ခင်း၍ ပြနိုင်လိမ့်မည်ဟု ထုတ်ဝေသူတို့က မျှော်လင့်ပေသည်။ ဤစာအုပ်ပါ ကဗျာတို့သည် ဤအချက်ကို တတ်နိုင်သလောက် ဖော်ထုတ်ပေးရန် ရည်ရွယ်သည်။မင်းသုဝဏ် ကျော်လွှားခဲ့သော ခေတ်သုံးခေတ်ကို ဤကဗျာတို့သည်တတ်နိုင် သရွေ့ ကိုယ်စားပြုနေကြလိမ့်မည် ဖြစ်ပါသည်။ နောင် ဆက်လက်၍လည်း မင်းသုဝဏ်နှင့်တကွ အခြား ကဗျာစာဆို ကြီးများ၏ လက်ရာ ကဗျာစာအုပ်များကို ထုတ်ဝေသွားရန် ရည်ရွယ်ပါသည်။

စာပေရိပ်မြုံ

Generated by CamScanner from intsig.com

# ကဗျာခေတ် သုံးခေတ်၏ သရုပ်များ

ဝင်းငြိမ်

မင်းသုဝဏ်သည် မှုက်မှောက်ခေတ် ထိပ်တန်း ကဗျာဆရာတဦး ဖြစ်သည်။ ထို့ပြင် ခေတ်စမ်းကဗျာခေတ်ဟု တွင်သော ကဗျာခေတ် တခေတ်တွင် ပါဝင်ဦးဆောင်ခဲ့သူတဦးလည်း ဖြစ်သည်။ ၁၉၂၀ ပြည့်နှစ်မှ ယနေ့အထိ ပေါ်ပေါက်ခဲ့သော မြန်မာကဗျာများနှင့် မင်းသုဝဏ်၏ကဗျာများသည် နှစ်ကြိုးလိမ်လက်ကောက်ကဲ့သို့ ယှက်လိမ်လျက်ရှိသည်ကိုတွေ့ရသည်။ ထို့ကြောင့်မင်းသုဝဏ်၏ ကဗျာများကို သုံးသပ်ဆင်ခြင်ကြည့်လျှင် သူ၏သက်ရာ တိုးတက်ပြောင်းလဲလာပုံကို မြင်နိုင်သကဲ့သို့ အဆိုပါ ကာလပေါ် မြန်မာကဗျာများ၏ တိုးတက်ပြောင်းလဲလာပုံကိုလည်း မြင်နိုင်သည်။

ခေတ်စမ်းကဗျာ၏ အဦးအစဟု ဆိုနိုင်ဖွယ်ရှိသော ဇော်ဂျီ၏ ဗိတောက်ပန်းသည် ၁၉၂၈ ခုနှစ်တွင် ပေါ်သည်။ ၁၉၂၉-ခုနှစ်တွင် မင်းသုဝဏ် ရန်ကုန်တက္ကသိုလ်သို့ရောက်၍ ဇော်ဂျီနှင့် ဆက်၍ ကာ ခေတ်စမ်းကဗျာအရိပ်တွင် ခိုလှုံသည်။ ၁၉၃၁-၃၊ ၃၂ ခုနှစ်တို့သည် မင်းသုဝဏ် ကလောင်ရှင်သော နှစ်များဖြစ်သည်။ ၁၉၃၆ ခုနှစ်တွင် မင်းသုဝဏ်သည် နိုင်ငံခြားတွင် ပညာသင်ကြားရန် မြန်မာပြည်မှ ထွက်ခွာသည်။ သူပြန်လာသောအခါ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်နေပြီ။

ဤတွင် ပြောဆိုရ မှတ်သားရ လွယ်ကူအောင် ကဗျာခေတ် သုံးခေတ်ကို ခွဲခြားသတ်မှတ်လိုသည်။ ၁၉၁၀ ခုမှ ၁၉၃၀ ပြည့်နှစ် အထိ ကာလကို ခေတ်စမ်းကြို ကဗျာခေတ်ဟု ခေါ်ကြပါစို့။ ၁၉၃၀ ပြည့်နှစ်မှ ၁၉၄၀ ပြည့်နှစ်အထိ ကာလကို ခေတ်စမ်း ကဗျာခေတ်ဟု ခေါ်ကြပါစို့။ ဒုတိယကမ္ဘာစစ်ကြီးအတွင်းကာလကို သုညခေတ်ဟု မှတ်ယူကာ ၁၉၄၅ ခုနှစ်မှ ၁၉၇၀ ပြည့်နှစ်အထိ ကာလကို ခေတ်စမ်းနောင်း ကဗျာခေတ်ဟု ခေါ်ကြပါစို့။

Generated by CamScanner from intsig.com

ဤကဗျာစာအုပ်တွင် တိုးတက်ပြောင်းလဲမှုကို အခြေပြုကာ မင်းသုဝဏ်၏ ကဗျာများကို အပိုင်းသုံးပိုင်း ခွဲခြားသတ်မှတ်ထားရာ ထိုအပိုင်းသုံးပိုင်းသည် အထက်ပါ ကဗျာခေတ်သုံးခေတ်နှင့် အသီးအသီး ထပ်မိဟပ်မိလျက် ရှိသည်။ ထိုခေတ်သုံးခေတ်တွင် ပေါ်ပေါက်ခဲ့သော ကဗျာပုံစံများကို ပြလိုလျှင် မင်းသုဝဏ်၏ ကဗျာများကို ထုတ်ဆောင်တင်ပြနိုင်သည်။ ဤစာအုပ် ပထမပိုင်းပါ ကဗျာများသည် ခေတ်စမ်းကြို ကဗျာခေတ်၏ ပုံစံများ ဖြစ်ကြသည်။ ဒုတိယပိုင်းပါ ကဗျာများသည် ခေတ်စမ်းကဗျာခေတ်၏ ပုံစံများ ဖြစ်ကြသည်။ တတိယပိုင်းပါ ကဗျာများသည် ခေတ်စမ်းနှောင်း ကဗျာခေတ်၏ ပုံစံများ ဖြစ်ကြသည်။

ကဗျာခေတ် တခုတခုကို ပိုင်းခြားသတ်မှတ်ရာ၌ မည်သည့်အခြင်းအရာများကို ကြည့်ပြီး ပိုင်းခြားသတ်မှတ်သနည်း။ ခံစားပုံ အခြင်းအရာနှင့် စကားသုံးပုံ အခြင်းအရာတို့ကို ကြည့်ပြီး ပိုင်းခြားသတ်မှတ်သည်။ ခေတ်ပြိုင်ခံစားပုံ၊ ခေတ်ပြိုင်စကားသုံးပုံတို့နှင့် မတူပဲ ခံစားပုံ ဆန်းသစ်ဖြစ်ထွန်းကာ ထုထည် ကြီးမားလာလျှင် ဖြင်စေ၊ စကားသုံးပုံ ဆန်းသစ်တွင်ကျယ်ကာ ပြတ်သားပျံ့နှံ့လာလျှင်ဖြစ်စေ ကဗျာခေတ်တခေတ် ဆန်းသစ်ဖြစ်ပေါ်လာပြီဟု ဆိုနိုင်သည်။

**ခေတ်စမ်းကြိုခေတ်**

ခေတ်စမ်းကြိုကဗျာခေတ်၏ ခံစားပုံမှာ သဘာဝပတ်ဝန်းကျင်၊ လူ့ပတ်ဝန်းကျင်တို့ကို ကြည့်ပြီးလျှင် အတွေ့ကို အတွေ့အတိုင်း၊ အရှိကို အရှိအတိုင်း ခံစားသည် မဟုတ်။ တကယ့်အမြင်၊ တကယ့်အတွေ့၊ တကယ့်အဖြစ်အပျက်တို့မှ ယေဘုယျသဘောကို ထုတ်ယူကာ ခံစားသော ယေဘုယျခံစားပုံ ဖြစ်သည်။ လောကကို ကဗျာဖြင့် မြွက်ဟရာတွင်လည်း ယေဘုယျသဘောက ပေးသော အသိ၊ ယေဘုယျသဘောက ပေးသော အရသာကိုသာလျှင် ကဗျာဆရာက တင်ပြသည်။ ထို့ကြောင့် ကဗျာတွင် ယေဘုယျသဘောကို မိန့်ဆိုသည်။ ထိုယေဘုယျသဘော ပေါ်လွင်ထင်ရှားအောင် ဝတ္ထုပစ္စည်း



Generated by CamScanner from intsig.com

များကို ပုံစံအနေဖြင့် စာရင်းပြုလုပ် ခေါ်ဆိုရေရွတ်သည်။ ထို့ဝတ္ထုပစ္စည်းတို့၏ အရည်အသွေး အမှတ်လက္ခဏာများမှာ စင်ခစ်အားဖြင့် မတူမညီ ကွဲပြားခြားနားသည် ဖြစ်စေဦးတော့ အကြမ်းအားဖြင့် ဆိုလျှင် ယေဘုယျအားဖြင့်တူလျှင် ရသခံစားမှုအတွက်ရင်း၊ ရသဖော်ထုတ်မှုအတွက်ရင်း၊ လုံးလောက်ပြီဟု ခေတ်စမ်းကို ဆရာတို့ ယူဆကြသည်။ မင်းသုဝဏ်၏ ပထမပိုင်းလာ မိုးရာသီဘွဲ့လေးချိုးကိုကြည့်ပါ။

"အမှုအထစ်မပြေ အမျက်ဆန် ဖလကျွေ ပေါ်ပေါ်ဘိ
လမှု ကသစ် သပြေ လက်ပံတွေ နွှာပါတဲ့
အထက်ယံ ဝနေတကြေးမှာတဲ့ မိုးညို့မှောင်"။

ဤတွင် သစ်ပင်တွေ ပေါ်များသည့် ယေဘုယျသဘောကိုသာ မင်းသုဝဏ် ပြလိုသည်။ လမှုပင်၊ ကသစ်ပင်၊ သပြေပင်၊ လက်ပံပင် တို့၏ သီးခြားအမှတ်လက္ခဏာတို့ကို အာရုံမပြုပေ။

"ယုဇနာ ဝကားဝါ စလင်တွေနှင့်
ငွေစပယ် လေသွယ်လျှင် ညွတ်ကာပ
ပန်းညက်ပါ ရွှေကြာထစ်ပါလို့
မြတ်မာလာ ထုံထုံသင်းပါရဲ့" (ချင်းသို့ဒေးဝါသည်)

ဤဘွင်းသည်း ပန်းတမျိုးစီ၏ သီးခြား အမှတ်လက္ခဏာများကို ကြည့်ရှုဖော်ထုတ်နေသည် မဟုတ်၊ ရာသီခပြတ် ပန်းများ ပွင့်နေကြသည့် ယေဘုယျသဘောကိုသာလျှင်ဖော်ထုတ်နေသည်။

ပတ်ဝန်းကျင်တွင် တကာယ်ရှိသော ဝတ္ထုပစ္စည်းတို့ကို ခံစားမည့် အစား စာပေကျမ်းဂန်အရ ရှိသင့်ရှိထိုက်သည့် ထင်ရသော အရာတို့ကိုသာလျှင် တဆင့်ခံ ဖော်ပြသည်။ ပတ်ဝန်းကျင်ကို တိုက်ရိုက် ခံစားသည်ထက် ပတ်ဝန်းကျင်ကို မှန်းဆင် အကြောင်းပြုကာ စာပေကျမ်းဂန်လာ အကြောင်းအရာများကိုသာ ခံစားလိုသည်ဟု မိုသည်။ တောဖွင့်ခြေလမ်း ကိုကြည့်ပါ။

"ပင်သပြေဝယ်
လင်းမြွေ ရစ်ပတ်
ဆီးဖြူစိမ့်မှာတော့
မတ်တက နှစ်ကောင်
ရှို့တောင်ယာ ဟိုတခိုက်
ယုန်ခိုက်ကို ဆောင်ကြရဲ့
ပြင်ဉ်ညောင်ညို့ ရိပ်သာ
မလေ့ညှင်းလို့ သီချင်းငယ်ပြော
ဘာသာအလိုက်
နွားကျောင်းသူငယ်
မျှော်ရေးကြွယ်"။

ဤတွင် တကဲ့တကယ် ဘာတွေ ဖြစ်နေသည်၊ ဖြစ်မနေသည်ကို မကြည့်၊ စာပေကျမ်းဂန်အရ ရှိသင့်ရှိထိုက်သည်ဟု ထင်ရသော အခြင်းအရာတို့ကိုသာ ငဲ့ကွက်၍ ရေးစပ်တင်ပြထားသည်။ တနည်းဆိုရလျှင် တကယ့်အမြင်၊ တကယ့်အတွေ့၊ တကယ့်အဖြစ်အပျက်ကို ခံစားရန် မပေးပဲ တဆင့်ခံ ပေါင်းစီကုံးထားသော စာကိုသာ ခံစားရန် ပေးသည်။ ထို့ကြောင့်လည်း ခေတ်စမ်းကြိုကဗျာခေတ် ခံစားပုံက ပေးသော ကဗျာသည် ပကတိဝန်းကျင်နှင့် မဆိုင်၊ ကိုယ်တွေ့နှင့် မသိသကဲ့သို့ ဖြစ်နေသည်။

ထို့ပြင် ခေတ်စမ်းကြိုကဗျာများသည် စကားသုံးရာ၌ စကားပရိယာယ်ကြွယ်ဝရေး၊ အပြောက်အမွမ်း အဆင်တန်ဆာ ကြွယ်ဝရေးတို့ကို အရေးပေးသည်။ လုပ်လီလုပ်လဲ့၊ ကန့်ကလန့် စကားလုံးများကို ရှေ့တန်းတင်သည်။ ကဗျာ၏ ပြင်ပအသွင်၊ ပြင်ပလက္ခဏာတို့တွင် နှစ်မြှုပ်နေသဖြင့် အနက်ကို အာရုံစိုက်သင့်သလောက် မစိုက်နိုင် ရှိရသည်။



Generated by CamScanner from intsig.com

“ကွေးကွေးကျစ်ကျစ်၊ ရှုံ့ပုရစ်လည်း၊
မြေလှစ် စင်စင်၊ စုံတခွင်ဝယ်
ပြရှင် လွှက်ဦး၊
လှပ်လဲ့လှပ်လီ၊ လေအချီ
ဟိုသည် ညွှတ်ပြုံး၊ ဝင့်မှု”။

(ခါဝေနွှဆန်၊ တော့လွှမ်း၊ မိတယ်)

ခေတ်စမ်းကြို ကဗျာခေတ်သည် ဆိုလိုရင်း အချက် ပေါ်လွင်ထင်ရှားအောင် လျော်ကပ်ပတ်စွာ စကားလုံး သုံးရန်ထက် စကားလုံးတွင် ပါရှိသော အသံသာမှု၊ အသွင်လှမှုတို့ကို ကိုင်းရှိုင်းစာရန် ပိုမို ရည်သန်သည်။ ထို့ကြောင့်လည်း စကားပေါ်ပြွန်မြီးသို့ မရောက်လွယ် မဆိုက်လွယ် ဖြစ်ဘဲသည်။ မိဘက နေ့ကိုမထောက်ပံ့နိုင်ကြောင်း မင်းသုဝဏ် ဖွဲ့ဆိုသည့် ခေတ်စမ်းကြိုကဗျာ ဟန် တံဆိုးတံ့ခါနှင့် ခေတ်စမ်းဟန် ပူတော့၏ တိုက်နှိုင်းယှဉ်လေ့လာကြည့်လျှင် ခေတ် နှစ်ခေတ်၏ စကားသုံးပုံ ကွာခြားချက်ကို ကွက်ကွက် ကွင်းကွင်းမြင်လာနိုင်သည်။ ပူတော့၏ ကဗျာမှာ ထိထိမိမိ ရှိသည်။ “မွေးမေ မွေးဖေ” အစရှိသော နောက်ဆုံးအပိုဒ်နှင့် “မေဒေ[illegible]ယ်သေးပါအံ့လော” ဆိုသော နောက်ဆုံးစာကြောင်းတို့သည် ခေတ်စမ်းကဗျာခေတ်၏ စကားသုံးပုံ ပိုးတက်ပြောင်းလဲလာသည်ကို ထင်ရှားပြသလျက် ရှိသည်။

**ခေတ်စမ်းခေတ်**

တက္ကသိုလ်ရောက်၍ ဇော်ဂျီ၊ မောင်ဝတို့နှင့် တွေ့ဆုံမိသောအခါ မင်းသုဝဏ်သည် ခေတ်စမ်းကြိုခံစားပုံတို့ကို တစတစ ရှုံ့၍ မိမိ၏ နဂိုခံစားပုံဖြင့် အာရုံများကို လက်ခံသုံးသပ် ဖွဲ့ဆိုဖော်ကျူးရန် အခွင့်ကောင်းကို ရရှိလာသည်။ ၁၉၃၁ ခုနှစ်သည် မင်းသုဝဏ်အတွက်ခံစားပုံ ပြောင်းလဲသော နှစ် ဖြစ်သည်။ ထိုနှစ် ဇူလိုင်လတွင် ယိုမ်းလှချေ့ပြန္တာညို ကဗျာကို ရေးသည်။ ခေတ်စမ်းကြို

ခံစားပုံကို အခြေခံသော ကဗျာ ဖြစ်သည်။ ဒီဇင်ဘာလတွင် ရှေ့တော်ပြေး ကဗျာကို ရေးသည်။ ခေတ်စမ်းခံစားပုံကို အခြေခံသော ကဗျာ ဖြစ်သည်။ ပူတော့၏ ကဗျာကို ၁၉၃၂ ခု၊ မတ်လတွင် ရေးသည်။

ပူတော့၏ တွင် မင်းသုဝဏ်သည်အာရုံကိုဖြစ်ပေါ်သည့်အတိုင်း ခံစား၍ ခံစားရသည့်အတိုင်းလည်း ရိုးရိုးတွေးကာ ရိုးရိုးရေးသည်။ ရိုးရိုး တွေး ရိုးရိုး ရေးသောကြောင့်လည်း ပြောင့်စင်းသည်။ တော်တည့်သည်။ မိမိကိုယ်တိုင် မခံစားရသော၊ အသင့်ရှိနေပြီးဖြစ်သော ခံစားမှုများ၊ ကိုယ်တိုင် မတွေးခေါ်သော၊ အသင့်ရှိနှင့်ပြီး ဖြစ်သော အတွေးအခေါ်များကို တဆင့်ခံ ရေးသားဖွဲ့ဆိုခြင်း မပြု။ ခေတ်စမ်းကြိုးသဘောအရ ကဗျာဆံသည့်ဟု သတ်မှတ်ထားသည့် ခံစားမှုများ၊ အတွေးအခေါ်များ မည်မျှပင် အဆင်သင့် ရှိစေဦးတော့ ကိုယ်တိုင် ကိုယ်ကြွယ် မခံစားမတွေးခေါ်ရလျှင် မဖွဲ့ဆိုတော့ပေ။ ကိုယ်တိုင် ကိုယ်ကြွယ် ခံစား တွေးခေါ် မှတ်သိသော အခြင်းအရာတို့ကိုသာလျှင် ဖွဲ့ဆိုတော့သည်။ ဤသည်လျှင် ခေတ်စမ်းကဗျာခေတ် ခံစားပုံ၏ စွမ်းရည်တရပ် ဖြစ်သည်။

ကိုယ်တိုင် ကိုယ်ကြွယ် ခံစား တွေးခေါ် မှတ်သိသော အခြင်းအရာများကိုဖွဲ့ဆိုသည် ဖြစ်သောကြောင့် ခေတ်စမ်းကဗျာတို့တွင်သိမ်ငယ်သေးနုပ်သော အခြင်းအရာများလည်း ပါဝင်လာသည်။ ဤသို့ပြောသဖြင့် ခေတ်စမ်းကြိုကဗျာဆရာတို့သည် အကြီးအကျယ် အခန့်အညားတို့ကိုသာ ဖွဲ့ဆိုလျက် အသိမ်အငယ်အသေးအနုပ်တို့ကို မဖွဲ့ဆိုဟူ၍ မဆိုလို။ ဖွဲ့ဆိုပါသည်။ ငါးဗိုကျော်ဘွဲ့လွမ်းချင်း ကိုကြည့်ပါ။ သို့သော်လည်း အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အကြောင်းအရာ ငွေ့ပြုပစ္စည်းတို့ကို သူ့အဖြစ်နှင့် သူ၊ သူ့ဖြာ်နှင့် သူ၊ သူ့အရည်အခြင်းနှင့် သူ၊ သူ့လက္ခဏာနှင့် သူ၊ ဝိသေသ ပြုဘာ သီးသီး ခြားခြား ဖွဲ့ဆိုသည် မဟုတ်ဗဲ ယေဘုယျသဘောဖက်သို့

ဆွယ်ဖြိုးမှု ဟု ဆိုကြသည်။ ခေတ်စမ်းသမားများကမူ သီးခြားပြင်မှု အလိုက် သီးခြားဖွဲ့ဆိုကြသည်။

ခေတ်စမ်းခံစားပုံသစ်၏ ကျေးဇူးကြောင့် အာရုံခံစားရာ၌ ခေတ်စမ်းကြို တို့မြန်မှုများ၊ ခေါ်လင်ချက်များ ပျက်ပြယ်ကာ ကဗျာ့နယ်ပယ်၊ အနုပညာနယ်ပယ်တို့သည် ကျယ်ဝန်းလာသည်။ ကဗျာနှင့် သဘာဝပတ်ဝန်းကျင်သည်၎င်း၊ ကဗျာနှင့် လူ့လောကသည်၎င်း၊ ပြန်လည်တွေ့ဆုံ ဆက်စပ်လာသည်။ ပြန်လည် သမလာသည်။ အထောက်အသားအနေဖြင့် ယေလင်မောင်ကြီး၊ ဝင့်စင်ရော်သို၊ ဝါတွင်းမျိန်၊ မြောသံ၊ အမိကိုယ်စား၊ ကဗျာတို့ကို ကြည့်ပါ။

ခေတ်စမ်းကြောင့် ကဗျာနှင့် လူ့လောက ပြန်လည်တွေ့ဆုံ ဆက်စပ်လာသည်။ သို့သော်လည်း အလုံးစုံ အကြွင်းမဲ့ တွေ့ဆုံဆက်စပ် လာသည် မဟုတ်သေး။ နိုင်ငံရေးလှုပ်ရှားမှု ပြင်းထန်ပေါက်ကွဲသော ခေတ်ထဲတွင် ခေတ်စမ်းသည် နိုင်ငံရေးကို ကဗျာဖြင့် မခံစားဘဲ၊ သမြေညို၊ ဝါကျွတ်ကန်တော့ပန်းတို့တွင် ဝံသာနုရက္ခိတမှုနှင့် စောင့်တရားကိုသာ ခံစားဖွဲ့ဆိုခဲ့သည်။

ခေတ်စမ်းကဗျာဆရာတို့သည် စကားသုံးရာ၌ တိတိကျကျ တိုတို တုတ်တုတ်နှင့် တိုက်ရိုက်ဖော်ထုတ်မှုကို ရယူနိုင်အောင် ကြိုးစားကြ သည်။ စကားကို ကစားစရာအဖြစ် မသုံးပဲ အတွေးအခေါ် အတွေ့ အကြုံတို့ကို ဖော်ကျူးရန်အတွက် အသုံးပြုကြသည်။ စကားပရိယာယ် ကြွယ်ဝမှုမှ ခွဲခွာပဲကြဉ်ခဲ့သည် ဖြစ်သောကြောင့်သူတို့၏စကားသည် ရွာရာမှ ကျစ်လာသည်၊ ဖောင်းပွရာမှ သိပ်သည်းလာသည်။ တကယ့် လောကနှင့် နီးစပ်ဆက်ဆံသော စကားတို့ကို သုံးသဖြင့်၊ သူတို့၏ စာတို့သည် အပြောလေသံမိသလောက် မိလာကြသည်။ ကဗျာဖွဲ့ရာ တွင် အသံသာမှုကို အရေးပေးရသည်မှာ မှန်ပါသည်။ သို့သော် လည်း အသံသာရုံသက်သက်ကိုသာ အရေးပေးကာ အသံသာ အောင် မည်မျှပွန်းဆောင်နိုင်သနည်း ဟူသော ရည်မှန်းချက်ဖြင့်

သူတို့ စာမဆိုတော့ပြီ။ ထို့ကြောင့် အသံသည် အနက်ကို အလုပ် အကျွေး ပြုလာသည်။ ဤအချက်ကို သဘောပေါက်လိုလျှင် ယေးလင် မောင်ကြီး၊ကို ကြည့်ပါ။

ခေတ်စမ်းကြောင့် မြန်မာစကားအ၏ တန်ဖိုး တိုးတက်လာသည်၊ သို့သော်လည်း၊ သွေးသစ်လောင်းလာသည် ဟူ၍ကား မဆိုနိုင်၊ ခေတ်စမ်းကြိုနှင့်နှိုင်းလျှင် ခေတ်စမ်းသည် စကားသုံးပုံနှင့် ပတ်သက် ၍ ဒိတ်အလိုမလိုက်။ ထိန်းသိမ်းလာသည်၊ ရှောင်ကြဉ်လာသည်၊ နှုတ်စောင့်စည်းလာသည်၊ ထို့ကြောင့်လည်း သိမ်မွေ့နက်နဲသော အကြောင်းအရာတို့ကို ကိုင်တွယ်ရာတွင် ထိမိုင်ရိုင် လာသည်၊ ကမ္ဘာဦးကျက်ကို ကြည့်ပါ၊ သို့သော်လည်း ခေတ်စမ်းသည် ထွေပြား သော အကြောင်းအရာများကို မကိုင်တွယ်သေးပေ၊ ခေတ်စမ်း နှောင်းကမှသာ ကိုင်တွယ်တော့သည်၊

## ခေတ်စမ်းနှောင်းခေတ်

ခေတ်စမ်းသည် မြန်မာကဗျာကို တိုးတက်ပြောင်းလဲမှုအတွက် အကျိုးရှိသည့်ဖက်သို့ ပို့ဆောင်ပေးသည်။ ခေတ်စမ်း၏ ဆောင် ရွက်ချက်တွင် အောင်မြင်မှုရှိသည်၊ နိုင်ခံ့မှုရှိသည်၊ ဤစကားတို့ ဟုတ်မှန်ကြောင်းကို ခေတ်စမ်းနှောင်းက သက်သေခံသည်၊

ခေတ်စမ်းနှောင်းတွင် ခံစားပုံမှာ ပို၍ လေးနက်လာသည်၊ ခေတ် စမ်း၏ ဥဒါန်းသဘောကို လွန်မြောက်လာသည်၊ လူတို့၏ နေ့စဉ် မြင်တွေ့ ကြားနာရသောအာရုံများနှင့် ခံစားတွေးတောစိတ်ကူးမှု များကို အချင်းချင်း ဆက်စပ်ပေးလာသည်၊ နေ့စဉ် တွေ့ထိခံစားရ သော အခြင်းအရာများနှင့် ပတ်သက်၍ ဆင်ခြင်စဉ်းစားသာတတ် အောင် ပြုလုပ်ပေးသည်၊ တကိုယ်တော် တွေ့ထိခံစားမှုများကို အများ ဆိုင်တွေ့ထိခံစားမှုများ ဖြစ်လာအောင် ပို့ဆောင်ပေးလာ သည်။ ခံစားချက်ကိုလည်း ထိန်းကွပ်လာသည်၊ လွန်ကဲသည့်အထိ လွှတ်မပေးတော့ပဲ မငြိမပငြိုပဒါ အလယ်အလတ် ကျကျ မှုမှုဘတ



Generated by CamScanner from intsig.com

ရှိအောင် စီရင်လာသည်။ ကဗျာကိုစွအတွက် လိုအပ်သော ခံစားမှု အတိုင်းအတာရရှိအောင် နိမိတ်ပုံကို ထိရောက်စွာ အသုံးပြုလာသည်။ ပြင်ဦးမငှတ်တို ကိုကြည့်ပါ။

ခေတ်စမ်းနှောင်း ခံစားပုံဖြင့် နိုင်ငံရေးနယ်ကို ငုံသင့်သလောက် ငုံမိလာသည်။ နိုင်ငံရေးပြဿနာများကို အာရုံပြုသင့်သလောက် ပြုလာသည်။ ခေတ်စမ်းနှောင်းတွင် ပါဝင်သော မင်းသုဝဏ်၏ ကဗျာများသည် မင်းသုဝဏ်၏ ပင်ကိုယ်စိတ်နေစိတ်ထားကို ကိုယ်စားပြုခြင်းမှ သွေဖီခြင်း မရှိခဲ့ပေ။ မင်းသုဝဏ်သည် ချင်တာတ်သည်။ ခင်တတ်သည်၊ ကြင်နာတတ်သည်။ အရာရာကို ကရုဏာဖြင့် ကြည့်တတ်သည်။ ထို့ကြောင့် မင်းသုဝဏ်၏ ကဗျာများသည် အကြမ်းဖက်ကဗျာများ မဟုတ်၊ အနုဖက်ကဗျာများ ဖြစ်ကြသည်။ စေ့ဒကတက် ကဗျာများမဟုတ်၊ အတည်ပြု ကဗျာများ ဖြစ်ကြသည်။ ပုစ္ဆာကဗျာများ မဟုတ်၊ အဖြေကဗျာများ ဖြစ်ကြသည်။ ဇာနည်ထုံ။ သာရသံ တို့ကိုကြည့်ပါ။

လူမှုရေးနယ်ပယ်တွင်လည်း အာကသတ္တိ၊ သာရနှင့်သာလု တို့မှာကဲ့သို့ မင်းသုဝဏ် ဝေဖန်တတ်သော်လည်း အများအားဖြင့် ကုတိုရှင်၊ သူ့မျှော်ခင်း၊ သူနာပြုဘုရား၊ တိုမလေး တို့မှာကဲ့သို့ ကရုဏာဖက်က ကြည့်သည်။

စကားသုံးပုံတွင် ခေတ်စမ်းနှောင်းသည် ခေတ်စမ်းထက် စွမ်းဆောင်နိုင်လာသည်။ မြန်မာဘာသာစကား၏ စွမ်းရည်ကို ပိုမိုနားလည်သဘောပေါက်ပြီး ထိုစွမ်းရည်ကို ပို၍ ပိုင်ပိုင်နိုင်နိုင် ခံစားမှုများ စိတ်ကူးများကို ဖွဲ့ဆိုလာသည်။ ဘာသာစကားကို လက်နက်ကိရိယာအဖြစ် အသုံးပြု၍ ယခင်ကမစူးစမ်းခဲ့ဘူးသော လူ၏အတွင်းနယ်ပယ်သစ်များကို စူးစမ်းရှာဖွေ လေ့လာသုံးသပ်လာသည်။

လူ၏ အတွင်းနယ်ပယ်သစ်များကို စူးစမ်းရှာဖွေ လေ့လာသုံးသပ်ရာ၌ မင်းသုဝဏ်သည် မြန်မာကဗျာတွင် သိသိသာသာ မသုံးခဲ့ဘူးသေးသော ဘဲလက် (ballad) ပုံစံကို အသုံးပြုရန်

စတင်အားထုတ်သည်။ ဘဲလက်ပုံစံသည် ခံစားမှုနှင့် ဘာသာစကားတို့ အချင်းချင်း ထိထိရောက်ရောက် ဆက်နွယ်တုံ့ပြန်ပြီး နှစ်ဝက်ဖွံ့ဖြိုးမှုအများဆုံးဖြစ်အောင် ပြုလုပ်ပေးသော ကဗျာပုံစံတရပ် ဖြစ်သည်။ မင်းသုဝဏ်သည် အင်္ဂလိပ် ဘဲလက်ကဗျာတပုဒ်ကို ဘာသာပြန်ကြည့်သည်။ ချစ်သားရင်ဝေ ဖြစ်သည်။ ထို့ပြင် ဘဲလက်ပုံစံဖြင့် ကိုယ်ပိုင်ကဗျာများ တိုးရေးသည်။ ယင်းတို့မှာ မိုးမောင်းလာပြီ၊ သူ့မှာတစ်၊၊ ငိုသံဝလလာ၊ ရယ်သံလာ၊၊ မင်းရဲဓကျော်စွာ တို့ဖြစ်ကြသည်။

မြန်မာတို့၏ ခံစားပုံကို ဖွံ့ဖြိုးစေခြင်း၊ စကားသုံးပုံကို ပြုပြင်ပေးခြင်းတို့ဖြင့် မြန်မာကဗျာ တိုးတက်ရာ တိုးတက်ကြောင်း ပြောင်းလဲရာ ပြောင်းလဲကြောင်းကို ညွှန်းကျေးဇူးပြုသော ခေတ်စမ်းနှင့် မင်းသုဝဏ် တို့၏ ဆောင်ရွက်ချက်သည် နည်းလှသည်မဟုတ်ကြောင်း ဝန်ခံရပေမည်။ မပြီးပြည့်စုံသေးသည်တို့ကို နောင်လာသူတို့က ဖြည့်စွက်သင့်သည်။ ခေတ်စမ်းနှင့် မင်းသုဝဏ်တို့ ပို့ပေးသော အဆင့်မှ တိုး၍ နောက်ထပ်တဆင့်နှစ်ဆင့် အစရှိသည်ဖြင့် မြင့်မားလာအောင် လုပ်ဆောင်သင့်သည်။ ခေတ်စမ်းနှင့် မင်းသုဝဏ်တို့၏ ဆောင်ရွက်ချက် အောင်မြင်မှုတို့ကို နားလည်သဘောပေါက်လျှင် နားလည်သဘောပေါက်သည်နှင့်အမျှ ရှေ့တွင်ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းမှာ လွယ်ကူလာနိုင်စရာ အကြောင်းရှိသည်။

Generated by CamScanner from intsig.com

# အမှာစကား

ဤ ကဗျာများကို ကဗျာမိတ်ဆွေအချို့က ရွေးပေးပါသည်။ အပိုင်းသုံးပိုင်း ပိုင်းပေးပါသည်။ သက္ကရာဇ် အစီအစဉ် လုပ်ပေးပါဆို၍ တတ်နိုင်သမျှ ရှာဖွေမွှေနှောက်ပြီးလျှင် လုပ်ပေးပါသည်။

နှစ်ပေါင်း လေးဆယ်ကျော် ငါးဆယ်အတွင်း ဒဂုန်မဂ္ဂဇင်း အစ ငွေတာရီမဂ္ဂဇင်း အဆုံး စာနယ်ဇင်းအမျိုးမျိုးတွင် ထည့်သွင်းဖော်ပြခဲ့သော ဤကဗျာများကို ပြန်လည်ဖတ်ရှုမိသောအခါ အတွေး ဤသို့ ဝင်လာပါသည်။

အချို့ကဗျာတို့သည် လက်ဖျား၌ဖြစ်သော လက်ဖျားစာများ ဖြစ်ကြသည်။ အချို့တို့သည် နှုတ်ဖျား၌ဖြစ်သော နှုတ်ဖျားစာများ ဖြစ်ကြသည်။ အချို့တို့သည် နှလုံးသား၌ဖြစ်သော နှလုံးသားစာများ ဖြစ်ကြသည်။ တနည်းအားဖြင့်ဆိုလျှင် လက်သင်ကဗျာများ၊ ရာသီခါကဗျာများ၊ သွေးတောင်း ကဗျာများ ဖြစ်ကြသည်။

ဤသို့ အတွေးဝင်လာသည်။ အတွေးဝင်လာသဖြင့် ထိုအတွေးကို ချဲ့ထွင်ရေးသားလိုစိတ် ပေါ်လာသည်။ သို့သော်လည်း ကိုယ့်စာအကြောင်း ကိုယ်ရေး၍ ဓမ္မဓိဋ္ဌာန်ကျနိုင်ပါ

F 1

Generated by CamScanner from intsig.com

မည်လား။ လတ်လတ်လောလော စောစောစီးစီး ရေး၍ အမှန်တရားနှင့် နီးစပ်နိုင်ပါမည်လား။ ဤသို့ သံသယ ဝင်လာပြန်သည်။ ထို့ကြောင့် ကိုယ်တိုင် ချဲ့ထွင်ရေးသားမှု မပြုတော့ပဲ သူများပြောဖို့ ချန်ခဲ့ပါသည်။

ဤစာများကို အပြစ်မြင်သူတို့လည်း မြင်ပါလိမ့်မည်၊ ဤအပြစ်မျိုးကို ရှောင်နိုင်အောင် အားထုတ်ကြပါဟု တိုက်တွန်းလိုပါသည်။ အကျိုးမြင်သူတို့လည်း မြင်ပါလိမ့်မည်၊ ဤအကျိုးမျိုးထက် သာသော အကျိုးမျိုး ဖြစ်ထွန်းအောင် အားထုတ်ကြပါဟု တိုက်တွန်းလိုပါသည်။ အခြားမဲ့ဥကား- စဉ်းတထောက်၊ လမ်းလျှောက်စဉ်မို့၊ အပန်းပျောက်ထိုင် -ပါအုံ့သတည်း။

ဤစာများကို ရေးဖြစ်အောင်၊ ပုံနှိပ်ဖြစ်အောင် အကျိုးဆောင်သူ အားလုံးကို ကျေးဇူးတင်ပါ၏။

ထွန်းလင်းရိပ်သာ
ကမာရွတ်။

မင်းသုဝဏ်
၁၅၊၁၂၊၇၂။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

# အင်းယားကန်သို့ အိုကူတို့

မိုးပေါက် ကျ၍
ထသည် ဂယက်၊ ဝိုင်းစက်စက်သည်
ဝကွက် ခင်းနှိုး နှယ်တကား။

ခဏချင်းတွင်၊ မိုးသက်ဆင်က
ရေပြင်လှိုင်းကြွ၊ ခုန်ပေါက်ကြလျက်
ကြက်ဖချင်း ထိုး၊ ခေါင်းဖြူ မိုး၍
ရေရိုး ရှုပ်ပွေ၊ မိုးသီး ကြွေသည်
စွေစွေစောင်းစောင်း ရွာသွန်းလောင်း။

ဘယ်ယိမ်း ညာယိမ်း၊ တောခပ်သိမ်းလည်း
နတ်စိမ်း ဝင်သို့၊ ကမ်းယံမို့တွင်
မှိုင်းညို့ မိုးသား နောက်ခံကား။

မိုးဖျင်ဇာပါး၊ ဝတ်ရုံလွှားလျက်
မော်ကြွားသည့်ဟန်၊ ဤသည့်ကန်တွင်
မြင့်ပြန်ဝိုးဝါး၊ ကျွန်းညိုကြား၌
လူးလားချင့်လို၊ ငါတောင်းဆိုသည်
လှေကိုပြင်ပ ကုတ္တိမူး။ ။

(၁၆၊ ၇၊ ၄၀)

Generated by CamScanner from intsig.com



Generated by CamScanner from intsig.com

# ပထမပိုင်း

## ၁၉၂၆ မှ ၁၉၃၁ ထိ

Generated by CamScanner from intsig.com

## မိုးရာသီဘွဲ့ လေးချိုး

ကန်စွန်း ကညို့ မှိုနားတို ပဲဒလက်တွေ ပျိုးပါတဲ့၊
ကွမ်းမြို့ ဟိုတခို တဲပျက်နှင့် ရိုးဆီက၊
ကဲလျက် ဆိုးတော့ မှာထင့် ဒေဝါမောင်၊
(အိုကွယ်)မဲနက်တဲ့ မိုးဟာက သွေကာရှောင်။ ။
(သြော်) လျှိုနဘေးမှာတော့၊
ချိုသွေးကာ တစောင်စောင်နှင့်၊
ကျွဲနှစ်ကောင် လဲအောင် ခတ်တာကြောင့်၊
သနားဖွယ် ခါးလယ်စပ်မှာ၊
ကျွဲပြတ်စုတ်ရောင်။ ။

အဖု အထစ် မပြေ အမျက်ဆန့် ဗလပွေ ပေါပါဘိ၊
လမု ကသစ် သခွပြေ လက်ပံတွေ နှောပါတဲ့၊
အထက်ယံဝနေ တကြောမှာတော့ မိုးညိုမှောင်၊
ချိုးပျိုနှစ်ကောင်က ကူကာခွဲ။ ။
ကုန်းအထက်မြိုင်၊
ပုန်းညက်ကယ် မာလာကြိုင်လို့၊
တလှိုင်လှိုင် တို့ရွာဦးမှာ၊
(ကိုအာကာရယ်) ဖူးငုံပွင့်ဆဲ။ ။

(၁၁၊ ၅၊ ၆၈)

။

## ကိုဝင်းဘွဲ့ ဘေားထပ်

ပျော်ပျော်နေ သေခဲ့လို့၊
အခြေစွဲ မှတ်ကာ၊
ပြည်အထဲ ရပ်ရွာမှာ၊
မလယ်သာ ကမြင်း။ ။
မျောက်ရှုံးလို့ လူရှုံအောင်၊
သူအလွန် ဆော့တတ်လေခြင်း။ ။
အရပ်က ခပ်ရှည်ရှည်ငယ်၊
အမည်မှာ ကိုဝင်း၊
တွေ့ကရာ သူငယ်ချင်းတွေနှင့်၊
သူမပျင်း နေတယ်။ ။
ခါတလေ မြောက်လေ မြူးပြန်တော့၊
အရှုံးလို့ ထင်ရသကွယ်။ ။
ထိုကဲ့သို့ မသတီ ဖွယ်ကို၊
ပြည်နယ်မှာ ကြုံခဲ့လို့၊
လုံ့ပုလဲ ခင်ကညာ၊
ပြေးမြင် လှည့်ကွာ။ ။
ဝမ်း ပထမ ဆန်းလှပါတယ်၊
တန်း အဋ္ဌာ ကလပ်ကွဲလေး။ ။

(၃၀၊ ၁၀၊ ၂၆။)





Generated by CamScanner from intsig.com

## ငါးပိကျော်ဘွဲ့ လွမ်းချင်း

မယ်ကိုယ်တိုင် လုပ်ခဲ့၊
မီးပုပ်တဲ့ ဆားနယ်၊
ကောင်လုံး ထယ်ကို၊
အိုး လယ်တို ရွှေစဥ်လူးရယ်နှင့်၊
နှစ်ကူးကာ လတွေများအောင်လို့၊
တို့အိမ်အို စားဖို့နှံ့ား မှားတော့၊
ထားခဲ့တယ်လေး။ ။

မြို့ဒဂုန်၊
ခရီးသွား လူကြုံလို့၊
အပိုဘာပုံ ငရုတ်ထောင်းရယ်နှင့်၊
ပလောချောက် အမွှန်လောင်းပါတဲ့၊
ငါးပိကောင်း ငါးခူကောင်ကို၊
ဘေးအတောင် ရိုးထွင်နုတ်ကာပ၊
တကုပ်ကုပ် စားဖိုလယ်တွင်၊
စိစဉ်ကာ ကိုယ်တိုင်ကျော်၍



Generated by CamScanner from intsig.com

မိန်ဂျွန်းပျော် သားမောင် စားစေဖို့၊
မယ်တပါး မင့်း မာတာ၊
စေတာနာ အနန္တရယ်နှင့်၊
တောဌာန အရပ်ဝေးဆီက၊
(လှူလေးရေ) ပေးလိုက်တယ်လေး။ ။

(၅၊ ၄၊ ၂၇။)၊



Generated by CamScanner from intsig.com

# မြန်မာမျိုးဘွဲ့ ဧလေးချိုး

ကြာလျှမ်းထိန် တိမ်နဘာန် အင်ဒွာစွန်းဆီက၊ လစန်းအိမ်ထိန်လျှံဖြာလို့ ထွန်းချိန်မို့၊ ညချမ်းချိန် အိမ်ဝရန်တာကွန်းမှာဖြင့်၊ တလိမ်လိမ် မခံသာအောင် လွမ်းပါဘိယယ်ချစ်ကို။ ။

ယှမ်းအတိတ်ဆီက၊ လျှံဖိတ်စွာ စန်းယုန် သာတော့၊ ပန်းခုံမှာ နှစ်ဖြာယှဉ်ချီ၊ ကညာခင် မှတ်စေဖို့ သဘောတွေနှင့်၊ မ ာာဝင် ဇာတ်တွေပြောကာပ၊ ရာဇဝင်ထပ်ထွေလို့ နွှေးစဉ်ကာ၊ မနော၌ အစဉ်ချိုပါတယ် နှော်ဗျာ၊ ချောတဲ့ခင်ပျို။ ။

ခုမျှားမှာ ဒဂုန်ရောက်ပြီမို့၊ ရှုစားကာ ပုံမထောက်ပြီဘု၊ နှုတ်တွား ကညာရယ် တကုဏ်မြောက်ကာပ၊ လူ့ငနွား အချာနေ့န် တယောက်ကိုတော့၊ ဝသုန်တလျှောက်မှာဖြင့် မတွေ့ဘူးသလို၊ မေ့တဦးပျိုက ကြွားမာန်ပျိုး။ ။

ပျိုလေးခင်၊ မြို့သွေး တခါဝင်လို့၊ ဘာမကြင် တောမှုကိုမမုန်းလိုက်ပါနှင့်၊ စန်းသာသာ ကွမ်းရွာတန်းဆီက၊ ယောထမိ ပင်နီသုံးပါလို့၊ အရပ်က အသင်းထိုထိုမှာ၊ ပရမတ္ထသဂြိုဟ်နှင့် ပြိုးခဲ့တာကြောင့်၊ မိမိ အန္တီ ဟန်ချီတဲ့ အလုံးတွေနှင့်၊ ဖုန်း နှမ တသာကိုရယ် ထင်ရာ မဆိုးထိုက်ပါဘူး၊ အဆုံးကျတော့ ကျုပ်တို့မှာ မြန်မာပြည်က မြန်မာအမျိုး။ ။

(၇၊ ၄၊ ၂၇၈)

၅

# ကြိတ်ပိုးဘွဲ့ လေးဆစ်

တိတ်တိတ်ခိုး၊
ကြိတ်ပိုးပါလို့ အချိန်ကုန်။ ။

ဟိုင်းဇာတာ ပါလာရော့ထင့်၊
ရေးခွင့်မကြုံ။ ။

စာလွှာများမှာတော့၊
မပါးဖြစ်လို့ အပုံအပုံ၊
ကြုံပါရ သည်ကံမျိုး။ ။

ခုတိုင်အောင်၊
ရည်းစားဆို ချိုထောင်ထောင်နှင့်၊
ဟိုအကောင် ဘဲဥလားရယ်လို့၊
မှားထင်ရဲ့ဗျိုး။ ။

(၂၆၊ ၉၊ ၂၇။).





Generated by CamScanner from intsig.com

## ဆရာမှတ်ကျောင်းဘွဲ့ ရတုသုံးပိုဒ်

ကျောင်းကြီးယောဟန်၊ မြန်ဖိုင်ငံ၌၊
ပြိုင်စံဖက်ကင်း၊ နာမည်လင်း၏။
မင်းမင်းအပေါင်း၊ ရာထောင်သောင်းနှင့်၊
ကုန်ရောင်းကုန်သွယ်၊ ကုန်သည်ကြွယ်တို့၊
ဘယ်နယ်မလပ်၊ အရပ်ရပ်မှ၊
တတ်အပ်ပညာ၊ အဖြာဖြာကို၊
ရရာရကြောင်း၊ ကျွန်တို့ကျောင်း၌၊
စုဆောင်းဆည်းပူး၊ ဥာဏ်ရောင်မြူးလျက်၊
အထူးတလည်၊ မြန်တိုင်းပြည်တွင်၊
နာမည် ကျော်ကြား၊ စည်ထွန်းကားသည်။ ၉း
အများပြည်သူ ထွားတော့၏။

ဆရာကြီး အလန်၊ အုပ်စိုး စံ၍၊
ထပ်မံ ဖြည့်လောင်း၊ ကောင်းစေကြောင်းဖြင့်၊
အဟောင်းကိုဖျက်၊ အသစ်စွက်လျက်၊
အပျက်ကိုပြင်၊ လွန်စည်ပင်၏။
ထိုတွင်မှနောက်၊ ဘူမိအောက်မှ၊
စိန်ကျောက်အသွင်၊ လွန်ကြည်လင်သည်၊



Generated by CamScanner from intsig.com

ရေစင်ရေကောင်း၊ ရေလမ်းကြောင်းကို၊
လှန်ခေါင်းထက်စွာ၊ ထွင်းဖောက်ကာဖြင့်၊
ဇလာရေပန်း၊ ပြာပြာသွန်းသား၊
စက်ယန္တရား၊ တခုပွားသည်။ ။
အလား ရည်တူ ရှားတော့၏။

မှန်ကြီး ရွှေမှန်၊ အောတိ အမ်လည်း၊
ပည့် သိပ္ပ၊ အဝဝကို၊
သိဿအများ၊ ကျောင်းတော်သားအား၊
ကရား ရေလွှတ်၊ တတွတ်တွတ်သို့၊
မချွတ် မလွဲ၊ စဉ်အမြဲလောက်၊
အားခဲညွှန်ပြ၊ သင်ကြားလှ၏။
ထိုမှတပန်၊ ခေတ်လေးတန်တို့၊
မမှန်ချွတ်ယွင်း၊ တိမ်းပါးခြင်းကြောင့်၊
ကိုယ်တွင်းကိုယ်ပ၊ ရောဂါရက၊
မိဘမခြား၊ စောင့်ရှောက် အားသည်။ ။
သနားကြည်ဖြူ မျှားတော့၏။

(၁၉၂၇။)





Generated by CamScanner from intsig.com

၇

# ချစ်လို့ခေါ်သည်

လာသၡ် ပျော်သနော် ညှိုလျှံဖြာဝင်းလေသည့်၊
ရွာအရှေ့ တခေါ်နှစ်ခေါ် တော့ဖြုံယာကွင်းဆီသို့၊
ပျှိုကညံ့ သဟာယမင်းကိုတဲ့ လိုက်ခဲ့ခေါ်။ ။
(ဗြဲ) ရှင်စရာတွေ မပြောရမှာဖြင့်၊
အကြင် ယာတကြောမှာတော့၊
ငှက်ပျော မြိုင်ဆိုင်ဆိုင်နှင့်၊
ယိုင်တိုင်တိုင် နွားရုံအရှေ့ဆီက၊
ဝါးခြုံမှာ ပျားအုံလဲတွေပေလိမ့်၊
တပါးလုံ လှသားခုန်လို့ ရွှေ့ကာပ၊
တကွေ့ကလေးနော် တောင်ဆီယွန်းပြန်တော့၊
ကန်စွန်းညို မှိုနားတို ကနဖော့တွေနှင့်၊
နေညိုညို လေချိုဆော့ချိန်မှု၊
ပျောင်းပျော့ပျော့ ဘယ်ညာယိမ်း လေသည့်၊
မြက်စိမ်းရှည် ဖြာဖြာလွှမ်းပါတဲ့၊
စမ်းပေါက်နှင့် အိုင်အကျော်မှာ ခင်ရယ်၊
စခန်းတထောက် လမ်းလျှောက်စဉ်မို့
အပန်း ပျောက် ထိုင်နော်။ ။

စခန်းထကာ ဆံရစ်ခင် လျှောက်ပြန်တော့၊
လှမ်းစရတဖြာ ကသစ်ပင် ခြောက်ဆိက၊
ချိုးလည်ပြောက် ကိုမခေါ်၊
လျှိုအစပေါ်က အတူမြူး၊
ပျိုနှမပျော်စေဖို့တကူကူး။ ။

ဖြာစိစိ၊
အခါမို့ ရာသီမပြတ်အောင်ပ၊
ယုဇနာ စံကားဝါ စလပ်တွေနှင့်၊
ငွေစပယ် လေသွယ်လျှင် ညွှတ်ကာပ၊
ပုန်းညက်ပါ ရွှေကြာထပ်ပါလို့၊
မြတ်မာလာ ထုံထုံသင်းပါရဲ့၊
နေရိရိ လေပြည်ညင်းပြန်တော့၊
အပျင်းပြေ ကွင်းခြေ ထွက်ကာပ၊
အလှမ်း မနှောင့်ယှက်ပဲ လမ်းလျှောက်လျက်
နှစ်ဖြာပျော်ပျော် မြူးရန်ဖို့၊
အစမ်းတခေါက်လောက် ထွက်ခဲ့ပါကွဲ့
ကညာမော်တဦး။ ။

(၁၀၊ ၅၊ ၂၀၊)



မင်းသုဝဏ်

Generated by CamScanner from intsig.com

# တောမြိုင်ခြေလမ်း

သာယာငယ် ဆန်းတော့၊
တောင်တန်းက ညိုညို၊
စိမ့်စမ်းက စိုသည်၊
သုတ်လေချို သွင်သွင်ဖြူးပါတဲ့၊
ကြည်နူးဖွယ် သည်မြိုင်ယံမှာ၊
ကျေးငှက်သံ ကျုံကျုံကျွေးတော့တယ်လေး။

ပင်သပြေဝယ်၊
လင်းမြွေ ရစ်ပတ်၊
ဆီးခြုံစပ်မှာတော့၊
ပတတ်က နှစ်ကောင်၊
ရှို့တောင်ယာ ဟိုတဝိုက်
ယုန်ပိုက်ကို ထောင်ကြရဲ့၊
ပြည့်ညောင်ညို့ ရိပ်သာ၊
ပလွေညင်းလို့
သီချင်းငယ် ငြာ၊



Generated by CamScanner from intsig.com

ဘာသာအလိုက်၊
နွားကျောင်းသူငယ်
ပျော်ရေးကြွယ်
တုတ်ငယ်ရိုက်လို့၊
ကြုံကြိုက်ရ သည်အခါမှာ၊
တူမပါ သက်လျာဖြန်းကို၊
အိုခင်ရှဲ၊ လွမ်းလှတယ်လေး။ ။

(၁၂၊ ၄၊ ၂၉၈)

Generated by CamScanner from intsig.com

# ၉

# နောင်တို့အိမ်

(အိုင်ခြင်း)

ချစ်တဲ့သူငယ်လေ၊
သူငယ်ချင်းရယ်စဓ်၊
ညီချစ်တို့လေ။

အစ်ကိုကြီး နောင်တို့အိမ်ကို၊
သိလိုချင်မှု
ဟော(Hall)သဘင်နှင့် ဆင်ဝင်နှင့်။
အိမ်ရှေ့ကမူ စားပိုခန်းနှင့် ဆိုင်တန်းနှင့်။
အိမ့်မြောက်ကမူ ယင်းယတိုင်းနှင့် စစ်ကိုင်းနှင့်။

အိမ့်တောင်ကမူ
သထုံခန်းနှင့် တလမ်းနှင့်။

အိမ့်နောက်ကမူ
ကဲ့ကော်ပင်နှင့် ပိတောက်နှင့်။

ကဲ့ကော်ပန်းနှင့် ပိတောက်လိုလျှင်၊
လေချိုငယ်မှ ဖြူးဖြူး၊
လတာကူးမှာ ခူးပါလှည့်ချင်။

ကဲ့ကော်ပန်းနှင့် ပိတောက်မလို၊
အစ်ကိုကြီး နောင့်ကို လိုလျှင်၊

မြင့်မိုငယ်မှ ပွဲထူး၊
ပျော်စဉ်မူး၊
ခူးပါလှည့်ချင်။
အလို အစ်ကိုငယ်၊
မယ်နှင့် ဆုံသည်၊
ဒဂုန်ရိပ်က၊
ကောလိပ်ပျော်လေး။

(၃၊ ၈၊ ၂၉၊)



Generated by CamScanner from intsig.com

## တာသာမြန်

တည်တာကြည် လက်ပိုက်လို့၊
စောင့်ကြိုက်ပေါ့ ခုအခါ။ ။

ဒီလေ ရေ ဘာတခု၊ မှုမစိုက်ပါ။ ။

အချိန်နှင့် ကမ္ဘာ၊
ဂူတိုက်လို့ ဖိဆန်ကာ၊
မကြာပါ ပိုရေး။ ။

စောင့်ကာ ကြည့်ကြတော့၊
ပိုင်သည့်ဟာ ဆိုင်ရာရပ်ကို၊
ကပ်ပါလိမ့်လေး။ ။

(၂၉၂၉။)



Generated by CamScanner from intsig.com

# ၁၂၉၂ ခုနှစ် အတွက်

## မေတ္တာပို့

နှစ်ကူး သစ်မြူး၊ ခေတ်ဦး ကောဇာ
ဆန်းစ ချမ်းမြ၊ စန်းလ သော်တာ
မြိုင်အောက် ကြိုင်လှောက်၊ ပိတောက် ပမာ
ကျန်းရွှင်ကြော း၊ သွန်းလော း ရေသိဒ္ဓါ။

(၃၁၊ ၃၊ ၃၀။)



မင်းသုဝဏ်

Generated by CamScanner from intsig.com

## ၁၂

## ဂေါ်သဇင်

ဒူါဒသာ အတာဝန်းမှာတော့
ဖြာရစ် မာလာပန်းငယ်တို့
    သာယာဆန်း လန်းကြတယ်။

လတန်ခူး ဆိုက
မြဖူးတွေ စီရရီနှင့်
ပွင့်သိဂ်ိ ပိတောက်ပန်းပေမင့်
ဒေါင်းလန်းဝယ် ငွေတာမတ်ဟာမို့
ကောင်းကန်းတယ် ဖေမမှတ်ပါဘု
    ဖိုးပြတ်လွန်လွယ်။

နှင်းငွေရည် မှန်တမှုန့်ရယ်နှင့်
ညင်းလေပြည် သုန်တသုန့်တွင်မှ
စုံရဂုံ့ မြိုင်အလယ်
    ခိုင်သွယ်နွဲ့ ညွန့်ဖူး။

မိုးမကူ
ပင်မြင့်မှာ တဂုဏ်ထူလို့
သဇင်ဖြူ နှင်းရည်သောက်ဟာမို့
တော်အဝင် ဘုရင်တို့ကောက်ပေလိမ့်
တယောက်မောင် ယောင်လို့မှ မလှမ်းသာဘု



Generated by CamScanner from intsig.com

မျှော်မှန်းကာ မြင်ရုံနှင့်ဆွေးရပါတော့
တော်တန်းစုံ ဇင်ငုံထွေးရယ်
ရေဖို့ ဆွတ်ကာ ခူးချင်ရဲ့
ပေးမလို့ ညွှတ်စွာနူး။

(၂၀၊ ၉၊ ၃၀၈)

Generated by CamScanner from intsig.com

# ခါငွေဆန်းတော့ လွမ်းမိတယ်

ဆန်းစခါငွေ၊
သာတပေါင်းမို့ ညာညောင်းကြွေ၊
ပြေပြေရောရှ၊
မြအသွေး ရွှေရေးလုလို့၊
ရတုအညီ၊
မြေသို့သက်တဲ့ ရော်ရွက်ရီကို၊
ပလီပလာ တီတာတာ သည်ခါမလေ့၊

ငွေအကူး လေရူး ဝှေ့တော့၊
ကွေ့ကွေ့ဝန်းဝိုက်၊
ရွှေကြောင်ဖါး မြီးဖျားလိုက်သို၊
မြိုင်တိုက်စုံယံ၊
ရွက်ဟောင်း ပျံသော်၊
ရွှေခြံဂါမ ကျွန်ဌာနကို
မှန်းဆလို့ တွေး၊
မိဖနှစ်ပါး ဆွေအများကို
လွမ်းအားနှင့် ဆွေး မိပေါ့။

မအေးနိုင် မရွှင်နိုင်၊
သည်ရာသီ လတပေါင်း
ကြက်ဆောင်းသို့ တိုင်သောခါ

တလိုင်လိုင်ပေါ်
မြိုင်တကြော
တောစပယ်ဖူး၊
ဝတ်မှုန်ကျင်းတဲ့ သင်းကြူကြူကို၊
လေချူလို့ လှင့်၊
ပန်းထုံတဲ့ လေချိမှာ
ရွှေချိုးပျို ကူသံဆင့်ပေလိမ့်။

ဖြိုးမြင့်ထုံခြေ
ဆာဝေဝေ
ရွှေကသစ်ပန်း၊
ကောဝိလာယ်
တချာတချာ ရင့် လန်းကာပ၊
ပင်နုန်းထက်ယံ
ဆက်ခက်သံ
ကြွက်ညှံ့ ကြေဘ်ကျွေး၊
မဖို့ပျော်ပျော်
တူနှစ်ပေါ်
ထူးခေါ်ကာ မေးကြသနှင့်။

ကွေးကွေးကျစ်ကျစ်
ဖူးပုရစ်လည်း
ပြေလှစ် စင်စင်၊



Generated by CamScanner from intsig.com

စုံတခွင်ဝယ်၊
မြရှင်ရှက်ဦး၊
လုပ်လဲ့လုပ်လီ လေအချို
ဟိုသည် ညွှတ် မြူးစဉ်မှာ၊
ကြည်နူးစဖွယ် တောအဆွယ်
သူငယ် နွားကျောင်း၊
ညောင်ညိုမှိုင်းချိပ် ပင်ပျိုရိပ်မှာ
အသာ အိပ်လျောင်းကာပ၊
ခြောင်းခြောင်းပုလွေ သူရကန် တဆံမမှု၊
ဝါးပလွေတို ရောင်စိုစိုကို
လေချိုနှင့် ညှိရာက၊
ရွာသူ့ဖလေ့ လျှိုအကွေ့ ပျိုမေ့သူငါ၊
ထင်းခွေ မျောက်တူး ကြိမ်ညွှန့်ဖူး
သူအခူးလာရာတွင်၊
သာသာအေးအေး မသံပေး
ဆိုတေးသံ ငြာတော့ကို၊
ချာကန်ပင်၊ မောင်ဂေါ ပါလာ
ငေါက်ငေါက်ထ၊ လျှိုဝသို့ဝင်လို့၊
ရှင်မိဒွေးညို တုတ်စိုစိုရယ်၊
ဟိုတနေ့ည ဖခေါင်းချမှာ
ရှင်မတို့ တဲ၊
နွားရုံတခို ဘူးစင်ပြိုမှာ
ချွေစွန်ညို ဝဲပါလျက်ကနဲ့၊



Generated by CamScanner from intsig.com

မထွက် မပေါ်၊
မဒွေးငယ် အချွဲတိုက်လို့
မိုက်လိုက်ပုံ တော်ရော့လ။
ကျော်ကျော်ကြားကြား
မဒွေးသား ခါးခါးအန်အန်
ပင်လယ်ယံမှာ ရေငန်နှင့်ဆေး၊
ငယ်ကချစ်တဲ့ ဆံရစ်မေကို
ဟောသည်ဖေ လွှေးမှာပေါ့ ဟု၊
အေးအေး ဖြူးဖြူး၊
တောစရိုက်နှင့် အလိုက်သင့် နှူးသည်ကို။
စိတ်ကူးတွင်သာ မြင်ရပါ
ဘယ်ခါကာလ၊
ကျွန်ချက်မြုပ်တဲ့ တောအုပ်ညိုမှာ၊
ကိုယ်တိုင် မြင်ရပါ့မတုံး။

ပျော့လျှန္မမ်းန္မမ်း
တလှိုသာ မှန်းရတော့
ထွက်လမ်းမမြင် ဒဂုန်ခွင်
မရှင်နိုင်အံ့ား၊
ခေါင်းလောင်းမချို တက္ကသိုလ်ဝယ်
နေညိုချိန် များမှာတော့၊
အင်းယား ရတနာ ကန်တော်သာမှာ
ပြာပြာလဲ့လဲ့
လှိုင်းဘောင်ဘင် ဖွဲ့တော့ကို၊





Generated by CamScanner from intsig.com

## မောင်တို့ခင်

သိုးမွေးခြည် အထည် ချွတ်ပါလို့၊
အညာဆီ ပင်နီ ဝတ်လျှင်ဖြင့်၊
ခိုင့်လွတ်မှာလား မောင်တို့ခင်။  ။

အမြင်ဆိုးတယ်လို့၊
ခင်ငြိုးလျှင် သည်မောင် သေရချည့်၊
တို့ချစ်မေ ရွှေနုတ်ဖျားမှာလ၊
လွတ်ရေးဆို ထိုတရားဟာ၊
နားလောတဲ့အင်။  ။

ရှုး မှော်ဇာ ဘိုင်စကုပ်တွေနဲ့၊
မူး မော်ကာ စတိုင်မထုတ်လို့ဘု၊
ခပ်ကုပ်ကုပ် လွတ်လမ်းထွင်၊
ကျွတ်တမ်း ဝင်ရန်ဖို့ အတွင်ခံ။  ။

မောင်တို့ခင်၊
ကျွန်တွင်းမှာ မပျော်ချင်နဲ့၊
အတူယှဉ် မောင်နှင့် ရန်းကာပ၊
သဘော်ခြည် ဝတ်ထည် မုန်းလို့ရယ်၊
သုံးစို့ ဖျင်ကြ။  ။

(၂၁၊ ၁၊ ၃၁။)

(၃၀) မင်းသုဝဏ်

Generated by CamScanner from intsig.com

# မယ်တိုတာ

ပေါက်ရှင်ကြိုးနှင့် ပေါက်ရှင်ပေါ်။

မြည်ကြိုးဝန်း အားသွန်ပြီး၊
မိုး မပါပေါ့ကျွန်း။

အမကြီးကဲ့ ငှက်ယော်
ညီမငယ်တဲ့ ရွှေကြာ။

မယ်တို့တာ မဟာရေအောင်၊
ကြိုးကြိုးလား။

(၁၃ ၂ ၉၁)

# မလေးဆစ်

ခင်းထုံ့ အလစ်ရှာ မရတာကြောင့်၊
မင်းသုဝဏ် ချစ်စာသနိုင်ဘု၊
မေတ္တာမျှပါတဲ့ ကျွန့်အကြည်။ ။

နွေအလှမ်းတွင်မှာ
ပွေခန်း ဖြာဖြာခုံလို့၊
မာလာခုံ နေခြည်လျှပ်သည်သို့၊
မြိုင်ရပ်ပျော် ငေါ်ဆိုးမှာ၊
ညိုးလျ မတည်။ ။

အထွက်ခေ ရွှေစပါးရယ်နဲ့၊
ငွေရှားလို့ တမြည်မြည်၊
ချာချာလည်အောင်ပ ဒုက္ခများ။ ။

နုန်ဆိုးအို၊
အုံမိုး ပြာပြာညိုတော့၊
တက္ကသိုလ် ဝိဟာကျောင်းမှာလ၊
နှဲမှုယူလဲ့ ပြုံပျောင်းရယ်နဲ့၊
အတူပျော် သူတော်ကောင်းငယ်တို့၊



Generated by CamScanner from intsig.com

ကြောင်းဟန်လျှင် ပေါင်းရန် ခဲသော်လဲ
ယခုလို ကုသိုလ်က မွဲတာကြောင့်၊
သဲရေကျ ပမာအလားကဲ့သို့၊
ခွဲသွေ့ရမှာပါတကား။ ။

(၁၈၊ ၄၊ ၃၁။) .

# ကံဆိုးတဲ့ခါ

မိတ်အချစ်တို့ရဲ့၊
စိတ်အညစ်မှာတော့၊
သိပ်ဟာစ်လို့ ငိုလိုက်ချင်။ ။

ဉာဏ်အဆုံးပါပဲ၊
ကြံလုံးရယ် အပုံပုံနဲ့
ဒဂုန်မှာ နေဖို့ ကြိုးသော်လဲ
အဟောင်းကံ ပြောင်းလန်ဆိုးရယ်ကြောင့်ဗျာ၊
ကျိုးက မထင်။ ။

မရှိလို့ သနားလိုက်ပါဘိ၊
ကရိကထနဲ့ မအားရှာတဲ့၊
အမိ အဖများတို့က၊
ငါ့သားရဲ့ အိမ်မှာပင်၊
တို့ ပန်းစဥ်မှီ နေပါအုံး။ ။

တားသော့ခါ၊
စကား မဆန်သာလို့

 မင်းသုဝဏ်

Generated by CamScanner from intsig.com

နဘာန်မှာ တိမ်တွေ စုစျိန်မှ၊
စရိတ် မလေခင်းနိုင်၍၊
စိတ်ထောင်းလို့ ကိုယ်ကြေသူမှာလေ၊
မိတ်ဟောင်းတွေကိုတော့ မရှုရလေဘု၊
အော်၊ ဘသူ့ကိုမှ ရှက်တယ်လို့ဖြင့် မဖုံးပါရစေနဲ့တော့၊
မှူ အဝဝ ပျက်ပြယ်လို့ ဆုံးတာကြောင့်၊
မရှုမလှ ယခုဘဝကိုဖြင့် တသက်ဝယ်မုန်း။ ။

(၇၊ ၅၊ ၃၀။)

# ယိမ်းလှချေ့ မြနွာညို

နှင်းအတွဲ့ဆိုက၊
သင်းနွဲ့နွဲ့ မြနွာညို။ ။

ဝင့်ဝင့်ကြွားပါဘိ၊
လင့်စားသူ နေမဖြောင့်တယ်၊
စိုး ကြောင့်ကြပို။ ။

ပြေအချပ်တွေနဲ့၊
ရွှေဝတ်ကယ်က နှင်းမခို၊
တင်းမိုတဲ့ ပျို့သည်း။ ။

ချမ်းရိပ်သာ၊
ပန်းလိပ်ပြာ အလာ ကျူးရော့ထင့်၊
ပြာသို ခွာညိုဦးရယ်၊
မြူးကြိုင်နံ့ နည်း။ ။

(၃၀၊ ၇၊ ၃၁။)



မင်းသုဝဏ်.

၁၉

# နိုးထယ်နှင့် ကြွေယ်

ညောင်ပွင့်မှ ကြိုက်မယ်ပေါ့၊
အမှိုက်မ မိကြွေယ်။ ။

သံပုဆိန် ရေစိမ်ပွခါမှ၊
ကြွေယ်ကို ဖိုးထယ် ရမယ်တဲ့၊
ပြောကျလေတယ်။ ။

ကျည်ပွေ့ကို ထရံ ရက်လေတဲ့၊
စကားပျက် စကားပြယ်၊
ကြွားထယ်လို့ ဆိုအား။ ။

ငအောင်ကျော်၊
မောင်ခေါ်စဉ် ဗျာ မထူးလျှင်ဖြင့်၊
ကြွေယ်မှာ ဆွေးဖွယ်သို့ ကူးပါလိမ့်၊
ဦးချစ်သက်ထား။

(၁၄၊ ၈၊ ၃၁။)



Generated by CamScanner from intsig.com

# ဒုတိယပိုင်း

## ၁၉၃၁ မှ ၁၉၄၁ ထိ

Generated by CamScanner from intsig.com

## ရှု့ တော် ပြေး

ညောင်းရွက် လေချို၊ မြရွက်ဦးနှင့်
ရာသီနွေဦး၊ မင်းလှုင် မြူးက
ရင့်ကျူး သံချို၊ ဥသြဖိုလည်း
မြိုင်ညို ခွာကျွင်း၊ လူ့ရပ် ချင်း၍
အေးမြိန်း အဲ အန်၊ သင်းသစ် ဖန့်လျှက်
လည်ပြန် တနှစ်၊ ဆန်းမည် ခေတ်ဝယ်
မြူညစ် မတင်၊ ဘာယာခင်၍
ကြည်ရှင်စေသော်၊ ရည်ရွယ်ပြောသို့
ဥသြ....ဥသြ၊ မြိုင်သံ နှောလျှက်
သံအောတလှဲ့၊ သံလေးတွဲ့နှင့်
ပြဲ့ပြဲ့တလီ၊ သဲ့သဲ့သီသော်
သိဂိရောင်စွေး၊ မယ့်ရင်သွေးသည်
ဆွေဝေးရပ်ခြား၊ ဆရာ့ပါးမှ
မနှားမဖင်၊ ပြန်ကြောင်း ထင်သည်
မယ့်ရင် ဆင်သင့် ပြင်နှင့်ပြီ။ ။

(၂၂၊ ၁၂၊ ၃၁။)

၂

## မေတ္တာ

မွေးမေ မွေးမေ၊ ရှုပါလေလော့
ဖြာဝေမြနန်း၊ ရှင်ပျလန်းသည်
ဇင်ပန်း ခိုင်နွဲ့ ကြူကြူသင်း။ ။

ရှုလေ ရှုလေ၊ ချစ်ကြိုး ခွေသည်
မသော့လို့ဘူး၊ ပန်းမျှားမှူးကို
ကျွန့် ခွူးချင်တော့ ပြုပြုဝင်း။ ။

ရှိစေ ရှိစေ၊ ကျွန် စိတ်ဖြေအံ့
ရဝေနန်းမ၊ တော်ကောက်ကလျှင်
အေးမြချမ်းကြည်၊ စံရမည်ကို
မြင်သည် ထိုကြောင့် ငြုံ့ဝှကင်း။ ။

(၂၉၊ ၁၊ ၃၂။)



Generated by CamScanner from intsig.com

၃

## နှင်းဦးပေါက်စေတ?

သွေ့သည် သွေ့သည်၊ စုံပတ်လည်ဝယ်
မစည် ကြိုးကြဲ၊ ရွက်ရော်ဝဲသည်
နှင်းစဲ ဒါစ ပေါ်နေဦး။ ။

ဝေ့လည် ဝေ့လည်၊ ရပ်မတည်သည်
ဟိုသည် လျှောက်ပြေး၊ ရွက်ရောင်သေးကို
ဆောင်သွေး ချေပေါ့ ဆော်လေငှး။ ။

မြေ့ချည် မြေ့ချည်၊ စိုမပြည်သည်
မကြည် နောင့်ဝမ်း၊ ရွက်ရော်နွမ်းနှင့်
မိတ်ကျွမ်းတဝင်၊ ပါလေအင်သည်
ဘယ်တွင် ဆုံးရိပ် မြော်ချေဘုး။ ။

(၃၊ ၂၊ ၃၂၈)



Generated by CamScanner from intsig.com

# ၉၄ ခုနှစ်အတွက်

မြတကောင်းရယ်က လှဲ့ဝင်းကြည်။
သပြေဆို ညိုညိုပန်းတွေက
ပွန်ဇလိုင် ကြိုင်ရေချမ်းမှာ
လန်းညွန့် စည်စည်။

မိတ်တဝေးရယ်တို့
စိတ်အေးဖို့ နှလုံးရည်
သက်ဆုံးတည်ကာပ မာစေကြောင်း။

နှစ်ဆန်းချိန်
ရှိပန်း ခါခါ နှိမ်လို့
မာရဇိန် ရွှေတော်ဦးမှာလ
ပန်းသပြေ ချမ်းရေထူးရယ်နဲ့
ကျူးမြွက် ဆုတောင်း။ ။

(၁၉၃၂၊ ဖေဖော်ဝါရီလ၊ တက္ကသိုလ်ကျောင်းတိုက်မဂ္ဂဇင်း)



မင်းသုဝဏ်

Generated by CamScanner from intsig.com

၅

# ရှေးနှင့်မတူ

မေ့းမယ် မေ့းမယ်၊ ရှေးခါဝယ်က
နေစုယ်ရောင်ညှိး၊ လရောင်ဖြိုး၌
ငမိုးရိပ်ဇာတ်၊ ပုံတိုးပါင်၌တို့
ရေလှတ် ကရား၊ တွတ်တွတ် ကြားလျှင်
မေ့သား အင်းလိုက် ပျော်တော့၏။ ။၁

ပိတာ ပိတာ၊ ရှေးအခါက
နေဆာ ရောင်ကျင်း၊ နံနက်ခင်း၌
ဆင်မြှင်းရုပ်တု၊ ပိစ္စာထု၌
မျက်ရှု ပျော်ပါး၊ ရှင်တော့ ကြားလှင်
မေ့သား ကြည်စိတ် ပေါ်တော့၏။ ။၂

မေ့းမယ် ပိတာ၊ ယခုခါမှ
ပျော်ရာပျော်မှု၊ ပျော်ကြောင်း ရှိလည်း
ညစ်ကျုံး မရှင်၊ ကိုယ်တည်းပင်လျှင်
သွင်သွင် လေသွေး၊ လရောင်အေး၌
တတွေးတောတော၊ နေစိတ်စောသည်
ကြေသော ပန်းနှယ် ရော်တော့၏။ ။၃

(၄၊ ၁၊ ၃၂။)



Generated by CamScanner from intsig.com

၆

## ကိုယ်စား

လွမ်းငွေဝေသည်
နွေရာသီတွင်း၊ ချစ်ဖော်ချင်းနှင့်
ကွေကွင်း ခဲ့ရ လျှင်သောကြောင့်။ ။

တမ်း၍ ပွေသည်
ငွေလွှာပြုံးဆွဲ၊ လက်ရေးလှကို
စွန်းစ တွေ့လို ချင်သောကြောင့်။ ။

ချမ်းမြေ့ပြေသည်
ပြေပွယ်မဆုံး၊ စာတလုံးကို
ချိုပြုံး ကိုယ်စား မြင်သောကြောင့်။ ။

(၁၃၊ ၃၊ ၃၂၀)



Generated by CamScanner from intsig.com

၇

## ပူတော့၏

ထွက်စေ ထွက်စေ၊ မိန့်တော်ထွေလည်း
ရစေနန်းမော့၊ ဆောင်ပျံကြော့မှ
အသော့ လျှင်မြန် လာလှည့်သော။ ။

မျှော်လေ မျှော်လေ၊ စောင့်ပါချေလည်း
ဘော်ငွေဖြူမိတ်၊ လမ်းစရိတ်သည်
တဆိတ် မရောက် ကြာချည့်မော။ ။

မွေးမေ မွေးဖေ၊ ရှေးပဝေမှု
ကြေးငွေ ဟူက၊ သားမောင်လှဖို့
လိုတ ချက်ချင်း၊ ပို့ပေ လျင်းလျက်
ချွတ်ယွင်း ယခု၊ မပို့မှုကြောင့်
မျက်ရှု စိတ်ဝေ၊ စိုးရိမ်လေသည်
မေဖေ ကြွယ်သေး ပါ၏လော။ ။

(၁၇၊ ၃၊ ၃၂။)



Generated by CamScanner from intsig.com

# ခေတ်ပညာ

ဘေးဘိုးစဉ်လာ၊ ကိုင်းလယ်ယာနှင့်
ဘာသာစရိုက်၊ မပျော်ပိုက်ပဲ
ခေတ်လိုက် ပညာ၊ ဆည်းပူးရာဝယ်
အာသာ မဝ၊ တောင့်တတနှင့်
ဒုက္ခမျှ ပေါ်၊ စိတ်မပျော်သည်
ကျွန်တော် မှားသည် ဆိုအံ့လော။ ။

အမျှားနည်းတူ၊ သားသည်းအူသည်
မိဖူ ခွဲဝေ၊ သိတ္တိစေဟု
ရှာလေ ပညာ၊ လွှတ်လေရာဘွင်
ပညာတော်သင့်၊ ရပေမင့်လည်း
ပင်မြင့် မာလာ၊ မလှမ်းသာ၍
စိတ်မှာ ဗျာဝေ၊ ညှိုးလျှချွေသည်
မွေးမေ မှားသည် ဆိုအံ့လော။ ။

ရွှေအိုးပညာ၊ ပိုင်လေပါမှ
ချမ်းသာကြွယ်ဝ၊ သက်လုံးလှဟု
မွေးဖ လွှတ်လေ၊ ပညာ ဖွေသည်

 မင်းသုဝဏ်

Generated by CamScanner from intsig.com

မပြေ ချင်ရဲ၊ ပညာ ကဲ၍
ရွေးနှဲ့ မတွာ၊ မြှင့်ကို ချူသော်
တံချူ တို့လျှ၊ ဆင်းမဲ့ရသည်
မွေးပ မှားသည် ဆိုအပ်လေသ။ ။

(၁၇၊ ၁၊ ၃၂။)



Generated by CamScanner from intsig.com

၉

# သို့လော သို့လော

ပင်လယ်သို့ဝေ၊ ပုမျိုးဆွေ၌
ပြန်လေ ကျောင်းမှ၊ အိမ်သို့ ကျသော်
မာတာ နှုတ်ချို၊ တခွန်း ဆိုက
ထိုထို ပင်လယ် လျှောသည်တည်း။ ။

ကာလနောက်နောင်၊ လောကဘောင်ဝယ်
လေဆောင် တိမ်သား၊ ဟိုသည် ယားသို့
လာသွား မတည်၊ ချာချာ လည်ခဉ်
စိတ်ကြည်ရှင်ကြောင်း၊ မည်သူ ချောင်း၍
ပျော့ပျောင်း ချိုသာ ပျော်မည်နည်း။ ။

သို့ မေးကြိုက်တွင်၊ ဝန်းရောင်ရှင်သည်
ကြည်လင် ထွန်းပ၊ ပန်းထိုမျှလည်း
သာစွ ကြူသင်း၊ ကျွန်နားရင်းဝယ်
ပျံ့သင်းချိုအေး၊ သံယံသေးသည်
ကျွန်မေးချက်ကို၊ ဖြေသောလိုဖြင့်
ခင် ဆိုပြီးကာ၊ လေတွင် ပါသည်
ဘဇာ ရပ်က လာသည်နည်း။ ။

(၂၀၊ ၃၊ ၃၂။)

မင်းသုဝဏ်



Generated by CamScanner from intsig.com

# ကွန်း

သာသည့် လေတွင်၊ ခရီးနှင်သည်
အသင် ကြူနံ့၊ ခေတ္တ တန့်၍
မောပန် ပြေရန်၊ နှလုံးပွင့်ကို
အကျွန် ပြင်ပြီး ဖြစ်သည်တကား။ ။

သည်းပွတ်ကုန်းဝယ်၊ အပန်း ပြယ်၍
ပြုံးကြွယ် သစ်အား၊ ယာဉ်ရထားနှင့်
ပျံသွား တဆစ်၊ ခရီး လှစ်လျှင်
တားမြစ် မသာ ဖြစ်မည်တကား။ ။

အသင့်မှာမူ၊ ပန်းမဥ္ဇူမှ
ကြူကြူ ရနံ့၊ ကျွန်းလုံးလွှံ့တည့်
အကျွန့်မှာကား၊ ခရီးကြားဝယ်
ပန်းအားပြေရာ၊ ကွန်းမျှသာတည့်
ခြားကာ ဇာတ်ချင်း၊ သို့ဖြစ်ခြင်းကြောင့်
ကြူသင်း လိုရာ၊ ခရီးခွာက
ဘဇာသို့လဲ၊ မေးရန် ခဲလည်း
ဝံ့ရဲ မသာ ဖြစ်မည်တကား။ ။

(၂၂၊ ၃၊ ၃၂။)

အင်းယားကန်သို့ ဒိုကုဗို

# နွင့်[illegible]သာ

မကြင်သာသည်၊ ခင်ပါလျက်လည်း
ပင်ထက်လျှံဝင်း၊ ဇင်ငွေမင်းသို့
ကြူသင်း ဝေသီ မြင့်သောကြောင့်။ ။

မတမ်းသာသည်၊ လွမ်းပါလျက်လည်း
မိုးထက်ရောင်ဖုံး၊ လတာနှုန်းသို့
ချိုပြုံး ဝေသီ မြင့်သောကြောင့်။ ။

မခေါ်သာသည်၊ မြော်ပါလျက်လည်း
တောင်ထက်ငွေသွေး၊ နှင်းပြူဖွေးသို့
ကြည်အေး ဝေသီမြင့်သောကြောင့်။ ။

(၂၅၊ ၃၊ ၃၂။)

(၅၂) မင်းသုဝဏ်

# ချီမြိုး

နှင်းမှုန် ဖြာဖြာ
ပြုံးလျက် သာသည်
မျက်နှာ ငွေလ ဝန်းနှယ်တကား။ ။

မှူမှူရှရှ
သူ့ဟန်မှာလျှင်
ညခါ လေပြည် ညင်းနှယ်တကား။ ။

ပျူပျူငှာငှာ
နှုတ်ချိုသာသည်
စမ်းမှာ ရေစီး သံနှယ်တကား။ ။

(၁၄၊ ၄၊ ၃၂။)



Generated by CamScanner from intsig.com

# သိလို၏

တိတ်ဆိတ် ညခါ၊ နှောက်ဂေါယာမှ
လေသာ ကွန့်မြူး၊ သုန်သုန် ဖြူးချက်
ကြည်နူး စမှယ် သောကာလ။ ။

နွဲ့နွဲ့ကြူရှာ၊ ပြေသံသာကို
လဝါပြုံမြို၊ ညောင်ညိုလဲ့မှ
သဲ့သဲ့ ကြားရ သောကာလ။ ။

ဖွားဖက်တွင်းဝန်၊ နှလုံးမွန်သည်
လွမ်းဟန်ရတု၊ ရုတ်ခြည်းပုံ၍
ညှံ့နုတိုးတိတ်၊ သိကြောင်းဟိတ်ကို
နှောင့်စိတ် သိလို မောပါလှ။ ။

(၈၊ ၅၊ ၃၂။)

 မင်းသုဝဏ်

Generated by CamScanner from intsig.com

၁၄

## ကဗျာဉာဏ်

ကင်း၍ ငုံ၍၊ ချိန်ရောက်စေ့သော်
ဓလေ့ဘာသာ၊ ဝါသနာဟု
ကဗျာဉာဏ်ပန်း၊ သည်းစိုင်နန်းဝယ်
ပွင့်လန်းလှလှ၊ ပျံ့ပျံ့ကြူကာ
ပျော်တူရှင်ပေါင်း၊ စမ်းရေချောင်းသို့
ရှေးဟောင်း ငယ်က မှတ်ခဲ့၏။

ကာလ ရွှေ့လွန်၊ ကဗျာဉာဏ်သည်
ဆွေမှန်ရှင်ဖက်၊ မိတ်ဝတ် ပျက်၍
နွေထက်မိန့်ထဲ၊ ဘုရားပွဲ၌
ပြန့်ကြဲ စိတ်ဖောက်၊ သူရှုးနောက်အား
အားမြှောက် အင်ပင့်၊ ချောတိုင်မြင့်ကို
တက်ချင့်အောင်တီး၊ ပတ်မကြီးသို့
ဗေထိး ညံ့ညံ့ ခတ်ခဲ့၏။

ခုခါမှုပင်၊ ထိုဉာဏ်ရှင်သည်
ရောက်ချင် မောလှ၊ အောင်ဌာနသို့

ထက်မ မတ်မတ်၊ တက်ရုံ ခတ်၍
ဖွေးဆွတ် လင်းယဉ်၊ လေနှင့် ယှဉ်လျက်
လှေယောဉ် လိုရာ၊ ပို့ဆောင်ရှာသို့
ရေပြာလှိုင်းမ ပြတ်ခဲ့၏။ ။

(၉၊ ၇၊ ၇၂။)

# ဝါဆို့ကံ

တေးသံလွှင်လွှင်၊ နွှတ်ပဥ္စင်ကို
ထက်ခွင်မိုးမှ၊ သင် ကြူးကလျှင်
ရှင်မ ကြင်ရာ၊ သင့် သည်းချာသည်
ကျစ်စာ သောသော၊ ရိုးပြတ်တောမှ
သဘောနှစ်ခြိုက်၊ ထောင်နားဆိုက်သည်
တိမ်တိုက် မိုးဆွေ ပါတကား။ ။

တကြော်ကြော်လျှင်၊ နွားကို နှင်၍
မြေပြင်ကျယ်ဝင်း၊ ကောက်ဘလင်းမှ
ယာခြင်းလယ်ဖွဲ့၊ သီဆိုနွဲ့ဘော်
နှင်းတွဲ့မြူဝဲ၊ သက်ငယ်တဲ့၌
ချစ်ခဲ့ အိမ်သူ၊ သင့် သည်းအူကား
ကြည်ဖြူ လန်းရွှင်၊ ထောင်နားဆင်သည်
လယ်ရှင် တောင်သူ ပါတကား။ ။

ဖွဲ့နွဲ့ရှင်ရှင်၊ စာသဘင်၌
သက်ခင်ပြတ်မျှ၊ တေးချိုလှကို

ဆိုရ သိရ၊ ကြားအေးရလည်း
ဘယ်ကချစ်ပေါ်၊ တခသင်ပေါ်မှ
နားတော် ငြိရုံ၊ မထောင်ပါသည်
ကံပို့ စာသို ပါကား။ ။

(၁၁၊ ၇ ၃၂၊)

# မောင့်ချိုပြုံး

ရှလည်းရှပွယ်၊ ရှင်စပွယ်လျှင်
တောပွယ်ကျေးရ၊ ဆင်းမြမြနှင့်
နှင်းခ မြက်ခင်း၊ လင်ကျင်းကျင်းသည်
သန်တွင်း မိုးရေ ဖြာသောကြောင့်။ ။

လှမ်းလည်း လှမ်းရှ၊ တမ်းတရှလျှင်
နှမ်းရှခွေခွေ၊ ပြေမပြေသည်
ရှင်နေ မင်းက သာသောကြောင့်။ ။

ခင်လည်းခင်ရ၊ ကြင်ပါရသည်
ချစ်ရမဆုံး၊ မောင့်ချိုပြုံးကား
နှလုံးကြည်အေး၊ နတ်ကြူမွှေးနှင့်
အသွေးပြင်လျှာ၊ တန်းဆောင်ခါဝယ်
ပြည့်စွာ ထွန်းထင်၊ စန်းနှယ်ပင်တည့်
ကြေးစင် ပဝင်း ပါသောကြောင့်။ ။

(၁၄၊ ၈၊ ၃၂)



Generated by CamScanner from intsig.com

# ကုမုဒြာ

ပျံ့ပျူး ပျံ့ပျူး၊ လေချိုမြူးဝယ်
ဘယ်လူးညာငဲ့၊ ကြာမုံနွဲ့သည်
ရှိလဲ့ ဆည်းဆာ သာသောကြောင့်။ ။

ပေါ်နိုး ပေါ်နိုး၊ မျှော်ခေါ်ကိုးသည်
ရွှေမိုးဝပြင်၊ စန်းစက်ရှင်ကို
ဖူးချင် မောလှ ပါသောကြောင့်။ ။

ညှိုးချုံ့ ညှိုးချုံ့၊ တအား နွံ့၍
ကြွေမဲ့ အသွင်၊ ရက်ခြည်း ဆင်သည်
စန်းရှင် မထွန်း လှာသောကြောင့်။ ။

(၂၄၊ ၀၊ ၁၂၈)



Generated by CamScanner from intsig.com

# နှစ်ဇာတ် တစိတ်

သောက်ရောင်ခြည်ကျော်၊ နေဝန်းပေါ်က
ကမ်းမော်အထွတ်၊ စေတီမြတ်ဝယ်
ဆွမ်းကပ် ပန်းတင်၊ သွန်းရေစင်နှင့်
မဂ္ဂင်ပေါင်မင်း၊ ဖွဲ့ပန်ဆင်းဖို့
စိတ်ချင်း ခင်နှင့် မောင်အတူ။ ။

ရောင်စုံ တိမ်သွေး၊ ညနေအေးက
ရည်းလေး သံချို၊ သာယာ ဆိုလျက်
နွယ်ညိုပန်းလျှင်၊ ဝေဝေ ဆင်၍
မြစ်ပြင် ဂယက်၊ နေခြည်လက်ဝယ်
ငွေ့တက် မှိုင်မှိုင်၊ ငွေ့ရှက်ပြိုင်နှင့်
လှိုင်လှိုင်ပျော်ခင်း၊ ရွှင်ရွှင် ကျင်းဖို့
စိတ်ချင်း ခင်နှင့် မောင်အတူ။ ။

သို့တမူလည်း၊ နှဲ့လျကြည်းကား
ဖြင်ပည်း ရွှေဖော်၊ ပြာသာဒ်ပျော်တည့်
မောင့်သော်မှာကား၊ တင်းကုပ်ကြားဝယ်
ပျော်ပါးအလျင်း၊ မရှိကင်းသည်
ဇာတ်ချင်း ခင်နှင့် မောင်မတူ။ ။

(၁၉၃၂။)



မင်းသုဝဏ်

Generated by CamScanner from intsig.com

# မညီညွတ်

ငယ်ပေါင်းအဆွေ၊ ငယ်ပေါင်းဆွေ
ခါနွေကျွန်းစ၊ မိုးမြမြနှင့်
ကြိုးကြာ လျှပ်နွယ်၊ လွမ်းစဖွယ်တွင်
ကံဆွယ်ဖြား၍၊ နန်းမလေ့ကို
ရဝေ့ရိပ်ဆောင်း၊ မကြုံတောင်းသည်
ငယ်ကပေါင်းသည့် ငယ်ပေါင်းဆွေ။ ။

ငယ်ချစ်အဆွေ၊ ငယ်ချစ်ဆွေ
ရဝေနန်းတွင်း၊ ပျံ့ပျံ့သင်း၍
လေညင်းတွင် နွဲ့၊ ဘယ်ညာ ငဲ့လျက်
ပြာလဲ့ ဖန်အိုး၊ ရေကြည်ဖြိုး၌
ချိန်မိုးခါဖြစ်၊ ပန်းစုံသစ်သည်
ငယ်ကချစ်သည့် ငယ်ချစ်ဆွေ။ ။

ငယ်ကျွမ်းအဆွေ၊ ငယ်ကျွမ်းဆွေ
ပွင့်ရွှေပွင့်ပြာ၊ ထပ်တရာနှင့်
ငုံကာတချို့၊ စိတ်ကို ညို့၍
ပျို့ပျို့လှမ်းလေ၊ ဆင်မည်ခွေသော်
အောက်ခြေပုပ်နွမ်း၊ အဖြစ်သွမ်းသည်
ငယ်ကကျွမ်းသည့် ငယ်ကျွမ်းဆွေ။ ။

(၁၉၃၃၊ ဖေဖေါ်ဝါရီ၊ တက္ကသိုလ်ကျောင်းတိုက် မဂ္ဂဇင်း)



Generated by CamScanner from intsig.com

# တစေရာရှင်

တအိမ်ဝင် တအိမ်ထွက်
တရက် တနေ ကုန်တော့
တမြို့မှာ တခါထောက်ပါလို့
တယောက် ဆွေ မခေါ်ဘု
တကြော်ကြော် ဖော်တရောရယ်နဲ့
တောလေတဲ့ ထံတျာရှင်။

သင့်ဘဝ
ခဏ အကျန် ယူလို့
တကြူကြူ ကြူသံခြင်းတွေနှင့်
သံညင်း သံသာနှယ်လို့
မြန်မာနယ် ပြည်တရိုးမှာ
ဗိုးသို့ မွှေချင်။

ငွေအာရုဏ် သောက်ရောင်ဆုံးမှာလ
ချိုပြုံး ရွှင်စံတဲ့
ပင်တိုင်ယံ မှန်ပြူဝဆီသို့
ကံမကာ တခါဆိုက်ယင်တော့
ငယ်ကြိုက်ကယ် မောင့်တူ လွမ်းတာဖြင့်
ကွမ်းတယာ ရေတာမှုတ်ကိုလ

 မင်းသုဝဏ်

# ဝရွချီးမြ

အစ်ကိုရယ် ကျွန်တော်ပျင်းပါဘိ
သိခြင်း ကြူကြူသိလို့
ချစ်ညီကို ပျော်တော်ဆက်ပါတဲ့
မှာချက် နား ဝင်ချိုလှ
စာဆိုမောင် ဟုတ်ကဲ့ဗျား သာပ
ထား ခဲ့မိ ကတိဝန်။

သိမည် ပြုပြန်တော့
ပုလု ငယ်ရွယ်က
ဘထွေးထယ် သူ့လယ်တဲမှာ ပေါ့
တိုင့်အကွယ် ချိုင့်ငယ်နဲ့ ဆွဲပါတဲ့
ဖော်ကွဲသူ ချီးမြူလေး ကိုလ
မေး တော့ခါ ပြန်စကားကို
ကြားမိ ဖန်ဖန်။

ချီးမြူရယ် မကူ တိတ်တော့ မလား
တဆိတ် အသင် မြည်တော့
စိတ်အကြည် ကျွန့်နှလုံး မှာလ
ရွှင်ပြုံး ချိုသာလို့



မင်းသုဝဏ်

Generated by CamScanner from intsig.com

ညိုစရာ ဘာ မတွေ့လေ ဘု
မှိုင်လေ့ အစဉ်တမ်း ရယ်နဲ့
ကူစမ်းဗျ ရွှေချိုးမှန်
ကျွန် ပန်တော့ သူပြော။

ခိုင်းပါနဲ့ မောင်
ငယ်ခိုက် တို ယခေါင်က
လျှိုမြောင်မှာ အတူတွဲပါလို့
ချစ်ခဲ့ ဆွေကြင်ဖော်နဲ့
တကြော်ကြော် ကူမဆုံး ပါဘု
မောင် ပြုံးယင် မယ် ရှင်တဲ့
တိတ်ယခင် မြင်ယောင်လှသော်ကြောင့်
တေးဆိုယင် ဆွေး ပိုရပါဘိ
တမ်းတ စိတ်စော။ ။

(ဂ၊ ၄၊ ၃၃။)

## ၂၄

## အတာရေ

အတာ အတာ၊ ရေသိတာကို
သဟာအပေါင်း၊ သွန်းကာ လောင်းအုံး
အကြောင်း သို့ညွှန်၊ ကျွန်ုပ်ကျွန်ကို
လိုက်ရန် သူတို့ ခေါ်ဘိ၏။ ။

သဟာ သဟာ၊ မခေါ်လှာနှင့်
သံသာ လောကာ၊ ကျွန်ဘဝ၌
ချမ်းမြ ကြည်လင်၊ ကျွန် ရေစင်ကို
သွန်းချင် တယောက် တည်းရှိ၏။ ။

ဘဇာ ဘဇာ၊ မေး သောခါဝယ်
ဝေးမှာ စံနေ၊ ကျွန်သက်ဝေဟု
အဖြေ ပေးမည်၊ တွေးကြံစည်စဉ်
မတည် နှစ်ခွ၊ ကျွန်ကြမ္မကြောင့်
နှုတ်အာ ရှိသာ နေပြီ၏။ ။

(၂၂၊ ၄၊ ၃၃။)





Generated by CamScanner from intsig.com

# ပင်လယ်ဓမ္မ

သခင် သခင်၊ ရွှေနား ဆင်လော့
ချစ်ကြင်ဦးမှန်၊ ကျွန်ုပ်ကျွန်သည်
မြတ်မှန် ကြည်မွှမ်း၊ သခင့်ဝမ်းကို
မိုးဆမ်း ပန်းသွင်၊ လန်းလန်း ရှင်ဖို့
စိတ်တွင် အမြဲ၊ ကြိုးမည် ခဲလည်း
ကွေကွဲဖို့ရန်၊ ကြမ္မာဖန်၍
အကျွန် ကျွန်ုပ်၊ အကြံ ရုပ်လျက်
လှိုင်းလှုပ် ဒီနှော၊ ပင်လယ် ကြောတွင်
လွင့်မျောလိုရာ၊ မျောရပါအောင်
ကြည်သာ ခွင့်ရေး သခင်ပေး။ ။

သခင် သခင်၊ ရွှေနားဆင်လော့
မြစ်ပင်လယ်တွင်း၊ တယောက်ချင်းလျှင်
လေပြင်း မုန်တိုင်း၊ ဂယက်လှိုင်း နှင့်
ပြိုင်းပြိုင်း ညိုညို၊ ကျွန်း ထိုထိုတို့
သိဆိုရင့်ကျူး၊ တေးတျာထူးကို
ပေဖူး နုလှာ၊ ကျွန့်သည်း ချာဝယ်
ကောင်းစွာ ရေးမှတ်၊ ပြုပြီးလတ်မှ
ရေနတ်ဒေဝီ၊ သား ရင်မှီအား

ညရီသာယာ၊ ချိန်ဆည်းဆာ၌
ပြောကာ ဖျော်တတ်၊ ပုံတိုပါဌ်ကို
ရေးမှတ်လို့ငှာ၊ ပန်ကြားပါသည်
ကြည်သာ ခွင့်ရေး သခင်ပေး။ ။

သခင် သခင်၊ ရွှေနား ဆင်လော့
သို့ပင်တစေ၊ ပင်လယ် ဗွေ၌
လှိုင်းလေ ဆောင်ရာ၊ တသောင် ခုံလျက်
သည်မှာ တကျွန်း၊ ဟို တကျွန်းနှင့်
ကူးသန်း သွားလာ၊ ဆည်းပူး ရာဝယ်
တေးတျာ ယဉ်နု၊ ပုံဝတ္ထုတို့
တောင်ထု မြောက်မြား၊ ကာလ လျှား၍
ဆံကျား သွားကြေ၊ အိုဖင်း လေမှ
ရပ်မြေ ပြန်ဝင်၊ ကျွန့်သခင်ကို
ကြည်ရွှင်စေသော၊ သီဆိုပြောအံ့
ထိုရော အခါ၊ သခင့်မှာလျှင်
ကြင်ရာ တသီး၊ ရှိလေပြီးမူ
သမီး သားမြေး၊ သခင့်သွေးအား
ကျွန့်တေး ဝတ္ထု၊ အစုစုဖြင့်
ရွှင်မူ ပျော်ရာ၊ ပြုလိုပါသည်
ကြည်သာ ခွင့်ရေး သခင်ပေး။ ။

(၁၊ ၅၊ ၃၃။)

 မင်းသုဝဏ်

Generated by CamScanner from intsig.com

## စက်တော်ရင်ဝယ်

ချာလည် ချာလည်၊ ငွေကြေး စည်လည်း
သာကြည် ချိုအေး၊ နို့ဗွာန် တေးကို
ကြော်ကျေး ရာမှ ဆိတ်ခဲ့ပြီ။ ။

ထွန်းတောက် ကြည်လင်၊ ဆံမီး ရှင်လည်း
စက်ခွင် ဝပ်လျှိုး၊ မာန်ထွတ် ချိုလျက်
ရှိခိုး ဦးနှိမ် မှိတ်ခဲ့ပြီ။ ။

ထုံတာကြူကြူ၊ တလူလူလျှင်
နိဗ္ဗူချမ်းကြည်၊ ဘေးမဲ့ပြည်ကို
ရှာမည် အကဲ၊ အားအန်ခဲလျက်
မိုးထဲ တိမ်ဆီ၊၊ တပ်ဦး ချီသည့်
ပြာရီလုံဖြိုး၊ နံ့သာ ခိုးကား
မွှေးမျိုး စုဆိုင်၊ အမွှေးတိုင်မှ
ကြိုင်လှိုင်မဆုံး၊ ကြိုင်လှိုင်တုန်းတည့်
တပြုံး ရှင်ရှင်၊ ကျွန်ုဝမ်း တွင်လည်း
ဝဲခွင်ဖြတ်ကျော်၊ ခရီးပေါ်နှင့်



Generated by CamScanner from intsig.com

တူပျော် ပြုံးချို၊ နီး ရလိုဟု
ဆုကို ဖန်ဖန်၊ တောင်း မိဟန်ကား
ထက်ယံကို တိုး၊ နံ့သာ မျိုးသို့
မီးခိုး မဆုံး၊ မိုး မဆုံးသည်
တွက်ကြုံး မနိုင် စိပ်ခဲ့ပြီ။ ။

(၁၊ ၁၀၊ ၃၃။)

# အမိကိုယ်စား

အဖျားသွေးကြောင့်၊ မေးမျှ မပျော်
စက်ခွင် ပေါ်၌၊ အော် အော် မိခင်
အော် ဖခင်နှင့်၊ ဖူးချင်သောလိုက်
တမိကြိုက်ဝယ်
မျဉ်းငိုက် တဆိတ် မှိတ်မိ၏။

ကြက်ဦး ဆော်၍၊ ပေါ်အာရုဏ်ရိပ်
မေး တမှိတ်ဝယ်၊ ကျွန်ုပ် စိတ်ပြား ဝေ
ကျွန်ုပ် မွေး မေလျှင်၊ ပျော့ခွေ နွမ်းလျ
သား မောင်လှ၏၊ ဆံစဖူးပြင်
စမ်းလှ အင်ကို၊ ကယ်ပင်လိုလို
အိမ်မက်လို့နှင့်
တကိုယ်တည်းလျှင် မြင်မိ၏။

ထုံရနံ့သို့၊ ညှံ့နုစမ်း လှ
မွေး မာတာကြောင့်၊ ကြည်သာရှင်မျှ
နိုး လေကာလျှင်၊ မိုးလ တိမ်မှဦး
တေး တျာ ကျူးလျက်
ကျွန်ုပ်ဖူး ထက်မှာ သဘင်၏။ ။

(၁၉၃၃၊ အောက်တိုဘာ၊ ဂန္ထလောက)



Generated by CamScanner from intsig.com

# မယ်လည်ဆွဲ

ဖူး ပုရစ်နှင့်၊ ညွန့်သစ်လန်း စီ
တေး ငှက်သီ၍၊ ပန်းချီတော်ပုံ
နွေဦး ယံကို၊ စုတ်တံ သက်သွင်း
ပိုး နှခင်းလျက်၊ လုံဝင်း မှန်လှ
ရွှေခြည် တွဲသား၊ နွဲ့နွဲ့ခရိုင်
အဆိုင်ဆိုင်နှင့်၊ လက်ကိုင် ငွေရိုး
ရုပ်စုံထိုး သည်၊ လှမျိုး မနံ့ထီး မဖြစ်လို။

ချူး နုဆစ်နှင့်၊ ကြင်ချစ် စဖွယ်
သဲကြိုး နွယ်တွင်၊ သွယ်သွယ် သက်တံ
ရောင်စုံ ဆင်၍၊ ရောင်ရှင်ချင်းစက်
ပိုးခြည် ခက်သား၊ အမျက်စိန်ရွဲ
မြ ပုလဲကို၊ ယှဉ်တွဲ စီခြေ
ပန်းလိပ်ပြာဖြင့်၊ ဝေဆာခင်းကျင်း
ပြုပြင် ဆင်းသည့်၊ ခြေနင်း မယ်မှာ မဖြစ်လို။

ထူး ဆုသစ်နှင့်၊ စင်စစ် ရွှယ်ရည်
တောင့်တ သည်ကား၊ ဝင်းကြည် မွတ်စင်
ပုလဲ ရှင်ဟု၊ မယ်ရင်မှာ ဝဲ
ချစ်မရဲသည်၊ လည်ဆွဲမယ်မှာ အဖြစ်ကို။

(၁၂၊ ၂။ ၃၄။)



မင်းသုဝဏ်

Generated by CamScanner from intsig.com

# ဗြောသံ

ပလုတ် ပြုန်းရယ်နဲ့
တောင်ကုန်းရွာ သာစခန်းဆီက
ဒေါ်ရွှေမေ ဦးရေချမ်း ငယ်တို့
သာသနာ ဝါဝါလန်း ရန်တဲ့
ဆန်းလိုက်တဲ့ ဗြောသံစည်။ ။

—အသို၊ နေခြည်မှာ ငွေရည် င်းလို့
ဆယ်စင် လဲမက
အဝေးက မှန်း၊ ဟိုရွာလမ်း
ထီးတန်းကြီး လှပါဘိ-

တလတာ သည်အရေးကိုလှ
မဟာဝါ ကြည်ကြည် ပေးပါတဲ့
ရတုချို စိတ်ကို သွေးလေတော့
မလေးမောင် ရွှေယောင်ဒိုက်တဲ့ပြင်
မြင်းကဏ်ပင် ပြင်းဆန်မိုက်လေပေါ့
လွှမ်းခိုက် မတည်။ ။

—မကြည်ဘဲနှလုံး၊ မပြုံးဘဲရှက်နှာ
မြင်းပေါ်က မောင်ရင်လေသား
ငဲ့စောင်းလို့ ကြည့်သောခါ—



Generated by CamScanner from intsig.com

ကညာလုံ ကြာမှုံညွတ်ဟာဖြင့်
ယမ်းယောင်ကာ ကွမ်းတောင် လွတ်တဲ့ပြင်
မတွယ်တာ ဆယ်ခါ လွှတ်မယ်တဲ့
ဒေါ်ချိုချို ပြောဆို ရွှတ်လေပေါ့
စိုစွတ်တဲ့ မြမျက်ရည်
လည်တယ်လို့ မဆုံး။ ။

—မြို့နန်း နိုင်ငံပေ့ ကိုးဆွေစည့်
တိန္နင်းပေ့ ကိုရွှေနဲ့
ရွှဲနိုင်ပေ့ ကိုရွှေမောင်
ယုံမငယ် အရှက်အိုးမို့
အငြိုးနဲ့ပြောင်ရောဆင့်—

လှောင်ချက်ကယ် နာ
မောင်မျက်နှာ တရွာမှတ်ပေမဲ့
သာသနာ ဝါဝါဝတ်မှာမို့
မယ်လွတ်ရာ ဘယ်သိ ဒိုးရပ
တလဆို ရက်ကို ချဉ်းပါ့ချ
ဘွာခတ်ကာ ခမျာ ငြင်းလေတော့
ယောင်ကြီးရှင် ဆံပင်တင်းပြီကွဲ့
ညှဉ်းတဲ့ တုတ်ဖြန်း။ ။

(၂၃၊ ၃၊ ၃၄။)



Generated by CamScanner from intsig.com

# ညချမ်းအခါ

မြေပြာမှာ နေစာတင့်ပါလို့
ဖူးပွင့်တွေ စုံတညီနဲ့
ပထဝီ အဆိမျိုးငယ်တို့
ပြုံးတမောက် ရွှင်တရွှင်။ ။

သာအပြန့်ဆီက
ဝါဖန့် နေခြည်ဖေနဲ့
မွေးမေမေ ငွေသော်ဝန်းသာပ
နှုတ်ခွန်း ချိုသာဆက်ချိန်မို့
သားသက်ဝေ လူကလေးတွေက
တေးနှင့်လွင်လွင်။ ။

အာကာမှာ တာရာလေးငယ်တို့
လေအေးကို ချိုချို ရှူလို့
ဖြူချည် နီပြာသန်းနေကြ
ညချမ်းတဲ့ သည်သဘင်
ကြည်လင်တဲ့ ကဗျာပန်း။ ။

ညီတညာ
ဤကမ္ဘာ မဟာတေးရယ်နဲ့



Generated by CamScanner from intsig.com

အာကာမှာ တာရာတေးငယ်တို့
ဒွန်ဒွဲ့ဘော် ဆက်ဆံနှောသော်လဲ
မြေကြော မြေဆီသွေးပါပဲ့
သူ့တေး ကြူကဗျာနဲ့
ကျွန့်တေး ချီဝါစာတို့
ဘယ်အခါ သာကြည် ပေါင်းနိုင်ပ
စောင်းငဲ့ မျှော်မှန်း။ ။

(၈၊ ၄၊ ၃၄။)



Generated by CamScanner from intsig.com

# ငယ်လင်မောင်ကြီး

နေမင်းလည်း ဝင်၊ မိုးလည်း ဆင်၍
မှက်ခြင်လည်း ရဲ၊ မှောင်လည်း မဲပေါ့
မယ့်သဲ ထိတ်ဖွယ်၊ မယ့်သက်လှယ်သည်
ဘယ်လယ် ဘယ်ကွင်း၊ ဘယ်ကန်သင်းတွင်
ပျိုးခင်း ထောင်၍ နေပါငိမ့်။ ။

လေပြင်းလည်းနှင်၊ လျှပ်လည်းရှင်၍
ကောင်းကင်လည်း ဟည်း၊ မိုးလည်း သည်းပေါ့
မောင့်ချည်းတကိုယ်၊ မဲညိုညိုတွင်
စိုစို အေးအေး၊ ဆိတ်မနွေးသည်
အောက်မေး ခိုက်ခိုက် နေရှာလိမ့်။ ။

ဖြေယင်း သည်းတွင်၊ မီးလျှံ ဝင်ပေါ့
ငယ်လင် မောင်ကြီး၊ ပြန်ခရီးတွင်
ရေစီးသန်သန်၊ ချောင်းကို လှန်က
ဆိပ်ထန်ပြင်းဘိ၊ လယ်ပိုး ထိ၍
သတိကင်းကွာ၊ ဆောင်ယူလှာသည်
ကယ်ပါ ရှင်ကြီး သေရှာလိမ့်။ ။

(၃၊ ၅၊ ၃၄။)

၃၁

# တွယ်ရာမဲ့

မထန်သာသည်
သူ့မှာ ကျွန်တွက်၊ ဆံတရွက်မျှ
ချစ်သက် ချစ်ငွေ့ မကျန်၍။ ။

မပန်သာသည်
သူ့မှာ ကျွန်တွက်၊ မြူတစက်မျှ
ကြင်သက် ကြင်ငွေ့ မကျန်၍။ ။

မြကန်သာစည်
ဒုမ္မာကြာတော၊ ပွင့်မှလျော့သည့်
ဟိုမျော သည်တင်၊ ကြာချပ်သွင်သို့
ရှုခ်ခွင် ရှစ်ဖက်၊ ခရီးထွက်သည်
တွယ်သက် တွယ်ငွေ့ မကျန်၍။ ။

(၁၉၃၄၊ မေ)



Generated by CamScanner from intsig.com

# တရားဦး ဟောလှည့်ပါ

ကာမဘောင် ရှုပ်အထွေးကိုလှ
ပျိုလေး မယ် မခင်လို့
ရှန်းချင်ပြီ ဆုပန်ကြွားသူ့ရဲ့
တားမြစ်ဖို့ ခွင့်မသာ။ ။

နှစ်ကိုယ် တွဲကာပ
သည်ဝဲ သံသရာက
ဘောင်ခေမာ ဟိုတဖက်ဆီသို့
ပေါင်မကူင် ဆင်ကာ ကူးမယ်လို့
ဆုထူးကို ပန်ညီသော်လဲ့
ပါရမီ မောင် မရင့်သော်ကြောင့်
သွားနှင့် သက်လျာ။ ။

ဇာတ်မတူ အမူကြမ်းသူဖြင့်
ဘောင်ကမ်း မမြင်နိုင်လို့
တပင်တိုင် နာဝါပျက်လိုပ
သံသရာ သည်ဂယက်မှာလ
စုန်တခါ ဆန်တချက်ကယ်နဲ့
မျောလျက်ကွဲ ပေါင်ချာချာ
တွယ်ရာဖြင့် ရှိနိုင်ဘူး။ ။

အင်းယားကန်သို့ အိုကူတို့ (၈၁)
F 6

Generated by CamScanner from intsig.com

သို့အကြောင်းရယ်ကြောင့်
ချစ်ဟောင်း နွယ်သာကီရဲ့
ပါရမီ ပြည့်လျှံဖြိုးကာပ
တန်ခိုးတွေ တလုလုနှင့်
ဘိကျွံ့နိ ထေရီဖြစ်တော့ခါ
မောင်ချစ်ကို မယ် သနားတာဖြင့်
တရားမှန် မှန်သဘောကို
ဟောလှည့်အဦး။ ။

(၂၂၊ ၆၊ ၃၄။)



မင်းသုဝဏ်

Generated by CamScanner from intsig.com

# ရှုရှူး

တောင် ငေး မြောက် မျှော်၊ အဖော်မပါ
ပလာကိုယ်တည်း၊ တေးချို ညည်း၍
ချိန်ဆည်းဆာလှ၊ နံနက်ထမှ
မြစ်ဝ သဲသာ၊ သူ ထိုင်လှာသည်
ဆည်းဆာ နေ့ခင်း တိုင်ခဲ့ပြီ။ ။

ပေးပါ ပေးပါ၊ ပြန်ပေးပါဟု
သဲသာဖွေးဖွေး၊ သူ့ လက်ရေးကား
သေးသေး သွယ်သွယ်၊ ချစ်စဖွယ်တည့်
အဘယ် ပေးပါ၊ ဘယ် ပေးပါဟု
သိသာလိုအား၊ မေးသောလားလျှင်
ကမ်းပါးထိပ်ထက်၊ ငှက်တော်နက်လည်း
သွက်လက် သီဆို မြှိုင်ခဲ့ပြီ။ ။

သိချင်၍ မေး၊ ငှက်တော်လေးငယ်
ရှေးသရေခါ၊ ပြည်ဗာရဝယ်
ဗြဟ္မာဒတ္တာ၊ စိုးကာလက
ကြာမှ ဖွားမြင်၊ မယ်ကြာရှင်သည်

နှောင့်ရှင်ကို လှပ်၊ နှောင့်သည်းပွတ်ကို
ခူးဆွတ် ပွင့်နွေး၊ ယူဆောင်ပြေး၍
တောင်ငေး မြောက် မျှော်၊ အဖော်မပါ
ပလာကိုယ်တည်း၊ စေးချို ညည်းလျက်
ချိန်ဆည်းဆာမှ ထိုင်ခဲ့ပြီ။ ။

(၁၉၃၅၊ ဖေဖော်ဝါရီ၊ တက္ကသိုလ်ကျောင်းတိုက် မဂ္ဂဇင်း။)

(၀၄)

မင်းသုဝဏ်

Generated by CamScanner from intsig.com

# ငွေစင်ရော်သို့

မြစ်ယံမှာ ချစ်သံတေးတွေနဲ့
ငှက်ကလေး ငွေစင်ရော်တဲ့
ရွှေဖော်ဖော် မခေါ်ရသော်လဲ
စာဆိုကို နှုတ်ချိုသလေပေါ့
ချမ်းမြမြ ကြည်စရာ။ ။

အစာ တောင်းရော့သလား
ကောင်းပါပြီ စင်ရော်ပျိုရဲ့
စာဆိုမှာ လိုမပြည့်သော်လဲ
ဖြည့်ဖို့ရန် အဆင်သင့်ပါကွဲ့
စေတနာ သဒ္ဓါပွင့်တွေက
လန်းတင့်ကြူစွာ။ ။

ယော့ပါမောင် စိတ်ရှိ စားပေရော့
မုန့်သား ချိုလို့ သင်းပါရဲ့
ကြည့်ယင်းပင် သဒ္ဓါပိုပေါ့
စာဆိုမှာ အဖော်နဲ့သာဖြင့်
တပွဲစီ ဝေလို့ ကျွေးချင်ရဲ့
အားမြတဲ့ စေတနာငယ်
ရောမြစ် နဒီလမ်း။ ။

သို့ကတဲ
လက်ပဲ စာဆိုပေ ၊
လကျာ်ကို ဆွေအမှတ်ကယ်နှင့်
ပြူဆွတ် သည် စေတနာပ
ကြည်နူးစွာ စာဆို ကျေးပြိုကွဲ
ကိုယ်စားတော် သူနှင့် အေးပေအုံး
ဝေးတဲ့ စခန်း။ ။

(၁၉၃၅၊ ဇွန်၊ ဂန္ထလောက)



မင်းသုဝဏ်

၃၅

## လွှတ်လပ်ရေး တေးသံ

လေပမာလျှင်၊ အာကာခွင်၌
ငါလျှင် လွတ်လပ်၊ လှည့်လည်ပတ်အံ့။ ။

နေရောင် လဝါ၊ ကဲ့ပမာလျှင်
အာကာတိမ်ဦး၊ တိမ်ထွတ်ဖူး၌
မြူးတူးပျော်ပါး၊ ခုန်ပေါက်လွှားလျက်
နေနား စုံမက်၊ ငါ အိပ်စက်အံ့။ ။

ငါ၏ တေးသည်း
ဝေးသိခေါင်စွာ၊ ထိုအာကာမှ
ကမ္ဘာသူသား၊ ဆွေအများအား
အလားတူစွာ၊ ငါ့ပမာလျှင်
လွတ်ရာလွှတ်ကြောင်း၊ ရည်ရွယ်ချောင်းဖို့
သောင်းသောင်းငြာငြာ၊ ချိုသံသာအံ့။ ။

ငါ့မိ ငါ့ဖ၊ ငါ့ဆွေစသား
လောကအပေါင်း၊ အို သောင်းသောင်းတို့
အကြောင်း သို့ညွှန်၊ ဤငါကျွန်ကို



Generated by CamScanner from intsig.com

ချစ်ဝန်မှ လွတ်၊ ချစ်ညွှတ်မှ ရှင်း
ချစ်တွင်းမှ ဆယ်၊ ဘာဂကာသလယ်၌
တာတွယ် မသံ၊ တေးချို ဖဲ့လျက်
နေရန် ခွင့်ငြား၊ ပေးလဘေး။ ။

(၈၊ ၁၁၊ ၃၅။)

 မင်းသုဝဏ်

Generated by CamScanner from intsig.com

# အတိတ်ဘီလူး

တကိုယ်တည်းသာ၊ တညခါက
ငါလျှင် အိမ်ဝင်း၊ မြေတလင်း၌
တွေးယင်း တောယင်း ထိုင်သတည်း။ ။

တွေးကာ တောကာ၊ ထိုအခါ၌
ကြီးစွာ အမိုက်၊ ညဥ့်မှောင်တိုက်ကို
ထိုးရိုက် ဖောက်ခွဲ၊ တင်းပုတ် စွဲလျက်
ပြူးပြဲ မျက်လုံး၊ ဒေါရောင် ဖုံး၍
စွယ်စိုန်း ငေါငေါ၊ မွေးသောသောနှင့်
ယက္ခော ပြိတ္တာ၊ ငါ့ဆီ လာလျက်
ခြောက်လှာ သတ်မည် ပုတ်မည်တည်း။ ။

ငါလည်း ကြောက်လန့်၊ ကြက်သေ တန့်လျက်
မျက်ဆန့် ပြူးကျယ်၊ နေခါဝယ်၌
မယ်မယ် ငါ့မိ၊ ထွက်လာဘိ၍
မချိခံစား၊ အို မေ့သား
မှောင်ကြား ထွက်လာ၊ ဤပြိတ္တာကား
သားမှာ ဖြစ်ပျက်၊ ရှေးဖြစ်ပျက်ဟု
အနက် ထွေထူး၊ တိတ်ဘီလူးတည့်



Generated by CamScanner from intsig.com

မျက်ပြူး ခြောက်လုန့်၊ သား မလန့်နှင့်
ထက်ချွန် အသွား၊ လျှစ်လျူ့ခါးကို
ငါ့သား စွဲကာ၊ ခုခံပါ ဟု
ပေးလှာ ငါ့မိ ခါးကိုတည်း။ ။

ငါ့ မိ ပေးသွား၊ လျှစ်လျူခါးကို
ယောက်ျားပီပီ၊ ငါ မြွောက်ချီ၍
မထိလေးစား၊ ဘီလူးသားကို
ထွားထွားညက်ကြေ၊ ခုတ်စဉ်းလေမှ
ပြေပြေညင်းညင်း၊ လေချို သွင်း၍
လမင်း ရွှေမှာ ပေါ်သတည်း။

(၂၇၊ ၁၁၊ ၃၅။)

## ၃၇
## မင်္ဂလာခွန်းဆက်

အိုးဝေတဲ့ ညွံ့ညွံ့။
ရွှေဒေါင်းပျို တောင်ညိုဦးမှာ
ကျူးရင့် အောင်သံ။
အောင်ပွဲရယ် ခံ
နိုင်ငံတဲ့ သာရေး။
မင်္ဂလာ စည်တော် ရွှမ်းချိန်မို့
ခွန်းချီဆက် တေး။ ။

(၁၉၃၅၊ နိုဝင်ဘာ၊ ကြီးပွားရေး မဂ္ဂဇင်း၊)။

# မျှော်စောင့်မယောင်

ကျေးဝေ

တက္ကသိလာ၊ ကျောင်းမဟာ၏
ကန်သာအနီး၊ စံပျော်မိုးသည်
တတ်သီးမြသွေး၊ ဝိဇ္ဇာကျေး
မဝေးဒဂုန်၊ ပွေ့တော်စုံ၏
ရောင်ဟုန်နှံ့ရာ၊ မြကွင်းသာ၌
မေတ္တာကြိုးနှောင်၊ ပျိုတို့မောင်သည်
ရဲရောင်ပီသ၊ ရဲသွေး ပြလျက်
ဇေယျသံလွှင်၊ ဘောပွဲ ရှင်၏
မြသွင် ရွှေခဲ၊ အာကာထဲမှ
ပျံဝဲ သာယာ၊ ကြည့်ချေပါလော့
ဝိဇ္ဇာတို့မောင်၊ အောင် မအောင်ကို
အမှောင် မလွှမ်း၊ ညနေချမ်းတွင်
အလွှမ်း ပြေရာ သိလိုပါ။ ။



Generated by CamScanner from intsig.com

ကျေးပြန်

ဖက်မျှညီရာ၊ ရွေးလှည့်ရှာလည်း
ပန်းကာမတွေ့၊ ယဉ်ပေါင်းမွေ့သည်
ပျိုလေ့မြတ်နွယ်၊ ဝိဇ္ဇာမယ်
မိုးလယ်ဝဲကာ၊ စေတီသာတွင်
စေနာဖြူဆွတ်၊ ဦးခိုက်ညွတ်၍
မယ်လွှတ်ရာကွင်း၊ အကျွန်ဆင်းက
မိုးမင်းစည်သံ၊ မကာထန်သည်
အောင်သံထစ်ကြိုး၊ ဝတ်ပုဆိုးနှင့်
ထည်မျိုးဦးရစ်၊ မိုးမှာပစ်လျက်
ပျိုချစ်သည့်မောင်၊ ပွဲတိုင်းအောင်ကိုး
ရာထောင်စုဝေး၊ ကောင်းချီးပေး၏
ဟူရေးလည်းဆို၊ ဥဒဟိုသည်
ပဟိုရ်ပမာ မြည်သံငြာ။ ။



Generated by CamScanner from intsig.com

## ကျေးမျှော်

လက်ယာ့ဒီပါ၊ ကျွန်းမျက်နှာ၌
ပညာလည်း ကဲ၊ ရုံးလည်း ရဲသည့်
ရွှေခဲတို့နေ့ာင်၊ ဝိဇ္ဇာမောင်သည်
ပွဲအောင်ပြီးခါ၊ ချေးတို့ငှာလျှင်
ပဝါပိုးနု၊ မွေးပျိုးဇုကို
ယာခု လျှင်စွာ၊ ပွိုချောပခြုံး
သီတာကျောက်ဝက်၊ မြရေခွက်ကို
မယ် လက်ကိုင်ကာ၊ ကျောင်းဝိဟာမှ
သက်လျှာ လာလမ်း၊ မျှော်ကာ မှန်း၍
အပန်းပြေရေး၊ မယ် တိုက်ကျွေးအံ့
မနေ့းအလျှင်၊ မယ့်ရင်ခွင်သို့
သခင် ရောက်ကြောင်း၊ လျှောက်ပန် စေခင်းလေ့
ကျေးကောင်းလိမ္မာ ကျေးမြွတ်စွာ။ ။

(၁၉၃၅)





Generated by CamScanner from intsig.com

# စန်းရောင်ခြည်

တညခါတွင်၊ ကန်ရေပြင်၌
စန်းရှင်နိမိတ်၊ မျက်နှာရိပ်သည်
ဖိတ်ဖိတ် ထွန်း၍ သာသတည်း။ ။

ဖိတ်ဖိတ်လွန့်လွန့်၊ ရောင်ခြည် ကွန့်က
ကမ်းညွန့်ထက်မှာ၊ ပျင်းဖြေငှာလျှင်
လာသည် ချစ်ဆွေ၊ တို့တတွေသည်
ရွှေငွေ ဤသို့ ငြင်းသတည်း။ ။

မိုးပေါ်လကို၊ လွန်ကြည်ညိုသည်
ရှယ်ပျိုငြိမ့်လေး၊ ဆွေအထွေးက
သာအေး ကြည်လင်၊ ဤစန်းရှင်ကား
ရွှေသွင် ဝါဝင်း၊ ပြစ်စင်ကင်းဟု
တင်းတင်း ကြပ်ကြပ် ဆိုသတည်း။ ။

ရေမှာ လရေး၊ လွန်မြတ်လေးသည်
ဆွေထွေးတို့နောင်၊ ဆွေကြီးခေါင်က
ဝင်းပြောင်လျှံထွန်း၊ ဤ လဝန်းကား
ငွေသွန်းသည့်သွင်၊ ဖြူဖွေးစင်ဟု
တွင်တွင် ထပ်ထပ် ဆိုသတည်း။ ။



Generated by CamScanner from intsig.com

စာဆိုငါကား၊ သူတို့ကြားတွင်
ငွေသားဆိုမည်၊ ရွှေဆိုမည်ဟု
ဟိုသည် ယိမ်းနွဲ့၊ ဘယ်ညာ ငဲ့ခဲ့
တကဲ့တကယ်၊ ဆိုမည်ရွယ်သော်
ရွှေနှယ်မဟုတ်၊ ငွေမဟုတ်၍
ငုတ်တုတ် ထိုင်ကာ၊ စာဆိုငါသည်
နှုတ်လျှာ မှဲ့သို့ ဆိတ်သတည်း။ ။

(၉၊ ၁၊ ၃၆)

# အမေ့လက်ဆောင်

သည်ချောင်မှာ သည်ဆီမီးရယ်နဲ့
ညကြီးတဲ့ သည်အချိန်။ ။

စာဆိုမောင် တကိုယ်တူးသာပ
ကြည်နူးစွာ ဈာန်တရားကို
ပွားလို့ တည်ငြိမ်။ ။

ကဗျာဉာဏ် ချွန်ကသိုဏ်းပေပ
စက်ဝိုင်း သည်အတွင်းဆီသို့
ဆင်းလာတဲ့ ခန္ဓာအိမ်ငယ်
ကဝိန်ကွဲ့ ရွှေဖား။ ။

တို့မိခင်
တို့မျှား ဟိုငယ်စဉ်က
ငိုပါလျှင် ကောက်ကာ ပေးမယ်တဲ့
ဆိုတေး သံသာသာနှင့်
တို့သဟာ သူ့ပင် ပြစ်ရော့ထင့်
ချစ်ဖွယ့် ပါလား။ ။

(၁၆၊ ၁၊ ၃၆။)



Generated by CamScanner from intsig.com

# ခရီးသည်

ရွှေဆီ ကောင်းကင်၊ ပုလဲစင်ဝယ်
သစ်လွင်အာရုဏ်၊ ရောင်ခြည် လွှံ၏။ ။

ပျံ့ပျူး ရှင်ကြည်၊ သွင်း လေပြည်ဝယ်
ဖူး စည် ပွင့်စုံ၊ သရက် ထုံ၏။ ။

ဆိတ်ငြိမ် သာမော၊ မြိုင်ညိုတော၌
ညသြသံစုံ၊ တေးမျိုး ပုံ၏။ ။

သစ်ရိပ်ညိုမှ၊ စခန်းထသည့်
ရှင်ပျသာကြည်၊ ခရီးသည်လည်း
ဖြိုးစည် သစ်ပွား၊ စွမ်းအင်အားနှင့်
ယောကျ်ား ငါကိုယ်၊ မြွက်ဟာဆို၍
မိုးကို မျှော်မှန်း၊ ရွှေဆီ လှမ်းသည်
နွတ်ခွန်း နေသို့ ဆက်မည်တည်း။ ။

(၉၊ ၂၊ ၃၆။)



မင်းသုဝဏ်

Generated by CamScanner from intsig.com

# လက်ဆောင်ပြန်

မိုးသကြန် ရေ သောက်ဆို
ရွှေပိတောက် တဝါဝါ
သင်းကြူနံ့ ဖြာ။ ။

ကျွန်တို့ဆီမှာ
သာပါရဲ့ ဗိုမောင်း။ ။

မောင်ကြီး မာပါစေတဲ့
မလေး ချာပါစေတဲ့
အတာရေ ဖြာဝေ သွန်းလို့ရယ်
ညွှန်းကြ ဆုကောင်း။ ။

(၆၊ ၅၊ ၃၆။)

# ထွေးညိုကမှာ

မြရေကန် ပေါင်ရိုးက
ရေအိုး ယူခဲ့ပါ
ထွေးညိုက မှာ။ ။

ပဒုမ္မာ ရွှေကြာက သင်း။ ။

နှစ်ပွင့် သူ ယှဉ်လို့
အေးကြည်လင် ရေပြည့်အိုးမှာ
ထိုးတတ်လေခြင်း။ ။

(၁၅၊ ၅၊ ၃၆။)

 မင်းသုဝဏ်

၄၄

# နိုး

ဟုတ္တိပတ္တိ ရွာမလို
မိုး တောင်က ညို။

မရွာလို မိုးညို ပျံ့တယ်
ကောင်းကင် ဇာနှံ့။ ။

(၁၇၊ ၅၊ ၃၆။)

## ဝါထွင်းချိန်

ငှက်ကလေးက စိုးစိ စိုးစိ
ဝင်းပေါက်မှာ မြည်။ ။
ချိန်တန်ပြီ ညီမထွေးရဲ့
ဆွမ်းချက်စို့လေး။ ။

ဦးပေါင်းကို ဆွမ်းတော်တင်
သုံးချောင်းထောက် ပြင်။ ။
သံလွင်လွင် ကြေးစည် တီးလို့
ထွန်းတဲ့ ဆီမီး။ ။

အမျှတဲ့ သုံးကြိမ် ဝေ
သွန်းတဲ့ ညောင်ရေ။ ။
မာပါစေ ကမ္ဘာသား
အောက်ထက် နှံလျှား။ ။

ရွာဦးက ကြေးစည်သံ
ကျောင်း ဝေဠုဝန်။ ။
ဆွမ်းတော်ခံ ကိုရင် ကြွလိမ့်
ဆွမ်းအုပ် ပြင်ပ။ ။

(၁၀၂) မင်းသုဝဏ်

ကိုရင်ကြီး ပျိုတို့မောင်
ညိုးနွဲ့ယောင်ယောင်၊ ။

ပျိုတို့မောင် မာပါစ
မေးလိုက်ပါကြ။ ။

မာပါရဲ့ အတွေးရယ်
ပြောလိုက်ပါကွယ်။ ။

ရွာလယ်မှာ ကိုရင် ပန်းသို့
ညိုးလျရှိနွမ်း။ ။

ကပ္ပိယ အဖိုးအို
ဆိုးလှတယ် ဆို။ ။

တို့ကိုရင် ထိပ်ပြောင်သားကို
ခေါက်လိမ့်လေလား။ ။

ဟင်းလေးကို ကျိုချက်လို့
မနက်က ထည့်လိုက်တယ်
ကိုရင့်ဖို့ကွယ်။ ။

ရွာလယ်မှာ သူငယ်လဲတယ်
ဆွမ်းတော်ခွက် ကွဲ။ ။

ချာရစ်လေး မပျောက်ခင်
ထွက်ခဲ့စေချင်။ ။



Generated by CamScanner from intsig.com

လိုင်ပြန်ယင် ဆံရှေ ထားပါနဲ့
သန်းတွေကမျှား။ ။

လိုင်ပြန်ယင် ကိုရင် ဝတ်ဖို့
ပလေကာပ် အနံ့ကျယ်
ဈေးကြိုက ဝယ်။ ။

အနံ့ကျယ် ခါးပုံနွဲ့တယ်
ဆုတ်လိုက်ပါ....တဲ့။ ။

ဆွမ်း တော်ခံ ကိုရင် ကြွတော့
မယ် စလို့ မေးလိုက်တယ်။ ။

ရှင်လိုင်ပြန် ဘယ်တော့ရက်
ထွက်ခဲ့ ပါမယ်။ ။

မျက်နှာ ငယ်ငယ် ဘယ့်နှယ်မှ မမိန့်။ ။

သည် တဝါ အနိုင်ခဲ့လို့
နွဲ့ရရှာလိမ့်။ ။

ကိုရင်ကြီး လာမယ်ဆို
ဝင်းပေါက်က ကြို။ ။

အို အလို ကိုရင်ထွက်ကယ်
ငါး ပေါ်ချက်။ ။

(၂၁၊ ၅၊ ၁၆၊)

 မင်းသုဝဏ်

Generated by CamScanner from intsig.com

၄၆

## ပင်လယ်နီ

ပင်လယ်နီ သည်စခန်း ဆီက
လသလမ်း ကိုတဲ့ မျှော်လိုက်လျှင်။

လှိုင်း ဖြူဖြူ မြူတွေအုပ်ပါလို့
မိုး ကုပ်ကို မြင်။

ရှေ့တူရူ ဝဲယာ လှည့်ကာပ
ကြည့်ပြန်တော့ ရေရှင်ရှင်
မြင်ပြန်ရ စက်ဝိုင်း။

ထီး တည်းငယ် ကြောင်
ယီးတီး ယောင် တောင်နဲ့
ခရီး မောင် အနေခက်ပါဘိ
လွမ်းသျက် နေ့တိုင်း။ ∎

(၆၊ ၉၊ ၃၆။)



Generated by CamScanner from intsig.com

# ဂါထာခြောက်ဆယ်

[ကာဠုဒါယီ မထေရ်သည် တပေါင်းလပြည့်နေ့၌ ဆောင်းလသည် လွန်လေပြီ၊ ဝသန္တအခါသို့လည်း အစဉ်ရောက်အံ့၊ တောအုပ်သည်လည်း ကောင်းစွာ ပွင့်အံ့၊ ခရီးသွားခြင်းငှာလည်း သင့်အံ့၊ မြတ်စွာဘုရား၏ ဆွေတော်မျိုးတော်တို့ကို ထောက်ပံ့ခြင်းငှာ အခါရောက်ပြီဟု ကြံ၍ မြတ်စွာဘုရားသို့ ကပ်၍ ခြောက်ဆယ်အတိုင်းအရှည်ရှိသော ဂါထာတို့ဖြင့် မြတ်စွာဘုရား ဆွေတော်မျိုးတော်တို့ပြည်သို့ သွားခြင်း၏ ကျေးဇူးကို ချီးမွမ်း၏။ ။မဟာဒုက္ခဝဂ် ဝဏ္ဏတော်ကြီး။ ပယ်မတွဲ။ ၄၄။]

## ပါဠိဂါထာ

ဝိစိတ္တမာလာ သုစိပလ္လဝေဟိ၊
သုသဏ္ဍိတာ မောရကလာပသန္နိဘာ။
ရုက္ခာ ဝိရောစန္တိ ဥဘောသု ပဿေသု၊
သမယော မဟာဝီရ အင်္ဂီရသာနံ။ ။

## မြန်မာကဗျာ

ဝံ့ယာ သီးသီး၊ မြိုင်ခရီး၌
ဒေါင်းမြီး ယပ်သွင်၊ ရောင်ရှင်ရှင်နှင့်
ရွက်စင် နုရွှ၊ တင့်တယ်ကြ၍

ပွင့်လှဆန်းစွာ၊ ပင်တိုင်းဖြာသည်။
မဟာဝီရ အင်္ဂီရသာနံ သမယော*။ ။

သုဖုလ္လိတဂ္ဂါ ဝနဂုမ္ဗနိဿိတာ၊
လတာ အနေကာ သုဝိရာဇမာနာ။
တောသေန္တိ သတ္တေ မဏိမဏ္ဍပါဝ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။ ။

ဖူးပွင့်စုံညီ၊ ဖျားညွန့် ချီသည့်
တောမှီ ချုံလျှိုး၊ ငန်းနွယ်မျိုးတို့
ပြုံးပြက် ရောင်လျှပ်၊ ကျောက်မဏ္ဍပ်သို့
ချစ်အပ် ဖွယ်ရာ၊ ရှုခင်း သာသည်။
မဟာဝီရ အင်္ဂီရသာနံ သမယော။ ။

လတာ အနေကာ ဒုမနိဿိတာ ဝ၊
ပိ ယေဟိ သဒ္ဓိံ သဟိတာ ဝဓူဝ။
ပ လောဘယန္တိ ဟိ သုဂန္ဓဂန္ဓာ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။ ။

---

* မဟာဝီရ၊ ကြီးသောလုံ့လ ရှိတော်မူသော မြတ်စွာဘုရား။ အင်္ဂီရသာနံ၊ ကိုယ်တော်မှ ပြိုးပြိုးပြက်ထွက်သော အရောင်ရှိကုန်သော ဘုရားတို့အ၊ သမယော၊ ခရီးသွားရာအခါတည်း။



Generated by CamScanner from intsig.com

ချစ်သူတကွ၊ မျိုးချွေးမသို့
တော စ အပါး၊ ခရီးသွားအား
ဖြားဖြား ယောင်းယောင်း၊နွယ်ပင်ပေါင်းလည်း
ပျံ့လှောင်းကြိုင်စွာ၊ မွှေးကြပါသည်။
မဟာဝီရ အင်္ဂီရသာန် သမယော။ ။

မယူရသံဃာ ဂိရိမုဒ္ဒနုသိ္မ၊
နစ္စန္တိ နာရီဟိ သမင်္ဂိဘူတာ။
ကူဇန္တိ နာနာမဓုရဿရေဟိ၊
သမယော မဟာဝီရ အင်္ဂီရသာန်။ ။

အိုးဝေ အိုးဝေ၊ တောင်ထိပ်မွှေ၌
ထွေထွေ ထူးထူး၊ တွန်ရင့်ကျူးလျက်
ရှင်မြူး ပါကြ၊ ဥဒေါင်းလှတို့
ဖိုမ ခေါ်ကာ၊ ကကြပါသည်။
မဟာဝီရ အင်္ဂီရသာန် သမယော။ ။

ဝါတော မုဒ္ဒသီတာလာသာဝုရူပေ၊
နဘာစ အဗ္ဘာ ဝိဂတာသမန္တာ။
ဒိသာစ သဗ္ဗာဝ ဝိရောစယန္တိ၊
သမယော မဟာဝီရ အင်္ဂီရသာန်။ ။



Generated by CamScanner from intsig.com

သွင်သွင် သုတ်သွင်း၊ လေချိုညင်းလည်း
သင်းသင်း ပျံ့ပျံ့၊ နူး ညံ့ညံ့တည့်။
မိုးယံ့ကောင်းကင်၊ တိမ်မြူစင်၍
ရှစ်မွှင်မျက်နှာ၊ တောက်ပ ပါသည်။
မဟာဝီရ အင်္ဂီရသာနံ သမယော။ ။

စန္ဒဂ္ဂမေ သဗ္ဗဇနာ ပဟဋ္ဌာ၊
သကဂ်ဏော စိတြကထာ ဝဒန္တာ။
ပိယေဟိ သဒ္ဓိံ အဘိမောဒယန္တိ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။ ။

လဝန်း ပေါ်လျှင်၊ လူပေါင်း ရွှင်လျက်
မြေပြင် တလင်း၊ ချစ်သူချင်း တို့
သတင်း စကား၊ ဆန်း ကြယ်ကြား၍
အားရ ဝမ်းသာ၊ ပျော်ရေး ဖြာသည်။
မဟာ ဝီရ အင်္ဂီရသာနံ သမယော။ ။

ဒူရေ စ ဒိသွာ ဝရစန္ဒရံသိံ၊
ပုပ္ဖိံသု ပုပ္ဖာနိ မဟိတလသ္မိံ။
သမန္တတော ဂန္ဓဂုဏတ္ထိကာနံ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။ ။

ရန့်ကြိုက်သူ၊ ခပ်သိမ်း လူအား
ကြည်ဖြူ ဆက်သ၊ မွှေး ဝေငှသို့
ဖိုးလ ရောင်လျှံ၊ အာရုံ၌
ပန်းပျံ့ မာလာ၊ ပွင့်ကြပါသည်။
မဟာဝီရ အင်္ဂီရသာန် သမယော။ ။

အလင်္ကတံ ဒေဝပုရံဝ ရမ္မံ၊
ကပိလဝတ္ထုံ ဣတိ နာမဓေယျံ။
ကုလနဂရံ ဣဓ သသိရိကံ၊
သမယော မဟာဝီရ အင်္ဂီရသာန်။ ။

သရေ တောက်ပ၊ ကပိလဟု
နာမ ကျော်ထင်၊ မျိုးရပ်ခွင်လည်း
ကြည်လင် ရွှင်လန်း၊ နတ်တို့ကွန်းသို့
အိမ်နန်း ဝေဆာ၊ ဆင်ယင် ပါသည်။
မဟာဝီရ အင်္ဂီရသာန် သမယော။ ။

ဆုဒ္ဓေါဒနော မုနိဝရံ အဘိဒဿနာယ၊
အမစ္စပုင်္ဂဝေ ဒသဓာ အပေသယိ။
ဗလေန သဒ္ဓိံ မဟတာ မုနိန္ဒ၊
သမယော မဟာဝီရ အင်္ဂီရသာန်။ ။

မုနိထွတ်တင်၊ ဘုရားရှင်
မည်တွင် သုဒ္ဓေါ်၊ ခမည်း တော်သည်
ဖူး မြော်လိုလှ၊ မြတ်ဆန္ဒ ကြောင့်
ဆယ်ခါ ကြိမ်ခါ၊ လျှောက်စေ လှာသည်။
မဟာဝိရ အင်္ဂိရသာနံ့ သမယော။ ။

(၃၀၊ ၁၊ ၄၇မှ ၁၊ ၂၊ ၄၇။)

## ရောမ

ရောမတဲ့ ဆို
ချိုပေါက်သည့် တိုင်း။
မတ်မူဆို အာဏာ မိုး လို့
စိုးတဲ့ သည်တိုင်း။ ။

(၂၇၊ ၃၊ ၃၇။)



Generated by CamScanner from intsig.com

၄၉

## သိုးထိန်းလမ်း

တတောင် နှစ်တောင် တောင်တွေ ထပ်ပါလို့
တချုပ် နှစ်ချုပ် တလျှို နှစ်လျှို
အိုင်အင်းတွေက စို။

စောင်း နေက ညို
လေချိုက သွန်း။

သိုးထိန်းသည် ပြန်တဲ့လမ်းမှာလ
စခန်း ဘယ်ဆီ ဖွေလို့
အပန်း ဘယ်ဆီ ဖြေရမ
တဝေဝေ မျှော်အတွေးတွေနဲ့
ခရီးသည် ညည်းတယ်လို့ မအေး သော်ကြောင့်
ဘေးမဲ့ရာ ကျွန်းဆီသို့
တေးဖွဲ့ကာ လှမ်း။ ။

(၂၀၊ ၈၊ ၃၇။)



Generated by CamScanner from intsig.com

၅၀

## မြတ်ရေစင်

မုတ်သုန်ကို ကင်း ထောက်လို့
ပိတောက်မှာ သနွေဝင်
ချမ်းမြတ် ရေစင်။ ။

မုတ်သုန်က ဆင်
ပြည်ခွင်နှံ့ ကျေး။ ။

ပိတောက်က ရှင်
ပြည်ခွင်နှံ့ မွေး။ ။

မြတ်ရေစင် တပေါက်သွန်းလျှင်
ကျွန်းခွင်လုံး အေး။ ။

(၂၈၊ ၁၂၊ ၃၇။)



မင်းသုဝဏ်

Generated by CamScanner from intsig.com

# ကဝိမေဟ်

သမင်ခိုး သည့်
လူဆိုးအကျော်၊ ကဝိမေဟ်ကို
ကော်ရော်ရိုကျိုး၊ ငါ ရှိခိုးသည်
မိုးသို့ ငါ့ဉာဏ် ကျယ်စေသောဝ်။

(၁၉၃၇)

# သစပြည်ိ

သူ့ခေါင်းမှာတဲ့ သပြေညို
ငါ့ခေါင်းမှာတဲ့ သပြေညို။ ။

တို့ပြေမှာ တို့မေ ကမ်းပါတဲ့
သပြေညို ရွှေဘိုပန်းဟာက
လန်းလျက်ပါကို။ ။

ဘာ မလျော့လေနဲ့
လာတော့မကွဲ့ ရွှေပဟိုရ်
လေချိုက အသွေး။ ။

လင်းကြက် အဆော်
ကွင်းထက်မှာ တူပျော်ပျော်နဲ့
စည်တော်ကို ရည်မျှော်မှန်းကာပ
ရောင်နီမှာ အောင်စည်ရှမ်းရအောင်
သပြေညို ရွှေဘိုပန်းရယ်နဲ့
လှမ်းကြွစို့လေး။ ။

(၄၊ ၁၊ ၃၈။)

 မင်းသုဝဏ်

Generated by CamScanner from intsig.com

# ဆောင်ဒွက်စရိုတက္ကသိုလ်

## ၁။ တက္ကသိုလ်

ကုန်းမို့မို့ မြိုင်တန်းက
မြစ်ဝှမ်းကို ကာရံ
နတ်ဖန်သို့လေး။

တန်ဆောင်း အလျှိုလျှိုနဲ့
ကျောင်းရိပ် သူခိုလို့
တက္ကသိုလ် ကမ္ဘာဇာတ်ကို
သုံးသပ်တယ် လေး။ ။

## ၂။ မြက်ပန်း

ပန်းပွင့်ဝါ မြက်ခင်းက
နေမင်းကို ဂုဏ်ပြိုင်တယ်
နိုင်ပါစေ့လေး။

ရွက်သစ်တွေ ဖြာစည်တဲ့
သစ်ရိပ်ညို မြေအခင်းမှာ
ကျင်းတဲ့ စစ်ရေး။ ။

### ၃။ လှေပွဲ

နွေရာသီ လှေပွဲတဲ့
နွှဲကြစို့ အတူတူ
ပြောက်ယူခဲ့လေး။

တို့လောင်း အောင်လံနဲ့
တို့ကျောင်း နိုင်ပြန်က
ပွဲထင်သံ ညံ့လိုဟီးအောင်
မိုး ဖောက်မယ်လေး။ ။

### ၄။ မြစ်ရေညို

သစ် ရိပ် မှာ ငါ အိပ်လို့
မြစ် ဆိပ် က ငါ မျှော်
ပျော်တယ်ကွဲ့ လေး။

လှေ လောင်း စုန် ဆန် နဲ့
သစ် ရိပ်ပြန် ရေယက်ပန်း မှာ
ဆန်း တင့်တယ်လေး။ ။

### ၅။ ဆည်းဆာချိန်

ချိန်ဆည်းဆာ ရီလဲ့တော့
တေး တွဲ့တဲ့ ငှက်သံယံ
သိုက်ယံကာ လေး။



Generated by CamScanner from intsig.com

မြေဝိုင်း သာယာနဲ့
မြက်ခင်း ညီညာနဲ့
သစ်ရိပ်မှာ ဇာတ်စုံခင်းတယ်
မင်း မင်း ပျော်ရေး။ ။

( ၆၊ ၆၊ ၃၀။ )



Generated by CamScanner from intsig.com

# အမိမြန်မာပြည်အမှို

## ဝါကျွတ်ကန်တော့ပန်း

မလာဖြစ် နိုင်ဘု
ဝါခေတ် တခါ ကုန်တော့
မိုး ရောင်စုံ ကျွတ်သီတင်း ကိုလ
ရင်တွင်း က ပူဆာဆာ။ ။

သူတကာ ကန်တော့ပွဲ တွေနှင့်
ညီအစ်ကို မောင် နှမ် တွဲ ပါလို့
ရွာထဲမှာ လူ ရောင် ပြချိန်မို့
နေညိုမှာ မေအို တရှာလိမ့်
စာဆို လာလိုလှ သော်လည်း
မှန်း ဆရုံသာ။ ။

နတ်ညီနောင် စား ဖို့ကြား ဆိုက
မွန်း စာဆို ဘယ်ကို သွားတယ်လို့
လှေကား ကို သူတို့ မေးပြန်တော့
ဆိုတေး သံ မကြားတာဖြင့်
တဝါနှစ်ဝါသို့ လျား ပေါ့လို့
လှေကား က အဖြေလာ
စာဆို မောင့် ငယ် ပေါင်း။ ။

(၁၂၀) မင်းသုဝဏ်

Generated by CamScanner from intsig.com

မိမြန်မာ
နေ ရပ်ကို ငါ့ရွာလို့
တ ရပ် ရွာ တမြေခြား မှာလ
ဖဝါး ယောင်သာ ပြုပါလို့
ရှာ စုသည် နို့ချိုဖိုးပါပဲ
သည်တဝါ သည်တမိုး ကိုတော့
ကြိုး စား ကာ စာဆို ခဲ့လျှင်ဖြင့်
သုံးမကုန် ကန်တော့ပွဲရယ်နှင့်
ရွာထဲမှာ လူ ရှောင် ပြု နိုင်လိမ့်
သား စာဆို လူညိုလှကိုလ
လွမ်းရာ ခန်း သာ ဝသီက
အပြန်ကို စရန်နှင့် တ ပေတော့
ဝေးက ပန် တောင်း။ ။

(ပြင်သစ်မှာ ရေးသည်)

(၂၄၊ ဝ၊ ၃ဝ။)



Generated by CamScanner from intsig.com

# ၃၃

## ဂျူနီးဗေါးကန်ရိုးနှ

တောင်ခိုးနှင့် တိမ်၊ ရောယှက်လိမ်လျက်
တိမ်နှင့် တောင်ခိုး၊ တောင်ကို မိုး၍
မိုးကို မမြင်၊ ကန် ရေပြင်တွင်
ငွေသွင် တိမ်ရိပ် ကူး သတည်း။ ။

(၁၂၊ ၄၊ ၃၉။)



Generated by CamScanner from intsig.com

# ငါ့တာဝန်

သူတည်း တယောက်၊ ကောင်းဖို့ ရောက်အောင်
မစောင့်ရှောက်ဖို့ရန်၊ ငါ့တာ ဝန်တည်း။

ရွှေအိမ်နန်း နှင့်၊ ကြငှန်း လည်းခံ
မတ် ပေါင်း ရုံလျှက်၊ ပျော်စံရိပ်ငြိမ်
စည်း စိမ် မကွာ၊ ငါချမ်းသာလည်း
သမုဒ္ဒရာ၊ ရေမျက်နှာထက်
ခဏတက်သည်၊ ရေပွက်ပမာ
တသက်လျှာတည်း။

ကြင်နာ သနား၊ သူ့အား မသတ်
ငါလျှင် လွှတ်အံ့
မလွှတ် ကြမှာ၊ ရှေးက ပါလည်း
သက်သာ စေကြောင်း၊ ငါဆုတောင်းအံ့
အပေါင်း များ စွာ၊ သတ္တ ဝါတည်း။

ရှိခိုး ကော်ရော်၊ ပူဇော်အကျွန်
ပန်လိုက်တုံအံ့
ခိုက်ကြုံ ကံဆက်၊ သံသာစက်နှိုက်
ကြိုက်လတ် စဉ်တွင်၊ ကြင်ချစ်ခင်၍



Generated by CamScanner from intsig.com

အသင်နှင့် ငါ၊ သူတို့ ပေါ်လျှင်
ကျင့်ရာ တရား၊ ဝတ် မြောက်မြား ကို
တပါး မကျန်၊ ကျင့်သုံး ကြံအုံ့
နက်ဖြန် မဝေး၊ ချိန်ကာလေးတွင်၊
သွေးလိမ့် အနိစ္စာ၊ တို့ခန္ဓာတည်း။ ။

(အနန္တသူရိယကို လိုက်သည်။)

(၁၉၄၁၊ ဖေဖေါ်ဝါရီ၊ ဒို့၊၈၀)



မင်းသုဝဏ်

Generated by CamScanner from intsig.com

## နောက်ပိုး

ပျိုလေ့အိမ် စုံစမ်းလို့
အုတ်လမ်း ခပ်သာသာ
ညနေတိုင်း လာ။

တညခါ
လသာမှာ ကြုံကြိုက်။

ပျိုလေ့အိမ် သည်ဟာလားတဲ့
စကား ဖြစ်ရုံ ပြောရှာရ
မောတုန့်လို့ ဟိုက်။ ။

(၁၉၄၁၊ မတ်၊ တက္ကသိုလ်ကျောင်းတိုက် မဂ္ဂဇင်း)



Generated by CamScanner from intsig.com

# မိခင်နှင့် ရင်သွေး

ကြက်ဦးသံနှင့်၊ ပန်းနှယ် ပွင့်သား
မိခင့် သက်လျာ၊ နိုးသံ သာသည်
ကမ္ဘာလောက အေးမြမြ။ ။

အိပ်တန်း လှုံသော်
ပန်းငုံနှယ် ဖူး၊ မေ့သက်ဖူးကား
သိကျူးသံ ဆိတ် လရောင်ရိပ်။ ။

ကျောက်ရှ် ကန်ရှ်၊ ဦးဖြင့် ဝှေ့လျက်
မွေးမေ့ သည်းချာ၊ နိုးပြန်ပါသော်
လိုရာ စမ်းသပ်၊ ပါးနှင့် အပ်၍
ပွင့်ချပ် ဖြူဖွေး၊ ပန်းနှယ် ကွေးသည်
ပိုက်ထွေး ရင်ကြား မိခင် ထား။ ။

(၃၀၊ ၆၊ ၄၁။)



မင်းသုဝဏ်

Generated by CamScanner from intsig.com



Generated by CamScanner from intsig.com

# တတိယပိုင်း

## ၁၉၄၆ မှ ၁၉၇၂ ထိ

Generated by CamScanner from intsig.com

## လွတ်ရက်မျှော်

မဲမှောင် စိုစွတ်
ဝါမှ ကျွတ်ရှ
လွှတ်ခဲ့ သည်ခါ
လွန်သာယာသည်
အာကာ လင်း ပွင့်ပြီတကား။

ငါတမူကား
မိုက်မှောင်ကြားဝယ်
သွားလည်း မသာ
နေ မသာနှင့်
ဘယ်ခါလွတ်ရပါအံ့နည်း။ ။

(၁၉၄၆ ခုနှ်၊ ဓာပဒေသာ၊ အမှတ် ၄)



Generated by CamScanner from intsig.com

## ဇာနည်ထုံး

လွှတ်လပ်တော့မည်၊ မြန်မာပြည်တည့်
ဇာနည်တို့ထုံး၊ ပိုက်ယူကျုံး၍
လက်ရုံး ကျွန်းခက် လှုံစေမင်း။ ။

လွှတ်လပ်သောခါ၊ အိုမြန်မာတို့
ချူချာ နုနွဲ့၊ တအား နွဲ့ကို
ညှာငုံ့ ထောက်တွေး၊ သားငယ် ထွေးသို့
ပြုရေး ညှံ့သက် ကြစေမင်း။ ။

(၁၉၄၇၊ ဒီဇင်ဘာ၊ မြဝတီသွားမဂ္ဂဇင်း၊)



Generated by CamScanner from intsig.com

၇

## သာစုသံ

ဒေါင်းပျို ထိုးဆွပ်၊ ဘယ်ညာနွမ်၍
လွတ်လပ် ရလေ၊ တို့ တတွေသည်၊
အိုးဝေ ကျေးငှး ပါတကား။ ။

အိုးဝေ ကျေးငှး၊ မထိမ်မြှူးပဲ
ခါဦး ကောဇာ၊ ကျ၍အခါတွင်
သာစု ခေါ်ကြ ပါကုန်လော့။ ။

သာစု သံလွင်၊ သောတ ဆင်၍
အသင် ဒေါင်းငယ်၊ မြန်မိမယ်ကို
သက်နှယ် စောင့်ရှောက် နိုင်စေသော်။ ။

(၁၉၄၇၊ အိုးဝေမဂ္ဂဇင်း၊)



Generated by CamScanner from intsig.com

၄

## ဤလယ်ကွင်း

ရှမ်းပြည် ရှမ်းရွာ၊ တောင်ညိုပြာတို့
မြူလွှာ ချုံလွှမ်း၊ နေခြည်ပန်းနှင့်
တင့်ဆန်း ပါပေ သည်တကား။ ။

ရခိုင် ထားဝယ်၊ မြစ် ပင်လယ်လည်း
သွယ်သွယ် လှိုင်းလုံး၊ ယက်သံဖုံးလျက်
ရှင်ပြုံး ပါပေ သည်တကား။ ။

ဆောင်းလသဘင်၊ နှင်း ရှင်ရှင်ဦ
ရွှေစင်ဝါဝင်း၊ ဤလယ်ကွင်းမူ
ပျံ့သင်း ကြူမွှေး၊ ကောက်ရိတ် တေးနှင့်
ကြည်အေး သာချို၊ ချစ်ဖွယ်ပိုသည်
စာဆို ငယ်ပေါင်း ပေတကား။ ။

(၁၉၄၇ ခုနှစ်၊ ဓသယဒေသာ၊ အမှတ် ၆)၊





Generated by CamScanner from intsig.com

၅

## အကြိုတော်

ဥဩပမာ၊ သကြၤန်ခါ၌
ကြည်သာချိုအေး၊ မေတ္တာ တေးဖြင့်
ရှေ့ပြေး နှစ်ဦး၊ ပုရစ်ဖူးကို
ရင့်ကျူး ခေါ်၏၊ ကြွပါလှည့်။ ။

ပိတောက် ပမာ၊ သကြၤန် ခါ၌
ကြေညာ မွှေးပျံ၊ မေတ္တာနံ့ဖြင့်
ပွင့်အုံ ငုံပန်း၊ ချိန်နှစ် ဆန်းကို
ဆွတ်ဖျန်းခေါ်၏၊ ကြွပါလှည့်။ ။

ရေအေး ပမာ၊ သကြၤန်ခါ၌
ရောနှယ်ဖြိုး၊ မေတ္တာ မိုးဖြင့်
ပွားတိုး ပျံ့ကွန့်၊ နှစ်သစ် ညွန့်ကို
လောင်းသွန့် ခေါ်၏၊ ကြွပါလှည့်။ ။

(၁၉၄၇ ခုနှ်၊ စာပဒေသာ၊ အမှတ် ၇)

# နှစ်ဦး

ငုယ် ငုရွှေ၊ ပင်ထက် ဝေလျက်
စုံခြေ မြိုင်ဦး၊ မင်းလှိုင် ပြူးသည်
တန်ခူး ရောက်ပြန် ခဲ့ပြီတကား။ ။

ပန်းဝတ် ပန်းလွှာ၊ ခြေဆွတ် ကာလျှင်
မြေမှာ ပြန့်ပြူး၊ ဝန်းဝိုက် ပြူးသည်
လေရူး နွှေ့ဘက်ပြန် ခဲ့ပြီတကား။ ။

လေပွေ နှင့် ပန်း၊ ဆင်ယင် မြန်းလျက်
ရွှင်ကျွန်း စေသော၊ တေးသံ နှော၍
ဥသြ ငှက်ညို၊ လွမ်းဖွယ် ဆိုသား
ရွှယ်ပျို တန်ခူး၊ ပုရစ် ဖူးသည်
နှစ်ဦး ပေါက်ပြန် ခဲ့ပြီတကား။ ။

(၁၉၄၇ ခုနှစ်၊ ဓာပဓာသာ၊ အမှတ် ၈)

၇

# သန်းခေါင်၏ အရသာ

နားပါး အူမျှ၊ လှသံ တိတ်ဆိတ်
သန်းခေါင်ရိပ်သည်
စိတ်ဝိတက်ကို ပွားစေ၏။

မှောက်တုံ့ လှန်တုံ၊ လိမ့်ပြန် တုံ့နှင့်
အာရုံ ထွေပြား၊ စိတ် ကစားသည်
မျှားလျှား ပွေလီ ရှုပ်သတည်း။

လောဘထူပြော၊ စွယ်ငေါငေါနှင့်
ဒေါသ ခက်ကျိတ်၊ မောဟပိတ်သည့်
ဤစိတ် ဤကိုယ်၊ နုပျိုပျိုကို
ငါ ဆိုဆုံးမ နှိမ်သတည်း။

သူက တပြန်၊ ငါ တပြန်နှင့်
မှောက်လှန် ဦးစိုက်၊ လုံးသတ် ခိုက်တွင်
တိမ်တိုက် လျှပ်ရောင်၊ ဝင်းလက် ပြောင်က
ဤမှောင် လောက၊ ဆိတ်ငြိမ်ညတွင်
ငါ့စိတ် ငါ့ကိုယ် မြူး သတည်း။ ။

(၁၉၄၈၊ အောက်တိုဘာလ၊ မန်း တက္ကသိုလ်မဂ္ဂဇင်း)



Generated by CamScanner from intsig.com

## ၈

# အိုးဝေဆုတောင်း

ဥဒေတယံ၊ ဂါထာသံဖြင့်
နေလျှံရွှေပြေး၊ ရောင်နီအေးတွင်
ဖူးဖွေးကြယ်ပွင့်၊ တံခွန်လွင့်၍
ဒေါင်းမင့်း ညွတ်မှ လွတ်ပြီတည်း။

အိုးဝေ အိုးဝေ၊ တွန်သံ ဝေ၍
မျှဝေခွဲခြမ်း၊ ကမ္ဘာလွှမ်းအောင်
အေးချမ်း သိဆို နိုင်စေသောဝ်။

ဤ လောကကို၊ သာနုပျိုအောင်
စိမ်းစို ညိုမြ၊ မြိုးဆံလှဖြင့်
ကျ၍ ပျော်ဖြေ နိုင်စေသောဝ်။

ကိုယ့်နယ် ပိုင်နက်၊ ကိုယ့်စားကျက်လည်း
သူ့လက်အတွင်း၊ မကျဆင်းပဲ
ရဲတင်းကြံ့ခိုင်၊ မောင့်ရှောက် နိုင်အောင်
စိုးပိုင် အုပ်ချုပ် နိုင်စေသောဝ်။

(၁၉၄၈၊ ဇန္နဝါရီ၊ အိုးဝေသတင်းစာ၊ ၂၊ ၇၀)

## ၉

## ကုတိုရှင်

ဖခင်နိုင်း၍
မုန်တိုင်း ဦးဝယ်၊ လှေလှူး လှော်ကာ
ဆန်တည့်ပါသည်
လေညာ ကုတို့ ဆိပ်ကမ်းသို့။ ။

　　လေဆန် မိုးထန်
လှေဦး လန်သော်၊ ကျောက်ကန် ကြိုးပြီး
ပဲ့နိုင်စီးသည်
ပဲ့ကြီး တွန့်သို့ ကျွန့်လက်တို့။ ။

　　မိုးထွန်းချိန်လောက်
အိမ် ပြန်ရောက်သော်၊ နောက်ဖေး ချောင်တွင်း
မိခင် ကျင်းသည့်၊ ထမင်းပြူပြူ
ဟင်း ပူပူကို၊ ပိုက်စူ နံကား
အကျွန် စားက
မိဖွား နှစ်မြို့ မျက်ရည်စို့။ ။

(၁၉၄၈၊ ရန်ကုန်တက္ကသိုလ်နှစ်လည်မဂ္ဂဇင်း)

# ပြဉ်းမငုတ်တို

ဖုထစ် ရှုတ္တ၊ ငုက် ငှင်းတသို့
ပြဉ်းမ ငုတ်တို၊ သက်ကျား အိုသည်
ကုန်းမို ထက်တွင် တပင်တည်း။

ခွဆုံ အကွေး၊ သစ်ခေါင်း ဆွေးလည်း
အဖေး ဝဘက်လာ၊ အိုင်း အမှာသို့
ကျယ်စွာ ဟက်ပက် ခြအိမ်ပျက်။

ကုန်းမို ကမ်းပါး၊ မြေပတ်ကြွားအင်
စစ်သား ခမောက်၊ ပိန် ခြောက်ခြောက်လည်း
စစ်ရောက် စခန်း လက်ပြည့်နှန်း။

ထိုပင် ငုတ်တို၊ ပြဉ်းမ အိုသည်
စစ်ကိုလည်း ကြုံ၊ ခြအုံလည်းဖြစ်
ဓါးထစ်လည်း ခံ၊ နေလဲ့လည်း တိုက်
လေပြင်း ခိုက်လျက်၊ မငိုက် ဦးခေါင်း
နွေသစ်လောင်းသော်
ရွက်ဟောင်း ညှာကြွေ၊ ရွက်သစ်ဝေ၍
လေပြည် ထဲတွင်၊ ယယ်ရှပ် ဆင်သည်
အသင် ယောကျ်ားကောင်း တကား။ ။

(၁၁း ၁၊ ၄၉၊)





Generated by CamScanner from intsig.com

၁၁

## လေးဆယ်ပြည့်ဆုတောင်း

ရောင်နီလည်း ကျွန်း၊ လင်းချိန်ယွန်း၍
နေဝန်းလည်း တက်၊ ထန်းဖျားထက်မှ
မွန်းဖက်သို့ ချင်း၊ ဤခါ တွင်း၌
ကွေ့ကွင်း ရမှု၊ အကြောင်းပြုသည့်
ရတု ကဗျာ၊ အလွမ်းစာမှ
ငါလျှင် ကင်းခဲ့ ရလေပြီ။ ။

မွန်းလတ် စည့်စည့်၊ ထွန်းရောင် ပြည့်လျက်
မွန်းတည့် ခေါင်ခေါင်၊ မွန်းယိမ်း အောင်လျှင်
အောင်ရာ အောင်ကြောင်း၊ အောင်ပွဲကောင်းနှင့်
အောင်မောင်း သံသာ၊ ခြေင်း စာပြန့်
ငါလျှင် အောင်ရ ပါလို့၏။ ။

ဒါနေဘက်သို့ တိမ်း၊ နေခြည်ငြိမ်း၍
ပွဲသိမ်း ချိန်တော်၊ နီးခါသော်၌
မှန်းမျှော် မှာကာမ်း၊ ပြာရီလမ်းတွင်
မလွှမ်း မပူ၊ အေးလူလူနှင့်



Generated by CamScanner from intsig.com

·သန့်ပြန့် ကြည်စင်၊ ယာဉ်လှ ညင်ကို
·ပုံ့စင် ကြပ်မှူး၊ မှာရယ် ကူးဖို့
သိကျူးကြပါ၊ ပျှို့ လက်ဘဖြင့်
·ငါလျှင် ကူးရ ပါလိုသောဝ်။ ။

(၁၅၊ ၇၊ ၄၉။)





Generated by CamScanner from intsig.com

## သူ့မျှော်ခင်း

ဟိုစမ်း သည်တောက်၊ ကြွတ် လမ်းလျှောက်၍၊
ရေနောက် မှော်ကြား၊ မျှော့ လျှားလျှားသည်
သည်းယားစဖွယ် မိုးကာလ။ ။

ဖက်ကျိ တိုင်တက်၊ တီ လမ်းထွက်၍
တန်စက်ကြောင်းတွင်၊ ဖား အုံအင်သည်
ငြီးချင်စဖွယ် မိုးကာလ။ ။

ဖွဲဆုပ် ကိုင်လျက်၊ ကြဲ၍ ပက်သို့
ညဖက် နေညို၊ ခြင်တပ် ပြိုသည်
ငိုချင်စဖွယ် မိုးကာလ။ ။

အိမ်ပြန် ယောကျ်ား၊ လယ် သမားကား
ဖေ့သား ညီနောင်၊ ထွန်ကို ဆောင်နိုက်
နေရောင် ထဲတွင်၊ မြွေကိုမြင်သည်
လှေ့စင်ပေါ်မှ တဖွဲ့ဖွဲ့။ ။

(၂၃၊ ၇၊ ၄၉၊)



Generated by CamScanner from intsig.com

## အာကသတ္တိ

ခပန်း ခေါင်းတင်၊ ကြမ်းပြင် ကြောခင်း
အာတင်း ကတွတ်၊ နှုတ်မှ လွှတ်၍
ဓါးဝတ် လျှောပြေ၊ ဗလပွေ့နှင့်
ဖားဝေ ဦးသံ၊ သန်းရှာခံသည်
မျက်ခွံ့ ပေတီ ပေမှေးနှင့်။ ။

ထိုသူမလျှင်
ခဏ အတွင်း၊ အိမ်နီးချင်းနှင့်
အခြင်းများကာ၊ ဒေါမာန်ပါနှင့်
လှဲ့ရာမှ ထ၊ ထမီ မ၍
အာက ကြောက်ဖွယ်၊ နှုတ်ကြွယ်ကြွယ်နှင့်
လှယ်ကာ သစ်သစ်၊ ဆဲဆို ဟစ်သည်
ခုနစ် အိမ်ကြား ရှစ် အိမ်ကြား။ ။

(၉၊ ၁၊ ၅၀။)



Generated by CamScanner from intsig.com

## အာဝဇာနည် အစလေးမြဲ

ငါတို့ အတွက်၊ ကိုယ့် အသက်ကို
မကွက် မညှာ၊ စွန့်ကြဲ ရှာသည်
ဇာနည်နွယ်ဘွား၊ သူတို့အားလျှင်
ညွတ်တွား သမှု၊ အလေးပြု၍
သာဓုနှုမော်၊ ကောင်းချီး ခေါ်သည်
ခြောက်ဖော် နတ်ဂဏ ကြားစေသောဝ်။ ။

(၄၊ ၁၊ ၅၃။)



Generated by CamScanner from intsig.com

၀၅

## ဒေါင်းမိခင်၏ စကားသုံးခွန်း

နားဆို့နတ်ပိတ်၊ မျက်စိ မှိတ်သည်
အဟိတ် မပြား၊ ယုတ် တရားကို
မေ့သား မျက်ပျံ့၊ တိုက်ဖျက်နှင့်၍
ဒေါင်းလံ လွင့်နိုင်ပါစေသောဝ်။

ကြီးနိုင် ငယ်ညှဉ်း၊ ကိုယ်စိတ် ကျဉ်းအောင်
ဖြိုးဖျဉ်း မုန်းထား၊ ယုတ်တရားကို
မေ့သား သက်နှံ့၊ တိုက်ဖျက်နှင့်၍
ဒေါင်းသံ ရင့်နိုင် ပါစေသောဝ်။

မျက်နှာ ရွေးချယ်၊ ကြီးနှင့် ငယ်ဟု
လူဝယ် ခွဲခြား၊ ယုတ်တရားကို
မေ့သား ညက်စံ၊ တိုက်ဖျက်နှင့်၍
ဒေါင်းပျံ့ ဝင့်နိုင် ပါစေသောဝ်။ ။

(၁၉၅၆-၅၇၊ အိုးဝေမဂ္ဂဇင်း)



မင်းသုဝဏ်

Generated by CamScanner from intsig.com

# သီတင်းကျွတ်

တလှန့်လှန့်နှင့်
မိုးညှန့် ရောင်ရှင်၊ ယမ်းပွဲဆင်သည်
ကောင်းကင် ကြယ်ပွင့် နှယ်တကား။

တလှုပ်လှုပ်နှင့်
လူအုပ် ရော၊ မီးကြည့်လာသည်
မြစ်မှာ ဗေဒါ နှယ်တကား။

ကြယ်ပွင့် ကြားတွင်၊ ဗေဒါပင်တို့
ထွက်ဝင် တိုးဝှေ့၊ တရွေ့ရွေ့နှင့်
ကွေ့တုံ ကောက်ချည်၊ သွားလေသည်ကား
ချာလည် လောက နှယ်တကား။ ။

(၁၉၅၇၊ အောက်တိုဘာ၊ ခလေးဂျာနယ်)



Generated by CamScanner from intsig.com

၀၇

# ဝေးကမျှော်

ပြည်းမ ကြေ့၍
ပြာဝေ မိုးပန်း၊ သူတို့လှန်းက
မျှော်မှန်း မိပါ၊ ကျောင်းရိပ်သာတည်။ ။

တိမ်ညိုမှိုင်း၍
မှန်တိုင်း ဆင်ကာ၊ မိုးပန်းလွှာတို့
လေမှာ ပျံ့ဝဲ၊ ဘယ်ညာကြဲက
စိတ်ထဲ မြင်ယောင်၊ ကျောင်းရိပ် ဆောင်တည်။ ။

မြင်ယောင် မျှော်မှန်း၊ ဝေးစခန်းက
လုပ်ငန်း ဝန်တာ၊ ပြီးသောခါဝယ်
အည်းဆာရိပဲ့၊ ငါပြန်ခဲ့၍
ကိုင်းနွဲ့ မိန်းပန်း၊ ပြည်းမန်းတွင်
စခန်းချကာ၊ စက်ချင်ပါသည်
ရိပ်သာကျောင်းဝင်းဆီမှာတည်း။ ။

(၁၉၅၇-၅၈၊ အိုးဝေမဂ္ဂဇင်း၊)





Generated by CamScanner from intsig.com

## ဒိချောင်း၊သံစဉ

လတာ ကမ်းဆိပ်၊ လမုရိပ်၌
ချေးသိပ် ထိုင်နေ၊ ငါရှလေသည်
မြစ်ရေမှာလိုက် ဗေဒါဒိုက်။ ။

မြင်ကြောင်း ရေပီး၊ ခွန်အားကြီးနှင့်
ခရီး အညာ၊ ဆန်သော်ခါလျှင်
ဗေဒါဟန်ကျင်း၊ မြစ်လုံးချင်းမျှ
စစ်ခင်းသည့်ယောင်၊ မှုရာဆောင်သည်
ယဉ်အောင်ထက်ဒွင် တကြွားကြွား။ ။

ဝါဝန်ပြီး၍
မြစ်ကြီး အကြေ၊ စုန်ဆင်း လေသော်
ဗေဒါ ဟန်ပြ၊ ရေထက်ကလျှင်
မြစ်မ ကျေးဇူး၊ သူ့ ထိမ် မြူးသည်
ရေဦး ရေထ အခါတကား။ ။

ရေဆုတ် သက်သက်၊ ရေသေရက်ကြောင့်
ရေတက် ရေကျ၊ အားပါးလျှသော်

ဆင်းယားကန်သို့ ဒိုကုတို

မြစ်မ တောင်ကွေး၊ မြစ်ကမ်းဘေး၌
ခွေးပုပ် လူပုပ်၊ မစင်ပုပ်နှင့်
မလှုပ် ရှက်သာ၊ ဝပ်ကြို ကာလျှင်
ဗေဒါဂုဏ်ညို၊ ချုံတောတိုးသည်
တန်ခိုး ပျော့ကိုကို လွှမ်းလျက်တည်း။ ။

(၂၊ ၇၊ ၅၉)

၁၉

## ပုဂံမြို့ သရပါ တံခါးသို့

မြွားနှင့် ပွားနှင့်၊ ရုံခြား ဝင့်၍
မင်းမင့် ဦးဆောင်း၊ ရန်အပေါင်းကို
နှင်မောင်း ရကား၊ သင်တံခါးတည့်။

ကျိုင်းနှင့် သိုင်းနှင့်၊ ရွှေထီး ပွင့်၍
မင်းမင့် သခင်၊ အောင်ပွဲ ရွှင်လျက်
ပြည်ဝင်ရကား၊ သင်တံခါးတည့်။

ဆွမ်းနှင့် ကွမ်းနှင့်၊ သီဒီးဆင့်၍
မင်းမင့် ခေါင်ထွက်၊ စည်းနှုံးမြွတ်သို့
ထွက်ခွာရကား၊ သင်တံခါးတည့်။

ထီးသည်း နန်းသည်း
မြို့သည်း သည်ည၊ သင်း သုံးဝနှင့်
ကြံ့ရသည့်ပြင်၊ သင့် ကိုယ်ပင်လျက်
မငြိမ် ကျက်ညှီး၊ အထွတ်ကျိုး၍
မှုံးမနှယ်၊ မျက်နှာငယ်လည်း
မ[illegible]ရှာ၊ မြင်ခြင်းရကို



Generated by CamScanner from intsig.com

ရဲစွာ ဆိုင်လျက်၊ တည်ငြိမ် သက်သေ၁်
တက်သည်မိုးမျှ၊ ငါ့မာနလည်း
လျှော့ကျ မြေဆီ၊ လက်အုပ်ချီသည်
ခန္တီဝင်စား၊ ရှင်တံခါးတည့်။ ။

(၂၇၊ ၆၊ ၆၀)



Generated by CamScanner from intsig.com

၂၀

# အပြုံးနှင့်အငို

ရွှေရည်ဝင်းမှည့်၊ ကွင်းလုံးပြည့်လျက်
မျှော်ကြည့်လေရာ၊ လေပြည်သာတွင်
သွယ်ဖြာ မဆုံး၊ လှိုင်းအိပုံးသည်
အပြုံးချစ်ဖွယ် ပါတကား။ .

ချစ်ဖွယ် အပြုံး၊ လှိုင်းအိပုံးသော်
တောသုံးထောင်မှ၊ ကျေးညီမြတို့
ဖိုမ မောင်မယ်၊ ခွန်းတုံ့လှယ်လျက်
နေဝယ်တောက်ညီး၊ ရွှေရည်သီးကို
ဖျက်ဆီး သူတို့ နှောင့်သတည်း။

လျှပ်စီး လောင်တောက်၊ နှုမြုပေါက်၍
ခြိမ်းခြောက် မုန်တိုင်း၊ ဒိုးပုံစိုင်းသော်
ရေလှိုင်း မောက်မို၊ မိုးလုံးညိုသည်
အငို ကြောက်ဖွယ် ပါတကား။

ကြောက်ဖွယ် အငို၊ မိုးလုံးညိုလည်း
တကိုယ် မတ်တတ်၊ ဗျိုင်းဖြူဆွတ်ကား
ကင်း ဝတ်တာကျ၊ ရဲသူရသို့
လွန်ဒွှာ့ ကျယ်ခြင်း၊ ဤလယ်ကွင်းကို
ရဲကင်းသူလျှင် စောင့်သတည်း။ ။

(၁၀၊ ၇၊ ၆၀)



Generated by CamScanner from intsig.com

## မေတ္တာသုတ်

ဒေါသဖြစ်၍
ပူခြစ် လောင်တောက်၊ ငါစိတ် ဖေါက်သည်
မြွေဟောက် ပါးပျဉ်း နှယ်တကား။ ။

စာပေ နှိုးနှော၊ စကားပြောက
ဒေါသ ပြေခဲ့ဘူး၏ သျှင့်။ ။

စာပေ ကြည့်လျက်၊ ကြံလေ့ ကျက်က
အမျက် ပြေခဲ့ဘူး၏ သျှင့်။ ။

ဤတခါမူ
ပူသည် ဒေါသ၊ ထသည် အမျက်
ထွက်သည် စိတ်ကျုန်း၊ မနိုင်စွမ်း၍
အေးချမ်း မေတ္တာ၊ သုတ်ကို နာသော်
ပမာ တောက်ညီး၊ တောင်ထက် မီးကို
မိုးကြီး ငြိမ်းသို့ ငြိမ်းသည်တည်း။ ။

(၁၁၊ ၈၊ ၆၀။)

 မင်းသုဝဏ်

Generated by CamScanner from intsig.com

## ၂၂
## မိဖသက်လျှာ

ပြေစ ပုရစ်၊ ရွက်နုသစ်သို့
ကြင်ချစ် စပွယ်၊ သမီးငယ်သည်
သူ့မယ် ရင်ခွင် ထက်မှာတည်း။

ပြုံးရယ် ရွှင်လန်း၊ ပွင့်စပန်းသို့
နှုတ်ခွန်း ချိုချို၊ သူဆက် လိုသည်
ရွှင်စိုကြည်လင် မျက်နှာတည်း။

ကလူ အဲ့အဲ့၊ တန့်န့်နှင့်
အိုဘဲ့ အလှ၊ ရှမဝကား
မိဖ ဆွေကြင် သက်လျှာတည်း။

(၁၉၆၀၊ စက်တင်ဘာ၊ ငွေတာရီ)



Generated by CamScanner from intsig.com

## ၂၃

# ဧည့်သည်တော်

နေရောင်ခြည်ထိုး၊ လုပ်ငန်းကြိုးကိုက်
မိုးတိုးမတ်တတ်၊ သူလာရပ်၍
စပ်မိ ဝပ်ရာ၊ ပြောပြီးခါလျှင်
လာရာ ဝင်းဝ၊ နေခြည်လှသို့
နှုတ်မျှမဆက်၊ သူခွာထွက်ခဲ့။

အလုပ်ပါးမှ၊ သတိရလျက်
ရွာမ ရှေ့နောက်၊ ရွာ့တောင် မြောက်ကို
အိမ်ပေါက် အစေ့၊ ထွက်ဝင်၍လျှင်
တွေ့လို တွေ့ငြား၊ ငါရှာသွားသည်
ကြိုကြား မကြွင်း၊ ရောက်ကုံလျှင်းခဲ့။

ထန်းဖျားသာသာ၊ ဈေးစည်ခါမို့
တွေ့ပါလိမ့်နိုး၊ မျှော်ခေါ်ကိုးလျက်
တိုးကာ ဝှေ့ကာ၊ လှည့်လည်ရှာလည်း
ဈေးသာကွဲ၍၊ ရှာမတွေ့ခဲ့။

၁၉၅၄ မင်းသုဝဏ်

လှည်းဆိပ် လှေဆိပ်၊ ပြဉ်ညောင်ရိပ်နှင့်
ရွာထိပ် နတ်စင်၊ ရေအိုးစင်က
ရွာဝင် တံခါး၊ မုန့်ပို့များလည်း
တပါး မလပ်၊ ခြေရာထပ်ခဲ့။

မြင်ယောင်လျက်သာ၊ သူ့မျက်နှာတည့်
ကြားပါလျက်ပင်၊ သူ့သံစဉ်တည့်
သို့လျှင် တခေါ၊ ငါရှာဖွေလည်း
အမွေအစ၊ မတွေ့ရပဲ
ချမ်းမြနေခြည်၊ နောက်သို့ပြည်ခဲ့။

မိုးသောက်ထလျှင်၊ လုပ်ငန်းခွင်၌
ငါလျှင် စူးစိုက်၊ လုပ်ဆောင်ခိုက်ကို
စိုက်စိုက်ဝင်ကာ၊ ရောက်ပြန်လာ၍
ထွေရာလေးပါး၊ သူပြောကြားလျက်
ထွက်သွားပြန်သည်၊ ဝင်းနေခြည်သို့။

သူ၏ သဘော၊ သူ့အကြောင်းကို
သိသောခုခါ၊ အိမ်ဦးမှာ၌
ကွမ်းယာ အသင့်၊ ဖျာ အသင့်နှင့်
စောင့်လင့်ကြိုတင်၊ ငါမြင်ဆင်သည်



Generated by CamScanner from intsig.com

# သူ၏စကား

မီးစာလည်း ကုန်၊ ဆီလည်း ကုန်လည်း
မကုန် နိုင်သေး၊ သူ၏ စကား
အတွေး ကျယ်ဝန်း၊ အမျှင်တန်းလျက်
နိဒါန်း မျှသာ ခင်းသတည်း။ ။

သို့ကြောင့်ပြင်ဖက်၊ လရောင်ထွက်၍
ဆက်လက် ကုံးစီ၊ သူလျှင် သီသော်
ရောင်နီ ပေါ်မှ၊ နိဂုံး ချလျက်
အစ သတ်နိုင် လျှင်းသတည်း။ ။

လရောင်တွင် မွေး၊ သူ၏ စကား
အေးသည့် လနှယ်၊ မေတ္တာကြွယ်၍
ကျယ်သည် မိုးခန်း၊ စိတ်ထားပြန့်လျက်
လူ့ဝန်နှံ့ခိုရာ၊ ချမ်းရိပ်သာဖြင့်
ညို့ပြာ ကြည်လဲ့ ဝင်းသတည်း။ ။

(၁၉၆၁၊ ဖေဖော်ဝါရီ၊ မြဝတီ)



Generated by CamScanner from intsig.com

၂၅

## အင်းလေးကန်

တောင်ပတ်ဝန်း၍
မျှော်မှန်း လေရာ၊ စိမ်းလဲ့ပြာသည်
နန္ဒာကန်လော၊ ငါတွေးတောခဲ့။ ။

သစ္စာ မချွတ်၊ မေတ္တာ ဆုတ်၍
ညီညွတ် မျှတ၊ ဆက်ဆံကြသည်
ဓမ္မ ပါလော၊ ငါ တွေးတောခဲ့။ ။

ထိုအင်း ထိုကန်၊ ထိုရပ်ဌာန်တွင်
ကြည်မွှန် တရား၊ ကျင့်ပွား များလျက်
ရှည်လျား သံသာ၊ တိုကြောင်းရှာမူ
သင့်ရာ သလော၊ ငါတွေးတောခဲ့။ ။

သို့တွေးတောလည်း
သံယောဇဉ်တပ်၊ ငါ့မွေးရပ်သို့
ချဉ်းကပ်ရန်သာ၊ ရှောင်ခဲ့ခွာသည်
ဘယ်ခါဆန္ဒ ပြည့်ပါအံ့။ ။

(၁၉၆၁၊ ဖေဖော်ဝါရီ၊ ငွေတာရီ)



Generated by CamScanner from intsig.com

## မျှော်စရာ

တမဲမဲလျှင်
မေပဲ မေနိုင် ဘိတော့သည်။ ။

တပွဲဖွဲ့လျှင်
စွေပဲ ခွေနိုင် ဘိတော့သည်။ ။

သို့လျှင် တွေး၍
စိတ် လေး ပူဆာ၊ ညှိုး လျ ခါ၌
သည်း ချာ ရင်သွေး၊ သမီး ထွေး နှင့်
လူလေး ညီကို၊ ခန်း ရိပ်ညိုမှ
ကြည်ချို စိတ်ဝမ်း၊ ပြုံး ရယ်လန်း သော်
နေဝန်း ပေါ်သို့ လင်း သည်တည်း။ ။

(၁၉၆၁၊ ဩဂုတ်လ၊ ငွေတာရီ)



Generated by CamScanner from intsig.com

# နောင်တသံသရာ

ကြံမိမှား၍
တရားနောင်တ၊ နေခြည်ပသို
ရခဲ့သည်လည်း များခဲ့ပြီ။ ။

ဆိုမိမှား၍
တရားနောင်တ၊ နေခြည်ပသို
ရခဲ့သည်လည်း များခဲ့ပြီ။ ။

ပြုမိမှား၍
တရားနောင်တ၊ နေခြည်ပသို
ရခဲ့သည်လည်း များခဲ့ပြီ။ ။

နောင်တကင်းရာ၊ မြတ်ချမ်းသာကို
ငါလျှင်ဘယ်နံ့၊ ရပါအံ့ဟု
မျှော်ငံ့ခိုက်တွင်၊ နေမင်းဝင်သည်
မှောင်တွင်းစမ်း၍ လှမ်းရသော။ ။

(၁၊ ၁၁၊ ၆၁။)

 မင်းသုဝဏ်

# နိုးလင်းချိန်

တုံးမောင်း ခေါက်၍
မိုးသောက်ခါဆီ၊ နိုး လေပြီဟု
ရောင်နီ မျှော်လျက် စောင့်မိသည်။

အဆိတ် အမိုက်၊ နောက်ရောင်လိုက်သည်
အိပ်ငိုက် ပိုးသံ၊ နားဆူညံတို့
သောက်ယံ ငှက် ကျေး၊ သံစုံတေးတွင်
မေ့၍ မှိတ်ကြ ပြီတကား။

ပင့်ကူ ကွန်ပျက်၊ မှောင်မှ ထွက်မည့်
နံနက် နေခြည်၊ ဝင်း ကြည်ကြည်ကို
ဆီးရည်ဆွတ်ဖျန်း၊ ရောင်စုံပန်းတို့
နှုတ်ခွန်း ဆက်ကြို၊ သင်းနံ့ချိုသည်
ပဟိုရ် ရွှမ်းကြပြီတကား။

ကြယ်နီ ရွှေပြေး၊ နေခြည်အေးလည်း
မှောင်မြေး ပယ်ချ၊ ထိုခဏ၌
မိုး ဝ ကောင်းကင်၊ လင်းတပ်ဆင်သည်
လူ့ခွင် နှိုးလှုပ်ရန်ပို့တည်း။

(၁၅၊ ၁၂၊ ၆၁။)

ဆင်၊ယာ၊ကန်သို့ ဒိုကုတို့ (၁၆၁)
၊၊ ၊၊

Generated by CamScanner from intsig.com

## ယောက်ျား ဘသား

မြောက်ပြန် လေဆိုး၊ သူကြီးငိုးလျက်
နှင်း မိုး စွေပွဲ၊ အချမ်း ကဲသည်
ရိုးထဲ ခြင်ဆီ ခိုက်ခဲ့ပြီ။ ။

ခိုက်ခိုက် တုန်၍
နှင်း မှုန် ဝဲကျ၊ သောကောင်းပေါ်
ဒုကျွပြင်ကျယ်၊ လှိုင်း ပင်လယ်ဘွင်
လောင်း ငယ်တက်ရှင်၊ နှမ်း မြင်သည်
သလျှင် ကောင်းစွ သူတောင်းဘ။ ။

သို့ တောင့်တလည်း
အာက ယောက်ျား၊ ငါတကားဟု
ဘသား တင်းကာ၊ လှော်ပဲ့ပေါ်သော်
အာကာ ရှေ့ပြင်၊ မဒါင်း နုတ်ရှင်သည်
ကြည်လင်ထွန်းပ၊ လှေဦး မှလည်း
နီစွ အခံ၊ ကြယ်ငယ် ရံ၍
ကြယ်ပျံ သောက်ရှူး၊ တံခွန်မြူးခဲ့
တက်မူး မှန်မှန်၊ လှော်ပဲ့ပြန်သော်

(၂-၆-၂၂) မင်းသုဝဏ်

Generated by CamScanner from intsig.com

ယုဂန် ထိပ်မှ၊ ခွာညိုမြသည်
သင်း ပျ မွှေး ညက်၊ ခွန်း ချိုဆက်၍
လှေတက် လောင်း မော်၊ ပြုံး ရွှင် ပျော်သည်
စတားကြော် တျာကျူး ပင်လယ်ကူး။ ။

(၁၉၆၂၊ ဇန္နဝါရီ၊ ငွေတာရီ)



Generated by CamScanner from intsig.com

၃၀

# သူနာပြုဘုရား

ကိုယ်ရိပ် သဏ္ဍာန်၊ ညီအာနန်နှင့်
မြတ်မှန် ထွတ်ထား၊ တို့ဘုရား သည်
တပါး သောခါ၊ ဒေသစာပြင့်
တိုက်တာ လှည့်၍ ကြည့်သတည်း။ ။

ကျီးသံ သဲသဲ၊ ယင်မဲမဲနှင့်
ပြာမွဲ ညစ်ရောင်၊ ကျောင်းတဆောင်ကို
ဘုန်းခေါင် ဘုရား၊ ဝင်၍ သွားသော်
သနား စဖွယ်၊ ကျောင်းအလယ်၌
ကျင်ငယ် ကျင်ကြီး၊ ဝင်းကြမ်း စီးလျက်
ကိုယ်ထီး လျောင်းရှာ၊ ထေရ်သူနာကို
မြတ်စွာ တွေ့ရပါသတည်း။ ။

အမိသည် သား၊ ပြုသောလားသို့
ဘုရား မြတ်မွန်၊ ညီအာနန်ကို
ချိုးရန် ရေကောင်း၊ ဆောင်ပါ တောင်းလျက်
သွန်းလောင်း သုတ်သင်၊ ပြီးစီး လျှင်မူ
ခေါင်းတွင် ဘုရား၊ လက်တော်ထား၍
ညီဘွား ခြေက၊ ပြိုင်တူ မလျက်
မြတ်လှ နေရာ၊ ညောင်စောင်းသာတွင်
ကောင်းစွာ အိပ်စေ တင်သတည်း။ ။



မင်းသုဝဏ်

Generated by CamScanner from intsig.com

# မိုးမောင်းလာပြီ

မှိုင်းညို ညှို့ရိပ်၊ လူခြေတိတ်၍
ရေသိပ် အနား၊ ရွာတံခါးမှ
ဂုပ်ကျား ကျယ်လောင်၊ ဆီးကြို ဟောင် သော်
မိုးမောင်းလာပြီ ဆိုကြသည်။ ။

ဟောင်သံ ရပ်၍
ထက်ကြပ် ပေါ်လာ၊ အသံမှာကား
ညခါ ငါးထောင်၊ မောင်ဖိုးမောင်သည်
ရွာတောင် ချောင်းက ပြန်ခဲ့ပြီ။ ။

ဖိုးမောင် သံကြား၊ ကင်းသမား က
တံခါးကြီး အောက်၊ မကျယ်ပေါက်ကို
တစ်ယောက် ဝင်သာ၊ ဖွင့်လိုက်ပါသော်
ယာကွင်း ဆုံးဆောင်း၊ ဝဲတက်ချောင်းနှင့်
ခါးတောင်း ကိုက်ကိုင်း၊ ငါး ပလိုင်း ကို
လွယ်ခါ ဦးပြုံးလျှင်၊ ရွာကို ဝင်သည်
လူပင် လေလား၊ တစ္ဆေလား။ ။

(၀၆၆)

မင်းသုဝဏ်

တစ္ဆေ မကြောက်၊ မြွေ မကြောက်ပဲ
တယောက်တည်းပင်၊ ညဉ့်မှောင်တွင်၌
သူလျှင် ငါးရှာ၊ မကျေးပါက
ထိုရွာသူသား၊ လူအများတို့
ငါး စို ငါး စိမ်း တော်ပေလိမ့်။ ။

ဆောင်းတညဉ့်၌
ချမ်းမြ စိမ့်အေး၊ လခြမ်း ကွေး၍
ရွာဘေး ကျိုပျက်၊ မှောင်နက်နက်မှ
ဇီးကွက်က အော်၊ တောက်တဲ့ ကြော်စဉ်
ရွာပေါ် လှမ်းအော်၊ ဂုပ်ကျား ဟောင်သည်
ဖိုးမောင် လာချိန်ပါတကား ။

သို့ဖြစ်သော်ငြား၊ ခါတပါးသို့
တံခါး ဝင်လို၊ သူ မဆိုပဲ
မောင်းကို ထုပါ၊ လူခုပ်ပါဟေ့
ရွာကို အားမှ၊ ကာကွယ်ကြလေ့
ဒမြ ငါ့အား၊ ဖမ်းငြသား ဟု
ကောင်း မဆုံး၊ ဟစ်အော်အုန်းတွင်
ဒိုင်း ဒုန်း ဒိန်း သံ၊ ရွာလုံး ညံသည်
ချောင်းပုံးပဲ့ထင် ထပ်သတည်း။ ။



Generated by CamScanner from intsig.com

ဖိုးမောင့် နိဂုံး၊ ဤတွင် ဆုံးလည်း
ရှာလုံးစိတ်တွင်၊ ဖိုး မောင် ဝင်၍
ပွဲထင်ထပ်ကာ၊ ဟည်းလျက်ပါတည့်
ဘယ်ခါ မဆို၊ ဆီးလင့်ကြိုသို့
မှိုင်းညို ညဥ့်ရိပ်၊ လူခြေတိတ်၌
ရေဆိပ် အနား၊ ရှာတံခါးမှ
ဂုပ်ကျား ကျယ်လောင်၊ ရမ်းရော်ဟောင်သော်
ဖိုးမောင် လာပြီ ဆိုဆဲပင်။ ။

(၅၊ ၁၂၊ ၆၂။)



Generated by CamScanner from intsig.com

## သူ့မှာတမ်း

သူတို့ အဆုတ်၊ ထားခဲ့ မြုပ်သည့်
ဗုံးငုတ် တိုက်မှား၊ မောင်ပြောက်ကျားကို
ရှာသား ရှာသူ၊ မေးကြမြူသည်
အူအူ ယမ်းငွေ့ ထတုန်းတည်း။

အမောင် ပြောက်ကျား၊ ချစ်သူအားကို
ဘာများ မှာခဲ့ လိုသနည်း။

ငယ်က ကြွင်မြတ်၊ မိသက်မှတ်ကို
ခုင်လွတ် ခဲ့ကြောင်း ပြောပါလေ။

အမောင် ပြောက်ကျား၊ မိဖအားကို
ဘာများ မှာခဲ့ လိုသနည်း။

မွေးသည့် မိခင်၊ မွေးဖခင်ကို
ဦးတင် ခဲ့ကြောင်း ပြောပါလေ။

အမောင် ပြောက်ကျား၊ တိုင်းပြည်အားကို
ဘာများ မှာခဲ့ လိုသနည်း။



Generated by CamScanner from intsig.com

ခရီးမတ်တတ်၊ လမ်းခုလတ်တွင်
ကိုယ်လွတ် ရှောင်ခွာ၊ ခွဲရပါ၍
အားနာခဲ့ကြောင်း ပြောပါလေ။

ယမ်းငွေ့ အူအူ၊ တလူလူနှင့်
မေးမြို့ကြွေဘုန်း၊ အနော်ကုန်းတွင်
နေလုံး ကွယ်လေပြီ တကား။ ။

(၈၊ ၂၊ ၆၃။)



Generated by CamScanner from intsig.com

၃၃

# ငိုသံစလလား၊ ရယ်သံလား

မနေ့ညက၊ ဇာတ်ပွဲက၌
ငြိမ်လှ သိတ်သိတ်၊ ရွာလုံးတိတ်သည်
အိပ်မောကျလျက် နေကြောင်တောင်။ ။

ခါးပန်းအုံး၌
တုံးလုံး အိပ်ပျော်၊ သူ့ခေါင်းပေါ်ကို
နေကျော် ကျလာ၊ သောအခါ၌
လှန်ကာ ဖွင့်ကြည့်၊ နေ နည်း၏ဟု
ကိုယ်လှည့် ခါးမ၊ အိပ်ရာထသည်
ညက ပွဲရောက် မယ် စိတ်နောက်။ ။

ဆန်အိုးထဲတွင်၊ ဆန်မမြင်သည်
ငိုချင်လှ၏ အို အမိ။ ။

ငိုလော့ သမီး၊ အို သမီး ငဲ့
ငိုခြင်းကြီးကို ငိုပါလော့။ ။

ရေအိုးထဲတွင်၊ ရေမမြင်သည်
ငိုချင်လှ၏ အိုအမိ။ ။



Generated by CamScanner from intsig.com

ငိုလော့ သမီး၊ အိုသမီး ငဲ့
ငိုခြင်းကြီးကို ငိုပါလော့။ ။

မီးဖိုထဲတွင်၊ မီး မမြင်သည်
ငိုချင်လှ၏ အိုအမိ၊ ။

ငိုလော့ သမီး၊ အို သမီး ငဲ့
ငိုခြင်းကြီးကို ငိုပါလော့၊ ။

မယ် စိတ်နောက်လည်း
အိမ် အောက်ကိုဆင်း၊ မောင်းကို နင်းလျှင်
ဆန်ရင်း ဆန်ပြု ဖွေး လေသည်။ ။

မယ် စိတ်နောက်လည်း
ရွာပေါက်မှ ထွက်၊ ရေကို ခွက်လျှင်
အိုးခွက် ရေကြည် အေး လေသည်။ ။

မယ် စိတ် နောက်လည်း
ထင်းပေါက်မီးတို၊ ထင်းစရှို့လျှင်
မီးစို့ မီးလျှံ ကြွေးလေသည်။ ။

စားပွဲပေါ်တွင်၊ ထမင်းမြင်သော်
ရယ်ချင်လှ၏ အိုအမိ။ ။

 မင်းသုဝဏ်

Generated by CamScanner from intsig.com

ရယ်လေ့ သမီး၊ အို သမီး ငဲ့
ရယ်ခြင်း ကြီးကို ရယ်ပါလေ့။ ။

သူတို့ ခင်းသည့်
အိမ်တွင်း ပြဇာတ်၊ တခန်းရပ်လျှင်
ကွင်းစပ်ဆိမ့်၊ တရွှရွှနှင့်
ပတ်မ ညံ့ညံ၊ ဖိတ်ခေါ်ပြန်သည်
ငိုသံ လေလား ရယ်သံလား။ ။

(၁၅၊ ၁၁၊ ၆၃။)

# ပြည်ထောင်စုစေတနာ

ထည်အကောင် တင်မပြသော်လဲ
ပြည်ထောင်မှာ ထင်ကရပါကွဲ့
အစဉ် လှုပါဘဲ့ စေတနာ။

ပမာပုံနှမ်ု ဖြင့်
ပြာနံ ကြည်လင်တဲ့
အနုညီစင် ကန်ရေချမ်းလို
လန်းတဲ့ မျက်နှာ။

ဝနာစုံ ထက်ဟို တောဆိက
အာရက်မှာ မြက်ချို ပြောပါတဲ့
ငှက်ညို သြရယ်ကွဲ့ မြည်သံသာ
ပြည်မြန်မာရဲ့ နဂိုတေး။

သူနှမ်းလျှင်
ကိုယ်နှမ်းသည် အတူထင်လို့
ကူချင် ညီချင်တဲ့စိတ်တွေနဲ့

 မင်းသုဝဏ်

Generated by CamScanner from intsig.com

မအိပ်မနေ ကြိုးကာပ
သယ်ပိုးသည် ဝါသနာက
ကမ္ဘာမှာ ထင်အရှားပါကွဲ့
တို့ညီကာ တို့ပြည်သားတို့မှာ
စားတော်သူ ကျေးရှင်ပို့
အား မပြတ်စေမှး။ ။

(၁၉၆၈၊ ဧပြီ၊ ငွေတာရီ)



Generated by CamScanner from intsig.com

## ၉၅

## မင်းရဲကျော်စွာ

လုံ့ဘေး ကိုး ဝင်း၊ စစ်မြေ ခင်းတွင်
ဆင် မြင်း ရုံလျက် ထိုနေ့က။

နေပြည် ရှိရာ၊ မျှော် ရှုကာလျှင်
အနာသည်း လည်း၊ ခံသည်း ညည်းနှင့်
မညည်းမညူ၊ ကိုယ်ကို ထူလျက်
ယာမှ ရွှေခြား၊ ဝဲ ရွှေလွှားနှင့်
အားပြု မှီတင်း နေသည့်ခိုက်။

ငါရှိ ပေလျက်၊ ပြည်ကို ဝက်၍
နန်းထက် မင်းမူ၊ ငါ၏ တူ-ဟု
နိုင်သူမင်းက ဖိတ်ခေါ်သည်။

ဘကြီးတော် ယဲ့၊ ကျေးဇူး ငဲ့လည်း
တိုင်းပြည် မှဲ့သူ မဟုတ်ပါ-ဘဲ။

သမီးတော်နှင့်၊ ဥကင် ပွင့်၍
အသင့် မင်းမူ၊ ငါ၏ တူ-ဟု
နိုင်သူ မင်းက ဖိတ်ခေါ်သည်။



မင်းသုဝဏ်

Generated by CamScanner from intsig.com

ဘကြီးတော် ယဲ့၊ ကျေးဌး ငဲ့လည်း
မယား မဲ့သူ မဟုတ် ပါ-တဲ့။

သားတော် ရင်နှစ်၊ သားရင်း စစ်သို့
ထိုးလှစ် မင်းမူ၊ ငါ၏ တူ-ဟု
နိုင်သူ မင်းက ဖိတ်ခေါ်သည်။

ဘကြီးတော်ယဲ့၊ ကျေးဇူးငဲ့လည်း
ဖခင်မဲ့သူ မဟုတ်ပါ-တဲ့။

ငါ၏ ထံမှောက်၊ ဆေးဝါး သောက်၍
ထမြောက်ခါမူ၊ ပြန်လေ တူ-ဟု
နိုင်သူမင်းက ဖိတ်ခေါ်သည်။

ဘကြီးတော်ယဲ့၊ ကျေးဇူးငဲ့လည်း
သေခြင်းမဲ့သူ မဟုတ်ပါ-တဲ့။

လှံ မား ကိုလှဲ၊ စစ်မြေထဲ၌
မင်းရဲကျော်စွာ၊ စေတီသာကို
ရာဇာမိရာဇ၊ ရေစက်ချလျက်
အမျှ ယူလေ၊ သုံးကြိမ်ဝေသည်
မြိုင်ခြေ ဒလ တောကြီးတန်း။ ။

(၁၉၆၈၊ ဇွန်၊ ငွေတာရီ)



Generated by CamScanner from intsig.com

၃၆

# အဖိုးညိုညို

ကြေးစည် ထုချ
သာခု ခေါ်ကာ၊ သူရောက်လာလည်း
ဘယ်ရွာကလဲ၊ မသဲကွဲခဲ့
ရွာထဲ ရောက်ကာ၊ ဆန်ခံပါလည်း
ဘယ်ဌာနဖို့လဲ၊ မသဲကွဲခဲ့
ရွာထဲမှသာ၊ ထွက်သွားပါလည်း
ဘယ်ရွာသို့လဲ၊ မသဲကွဲခဲ့။

ဝတ်ဖြူစင်ကြယ်၊ ပုတီး လွယ်လျက်
နွေဝယ် ရေချမ်း၊ ပေးလှူကာမ်းသို
ချမ်းသာပါစေ၊ ကျန်းမာစေနှင့်
ကပ်ကြီးသုံးထွေ၊ ကျော်ပါစေနှင့်
ပေးဝေ မေတ္တာ၊ ပို့သွားပါသည်
မမာသားတွက်၊ ဆေးရှာထွက်သည့်
မိမျက်နှာမျိုး၊ နှမ်းလျှသုံးနှင့်
အဖိုးညိုညို၊ သက်ကျားအိုကို
လူပျို ငါတို့ မှတ်မပြု။

ဟို ဘနေ့က၊ ရွာဝင်ဝတွင်
ကြားရသည်မှာ၊ နွားပျောက် ရှာရန်
ရွာက လူများ၊ တောသို့သွားစဉ်





Generated by CamScanner from intsig.com

အသား ညိုညို၊ အဖိုးအိုသည်
ကုန်းမိုတလင်း၊ မြေအခင်း၌
ကိုးနဝင်းခေါ်၊ မြတ်ရှင်တော်ဟု
ကပ်ကျော်ဘုရား၊ တည်ဆဲနားတွင်
အားလျား မှောက်လျက်၊ သွေးအိုင်ပွက်ဖြင့်
ကျည်ချက် သင့်၍ ဆုံးသတဲ့။ ။

(၁၉၆၉၊ ဖေဖော်ဝါရီ၊ ငွေတာရီ)

# အိုနှင်းဆီ

နာမကျန်းသည် အိုနှင်းဆီ။
မှန်တိုင်း ထန်ခိုက်၊ ညဉ့်၌ ပျံသော
မှောင်ခို ပိုးသည်'
နီ မောင်း ပျော်ရာ၊ သင့်မွေ့ရာကို
ဖွေရှာ တွေ့ခဲ့ပါလေပြီ။

တိတ်ခိုး မှောင်စွာ၊ သူ့မေတ္တာသည်
သင်၏ အလှ၊ သင့်ဘဝကို
ပြိုချ ဖျက်ဆီး နေလေပြီ။

(၁၉၆၉။)

(William Blake ၏ O Rose ကို မြန်မာပြန်ပါသည်။)





Generated by CamScanner from intsig.com

## မတ်မဟော်

ဆေးနှင့် မွေးလည်း
ဆေးနှင့် မပျော်၊ မတ်မဟော်သည်
ပြည်တော် သာကြောင်း လုပ်ခဲ့သည်။

(၁၉၇၀။)

# သားချစ်ရင်ခေါ်

ရင်ခေါ် သက်ထား၊ မေ့သည်းကြား
ဘယ်မျှား ရောက်ခဲ့တယ်။
နှုပ်ပျိုဖွံ့ထွား၊ မေ့ချစ်သား
ဘယ်မျှား ရောက်ခဲ့တယ်။

စုံမြိုင်တခွင်၊ လေးကိုတင်
သမင်လိုက်ယင်း၊ ရောက်ခဲ့တယ်။
ညောင်စောင်းကိုပြင်၊ အိုမိခင်
ပန်းပင်နွမ်းလျ၊ နားချင်လှ။

ရင်ခေါ် သက်ထား၊ မေ့သည်းကြား
ဘူမျှား ညစာကျွေးလိုက်တယ်။
နှုပ်ပျိုဖွံ့ထွား၊ မေ့ချစ်သား
ဘူမျှား ညစာကျွေးလိုက်တယ်။

ပျော့်ပျော့်ပါးပါး၊ နှစ်ယောက်သား
ရည်းစား ညစာကျွေးလိုက်တယ်။
ညောင်စောင်းကိုပြင်၊ အိုမိခင်
ပန်းပင်နွမ်းလျ၊ နားချင်လှ။

[၈၈၂ မင်းသုဝဏ်

ရင်ဒေါ် သက်ထား၊ မေ့သည်းကြား
ဘာများ စားခဲ့တယ်။
နုပျို ဖွံ့ထွား၊ မေ့ချစ်သား
ဘာများ စားခဲ့တယ်။

ငါးမြေ ရေဆုတ်၊ တစ်တစ် ခုတ်
ဟင်း ပြုတ်ရည်ချို စားခဲ့တယ်။
ညောင်စောင်းကို ပြင်၊ အို မိခင်
ပန်းပင် နွမ်းလျ၊ နား ချင်လှ။

ရင်ဒေါ် သက်ထား၊ မေ့သည်းကြား
ခွေးများ ဘယ်မှာ ရှိကြတယ်။
နုပျို ဖွံ့ထွား၊ မေ့ချစ်သား
ခွေးများ ဘယ်မှာ ရှိကြတယ်။

ဗိုက်ပူ နံကား၊ ပေ ရောင်သွား
ခွေးများ သေလို့ ကုန်ပါတယ်။
ညောင်စောင်းကို ပြင်၊ အို မိခင်
ပန်းပင် နွမ်းလျ၊ နား ချင်လှ။

ရင်ဒေါ် သက်ထား၊ မေ့သည်းကြား
ဆိပ်စား မိခဲ့ပြီ ထင်တယ်။
နုပျို ဖွံ့ထွား၊ မေ့ချစ်သား
ဆိပ်စား မိခဲ့ပြီ ထင်တယ်။



Generated by CamScanner from intsig.com

မွေးမေကြင်မြတ်၊ သား သက်မှတ်
ဆိပ်ခတ် ခံခဲ့ ရပါတယ်။
ညောင်စောင်းကို ပြင်၊ အိုမိခင်
ဝမ်း ရင်နာဘွ၊ နား ချင်လှ။ ။

(၁၉၇၀၊ မတ်လ။)

(Lord Randal ကိုမြန်မာပြန်သည်။)



Generated by CamScanner from intsig.com

## မျက်ရည်တပေါက်

ဤသို့နှင့်ပင်၊ ကိုးမောင်းတင်၍
ဇာတ်စင် ပေါ်က၊ သူ ဆိုကသည်
ကကွက် ခုနှစ်ထွေ ကြိုးမျိုးစုံ။

ဆောင်းလည်း အိုက်အိုက်၊ နွေ အိုက်အိုက်နှင့်
ပြိုက်ပြိုက်ကျ ချွေး၊ သူ မလေးခဲ့
နေရေး ပျက်လည်း သူ မဖြုန်။

ဘဝဆည်း ဆာ၊ တည ခါ၌
လသာ မီးအိမ်၊ လင်း ရောင်ထိန်တွင်
ဇာတ်အိမ်ကွက်ကြမ်း၊ ကန္တာလမ်း ဝယ်
စခန်း အချ၊ ကား အချ၌
မိဖ မေတ္တာ၊ ကရုဏာ နှင့်
ရောကာ ပုံ့ပျော်၊ ဇာတ်ရုံထဲတွင်
ကျောက်ခဲသြဘာ ငယ်ထိပ်ထက်။

သဏ္ဍာန်လုပ်၍
သရုပ် ဆောင်ကာ၊ သူ ကရာတွင်

အင်းဝထားကန်သို ဆိုကုတို (၁၈၅)

Generated by CamScanner from intsig.com

ကျလာ မျက်ရည်၊ မော်ချောင်း သည်ကား
ဆိုသည့် ညာက၊ အည် မရှောင်
ကျသည့် တစ်ပေါက်၊ မျက်ရည် လောက်လျှင်
လောင်တောက် မီးမြိုး ပါတကား။ ။

(၃၀၊ ၁၂၊ ၇၀၊)





Generated by CamScanner from intsig.com

၄၁

## အိမ်မက်ထဲကရွာ

အိမ်မက်ထဲတွင်၊ ကျွန်ုပ်မြင်သည်
ကောင်းကင်အောက်က ရွာကလေး။

သူ့ကာရန်သည်
ရိုးဟန်ရိုးရပ်၊ သိမ်ငယ်နုပ်လည်း
ငုတ်တုတ်မနေ၊ သက်ဝင်ပေသည်
နေခြည်နမ်းသည့် နှင်းရည်စက်။

ရွာဦးထိပ်က၊ စေတီလှသည်
ဓမ္မရည်သွန်း၊ ထုံးသင်္ကန်းနှင့်။

ကြေးစည်သာယာ၊ ဆွမ်းဟစ်ကာလျှင်
ကြွလာရဟန်း၊ ရွာသူ့ပန်းလည်း
ခြေလှမ်း ရေလျက်၊ ရွာမှထွက်ခဲ့။

ကျည်းသား တောက်ကာ၊ ထွေခင်းကာနှင့်
ကျောင်းမှာ စာကျက်၊ ရွာ့အသက်သည်
ရှင်လျက် သန့်လျက်၊ တိုးပွားလျက်၊



Generated by CamScanner from intsig.com

ယောကျ်ားဘသား၊ ရွာသားများကား
တောသွား သစ်ခုတ်၊ ခြံလုပ် ပေါင်းသင်
လုပ်ငန်းဝင်၍
ဖိုတွင်ရှင်မ၊ ချက်ပြုတ်ရသည်
အိမ်ဟောင်းလင်း၊ မျှော်စောင့်ယင်း။

နှင်းရည်စက်သည်
လက်သက် လင်းလင်း၊ နေခြည်ကျွင်း၍
ဝင်းဝင်း တောက်ကာ၊ ခေါင်းမြီးမြွာနိုက်
ရွာဝင်ဇာခါး၊ စည်းရိုးကြားမှ
ခုန်လွှား ပျံတက်၊ ခြံတန်းထက်တွင်
အိမ်ကြက်ဖကြီး၊ မိုး မျှော်ပြီးသော်
အောက်အီး တွန်ကာ၊ ကျေးကြော်ရာတွင်
ငါလျှင် နိုး၍၊ ငါ၏ရွှေ၍
ချမ်းမြေ့မြင်ကွင်း၊ နှင်းမြူတွင်းသို့
ပေါက်ထွင်း ပျောက်ကွယ်သွားသတည်း။

(၁၂၊ ၁၊ ၇၁။)

(၁၉၇၁-ခုနှစ် မြဝတီတိုက် လွတ်လပ်ရေး ခွန်းဆက်လွှာတွင် ဦးအုန်းလွင် ရေးသော ပန်းချီကားကို မြင်၍ ရေးသည်။)

(၁၀၈)

မင်းသုဝဏ်

Generated by CamScanner from intsig.com

## ၄။

# ရွာလိုရွာလေ့ မိုးနတ်သား

**ဝိနိယန္တာရကျောင်းသား ဆို၏**

ငါသည်
ထမင်းချက်ပြီးပြီ။
ဤမဟီ မြစ်ကမ်းပါး၌
အပေါင်းအသင်းတို့နှင့်
ငါနေ၏။
တင်းကုပ်ကို မိုးပြီးပြီ။
မီးကို ညှိပြီးပြီ။
ရွာလိုရွာလေ့ မိုးနတ်သား။

**ဘုရားသခင် ဆိုတော်မူ၏**

ငါ့တွင်
အမျက်မရှိ။
ငြောင့်တံသင်းလည်း ကင်း၏။
ဤ မဟီမြစ်ကမ်းပါး၌
တညတာမျှ ငါနေသည်။
ငါ့တင်းကုပ်သည်
အမိုးဟင်းလင်း ဖြစ်၏။



Generated by CamScanner from intsig.com

ဝနိယန္တွားကျောင်းသား ဆို၏

ငါသည်
ကိုယ်ပိုင်အလုပ်ဖြင့်
အသက်မွေး၏။
ငါ့သားသမီးတို့သည်
ငါနှင့်အတူ နေကြ၏။
ကျန်းမာသန်စွမ်းကြ၏။
သူတို့အကြောင်း
မကောင်းသတင်း ငါမကြားရ။
ရှာလို့ရှာလော့ မိုးနတ်သား။

ဘုရားသခင် ဆိုတော်မူ၏

ငါသည်
သူခစား မဟုတ်။
ရအပ်သော အစွမ်းဖြင့်
ခပ်သိမ်းသော လောကတွင်
ငါ လှည့်လည်၏။
ငါ့အဖို့
အခကြေးငွေ မလိုတော့။
ရှာလို့ရှာလော့ မိုးနတ်သား။



မင်းသုဝဏ်

ဓနိယ နွားကျောင်းသား ဆို၏

ငါ့မှာ
နွားသိုးပေါက်များ ရှိ၏။
နို့စို့ နွားငယ်များ ရှိ၏။
ဇီးနှင့် နွားမများလည်း ရှိ၏။
ရွှေဆောင် လမ်းပြ
နွားလား ဥသဘာလည်း ရှိ၏။
ရွာလိုရွာလော့ မိုး နတ်သား။

ဘုရားသခင် ဆိုတော်မူ၏

ငါ့မှာ
နွားသိုးပေါက်များ မရှိ။
နို့စို့နွားငယ်များ မရှိ။
နွားမျိုး မပြတ်အောင်
ဇီးရှိသော နွားမများလည်း မရှိ။
ရွှေဆောင်လမ်းပြ
နွားလားဥသဘာလည်း မရှိ။
ရွာလိုရွာလော့ မိုးနတ်သား။



Generated by CamScanner from intsig.com

ဓနိယ နွားကျောင်းသား ဆို၏

ချည်တိုင်ငုတ်တို့ကို
ခိုင်မြဲစွာ စိုက်ပြီးပြီ။
ပြုဆံမြက်ကြိုးသစ်တို့ကို
ကောင်းစွာကျစ်ပြီးပြီ။
ကြိုးသစ်တို့ကို နွားငယ်တို့သည်လည်း
မဖြတ်နိုင်ကုန်။
ရွာလို ရွာလော့ မိုးနတ်သား။

ဘုရားသခင် ဆိုတော်မူ၏

နှောင်ကြိုးကို ဖြတ်၍
လွှတ်မြောက်သော နွားကဲ့သို့
နွယ်ကြိုးကို ဖြတ်၍
လွှတ်မြောက်သော ဆင်ကဲ့သို့
ပဋိသန္ဓေနေခြင်းမှ
ငါ လွှတ်မြောက်ပြီ။
ရွာလို ရွာလော့ မိုးနတ်သား။

ထိုခဏ၌
ကုန်းကိုရင်း ကျင်းကိုရင်း
ပြည့်လျှမ်း စေလျက်
မိုးကြီး သည်းစွာ ရွာ၏။



မင်းသုဝဏ်

Generated by CamScanner from intsig.com

မိုးသံကို ကြားသောအခါ
ဓနိယသည် ဤစကားကို ဆို၏။

ဘုရားသခင်ကို ဖူးမြင်ရ၍
ငါတို့အဖို့ ကျေးဇူး များစွ။
မျက်စိသခင် ကျေးဇူးရှင်။
အသျှင်ဘုရားကို ကိုးကွယ်ရာဟူ၍
ကျွန်ုပ်တို့ ဆည်းကပ်ကြပါ၏။

မုနိသနင်း ရဟန်း မင်း
အသျှင်ဘုရားသည် ကျွန်ုပ်တို့၏
ဆရာ ဖြစ်တော် မူပါလော့။

ကျွန်ုပ်တို့ လင်မယားသည်
အသျှင်ဘုရား ထံတော်ပါး၌
မြတ်သော အကျင့်ကို ကျင့်လိုကြပါ၏။
တဖက်ကမ်းသို့ ကူး မြောက်ကာ
ဆင်းရဲ၏ အဆုံး ကို
ပြုလိုကြပါကုန်၏ ဘုရား။ ။

(၂၊ ၃၊ ၇၁၊)



Generated by CamScanner from intsig.com

# တို့မလေး

အိမ် ခေါင်မိုးမှာ၊ သူ ထိုးလာသည်
ပေလွှာ စာချပ်၊ အဝေး ရပ်က
ဆံပြုတ်မောင် ရေး၊ အလွမ်း စေးကို
မလေး ဖတ်နိုင် ခဲ့ဖူးပြီ။

ရွှေဝသို့ သွား၊ ချစ်သူ အားလျှင်
မှာကြား ပို့လေ၊ လွမ်း စာ ခွေဟု
မပြေ မလှ၊ နွဲ့လျှလျှနှင့်
မိန်းမ လက်ရေး၊ ငယ် သေးသေးကို
မလေး ခြစ်နိုင် ခဲ့ဖူးပြီ။

သို့ပင် ဖြစ်လည်း
ချစ်သူနှင့် ဝေး၊ တို့ မလေးကား
ရေးလည်း မတတ်၊ ဖတ် မတတ်နှင့်
စာတေ် ပေတေ်၊ အသိ တေ်သည်
မတ်တတ် ခြောက်သည့် သစ်ပင်လို။

ကံ ထောက် မရှိ၊ ဤ ယနေ့မူ
နေ့ငွေ့ လျှပ်လျှပ်၊ ပူ စပ်စပ်တွင်



မင်းသုဝဏ်

ထန်း ပလပ်ပိုပ်၊ တမာ ရိပ်ဌ
ချစ်မိုပ် နိုဝင်၊ စာကို ဆင်ဝသော်
မယင် မယန်း၊ အမြင် ဆန်းသည်
မျက်ကန်း မလေး မြင်လေပြီ။ ။

(၁၁၊ ၄၊ ၇၁။)

# ကျေးလက်က သူတို့

နေပင် မြင့်လည်း
မရင့် သေးသည်၊ ချိုထန်း ရည်ကို
သောက်သည် ငါတို့ တကျိုက် နှစ်ကျိုက်။

သူတို့ ကျေးကြွ
ကျေးလက် ဟင်းလျာ၊ အပြာပြာသည်
ရင်မှာ ဆို့အောင် စုံလှသည်။

ဆွေမျိုး တွေ့သို့
မမေ့စရာ၊ လွန် ပျူငှာသည်
ရပ်ရွာ မွဲလည်း စိတ်မမွဲ။

သူတို့အကြောင်း၊ ဒို့အကြောင်းနှင့်
မြို့ကြောင်း ရွာကြောင်း၊ အကြောင်း ကြောင်းကို
သောင်း ပြောင်း တွေလာ၊ ပြောချင် ရှာ၍
နေပါဦး လား သူတို့တား။

သို့ပင် ဖြစ်လည်း
မစစ် လက်ရေ၊ ခဏ နေပြီး

(၁၉၀)

မင်းသုဝဏ်

ဝေဝေ မင်းလွှင့်၊ နေပူ ပြင်ကို
အလျှင် ကျော်လွှား၊ ငါတို့ သွားရန်
စကား ကောင်းတုန်း ပြတ်ခဲ့ရ။

ငါ့ဘို့ ခရီး၊ ပန်း တကြိုး ကား
လှမ်းပြီး လှမ်းရန် ကျန်သေးသည်။

(၂၈၊ ၄၊ ၇၁။)



Generated by CamScanner from intsig.com

## ၄၅
## သာရနှင့် သာလု

**တနေ့သန္တိုက်**

ဘုရားထံမှာ၊ မဟာဝါ
ဘာဆုတွေများ တောင်းခဲ့သလဲ။

ကျမ ရင်သွေး၊ လူကလေးသည်
စာမေးပွဲမှာ၊ ဒီများ စွာ
ရပါစေကြောင်း၊ ကျွန် ဆုတောင်းခဲ့။

ရပါစေဗျာ၊ မဟာဝါ
ခေါ်ပါတယ်ဗျာ၊ သာဓု သာဓု။

**နောက်-တနေ့သန္တိုက်**

ဘုရားထံမှာ၊ မဟာဝါ
ဘာဆုတွေများ တောင်းခဲ့သလဲ။

ကျမ မျက်ရှု၊ သားရွှေဥသည်
ယခု ဖြေဆဲ၊ စာမေးပွဲ၌
ထူးကဲ အောင်ကာ၊ ကျောင်းဖွင့်ခါ၌
ပညာသင်ဆု၊ ရစေမှုတွက်
တောင်းဆု ပန်ခဲ့ပါသည်ရှင်။



မင်းသုဝဏ်

Generated by CamScanner from intsig.com

ရပါစေဗျာ၊ မဟာဝါ
ခေါ်ပါတယ်ဗျာ၊ သာဓု သာဓု။

ထို့နောက်-တနေ့သန္နိက်
ဘုရားထံမှာ၊ မဟာဝါ
ဘာသုတွေများ တောင်းခဲ့သလဲ။

အညာ မြေမှာ၊ ဆူး လေ စုး၍
ခဖုး ပေါက်မည်၊ စိုးလှသည်ကြောင့်
ရေကြည် ချမ်းမြ၊ သား ရွှေစကို
အ-သုံး လုံး မှာ၊ မပါစေကြောင်း
ကျွန်ဆုတောင်းသည်
အောင်း ဒုရေ ဒုရေ သွား ဟုံဟုံ။

ရပါစေဗျာ၊ မဟာဝါ
ခေါ်ပါတယ်ဗျာ၊ သာလု သာလု။

(၂၀၊ ၅၊ ၇၁)

## ၄၆

# မပြင်ရသော တေးသံ

အလှမ်းသယ်၍
အမယ် ငါ့ကို၊ စကား ဆိုသော်
ငါလို လောက လူ မရှိဟု။

ထင်ခဲ့ဘူးသည်
ရှူးတုန်း မိုက်တုန်း
ဖုံးတုန်း လုံးတုန်း
တန်ဆောင်မုန်းက ဖြစ်ပါသည်။

ရိုးပြတ် ဘဝ၊ တန်လျှပ်ကြွသော်
ပါးစပ်လောက၊ လျှာလောကသည်
မ်ကျောင်း ဘဝ၊ လိပ်ဘဝသို့-
လင်းတ ဝဲသည့် လှင်တီး ခေါင်တွင်။

မမြင်ရလည်း
မိုးဝ လွှင့်ပျံ၊ မိုးဆွေသံကား
နေလုံ ကျက်ကျက်၊ မြေအက်အက်ကို
မမက် မမော
ရိုးပြတ် တောအား၊ ချိုသော တေးဖြင့်
ငြိမ်းအေးစပွယ် သွန်းလောင်း လျက်။ ။

(၁၂၊ ၂၊ ၇၂။)

## ၆၇

# မိခင်သို့

ငါ၏ အမိ၊ ငါ့ဇာတိကို
သတိရခါ၊ ငါ ဝမ်းသာသည်
ဝမ်းသာလျှက်လည်း၊ ငါ ဝမ်းနည်းခဲ့။

ယခု အခါ
ငါ၏ ဝလုံး၊ အ-သုံး လုံး တို့
ရပ်လုံး ရွာလုံး၊ တနယ်လုံးကို
လွှမ်းပုံးတော့မည်၊ ကြားရသည်တွင်
ငါ့ရင် ပွင့်လန်း၊ ငါ့မိရင်း၏
ချစ်ခြင်း မေတ္တာ၊ ကရုဏာအား
သည်ခါ တုံ့ပြန် ရတော့မည်။

ဤသို့ တွေးမှ
စိတ်အေး ချမ်းမြ၊ သောဝဏ္ဏ
ငါလက်အစုံ၊ ထိပ်ထက် ရုံသည်
ရိုပ်မြှုသာဘုံး၊ ကွမ်းခြံကုန်းသို့။ ။

(၁၂၊ ၂၊ ၇၂။)

# ကြင်နာမှု

ငါ့ မျက်ရည်
ဆဲသည်ကိုလည်း သူ မှုခဲ့၊

ငါ့ မျက်ရည်
ဆိုသည်ကိုလည်း သူ မှုခဲ့၊

ငါ့ မျက်ရည်
နှင်းသည်ကိုလည်း သူ မှုခဲ့၊

ငါ့ မျက်ရည်
နှိမ်သည်ကိုလည်း သူ မှုခဲ့။

ခု တခါမူ
ငါ့ညာ ထောက်ရှု၊ ကြင်နာမှုကြောင့်
ဥကာ လည်ကာ၊ ဝိုင်းကာ လာသည်
ငါ့မှာ အံကြိတ်ထားရ၏။ ။

(၂၊ ၃၊ ၇၂။)



Generated by CamScanner from intsig.com

၄၉

## သံယောဇဉ်

နွေနှောင်း နံနက်၊ လမ်းလျှောက်ထွက်စဉ်·
ကျောင်းဖက် ရောက်ခဲ့ပါသတည်း။

ဇာမှတ်ပဲ့ပင်၊ ခရီးတွင်အောင်
ငါလျှင် သုတ်သုတ် ခြေလှမ်းခဲ့။

ထိုခဏဝယ်၊ တော အုပ်ကွယ်မှ
သူငယ် ဥဩ၊ ငှက် ဥဩတို့
ဥဩ သံပြိုင်၊ တွန်သံ မြိုင်သော်
မနိုင် ငါ့စိတ်၊ စီး ယိုဖိတ်လျက်
အတိတ် ဇာတ်စင်၊ ရေးရေး မြင်သည်
ရွှင်ဖွယ် ပျော်ဖွယ်၊ ဝမ်းနည်းဖွယ်နှင့်
ဖွယ်အထပ်ထပ်၊ ရုပ်လှဝချစ်တို့
ဖြတ်ဖြတ် ပေါ်ကာ၊ ဖမ်းစားပါ၍
ငါဟု အံ့ခဲ၊ မှော်ကို ခွဲသည်
ကန်ထဲ ကျွဲကူး ပမာတည်။ ။

(၃၊ ၅၊ ၇၂။)

မု-ဒိ-တာ။

# ကဗျာမည် အညွှန်း

[ဂဏန်းမှာ စာမျက်နှာ]


၁။ ကမ္ဘာဉာဏ် ၅၅
၂။ ကဝိမေဟ် ၁၁၅
၃။ ကုက္ကိုနှင် ၁၃၇
၄။ ကုမုဒြာ ၆၀
၅။ ကံ့ယဝါး ၄၆
၆။ ကိုခင်းဘွဲ့တေးထပ် ၈
၇။ ၉၄-ခုနှစ်အတွက် ၄၄
၈။ ကံဆိုးတဲ့ခါ ၃၄
၉။ ကျေးဇူးတက်က
သူတို့ ၁၉၈
၁၀။ ကြည်နူးမှု ၂၀
၁၁။ ကြိုဘုန်းဘွဲ့လေးဆစ် ၁၂
၁၂။ ကျွန်း ၅၁
၁၃။ ခရီးသည် ၉၈
၁၄။ ခါမြေ့ဆန်းတော့
လွမ်းမိတယ် ၂၅
၁၅။ ခေတ်ပညာ ၄၈
၁၆။ ချစ်ပြုံး ၅၃
၁၇။ ချစ်လို့ခေါ်သည် ၁၅
၁၈။ ခိုင်မသာ ၅၂
၁၉။ ဂါထာ
ခြောက်ဆယ် ၁၀၆
၂၀။ ဂေါ်သဇင် ၂၃
၂၁။ ဂုမ်းဗားကန်ရိုး ၁၁၂
၂၂။ ငါ့ဘာသာ ၁၂၃
၂၃။ ငါးဖြိုးရှင်ပွဲ
လွမ်းပြီး ၉
၂၄။ ငယ်သေးပေါင်ကြီး ၇၉
၂၅။ ငိုသံလေးလေး
ရှိုသိသား ၁၇၁
၂၆။ ငွေခြေရှင်သို့ ၈၅
၂၇။ စာအိုးကံ ၅၇
၂၈။ စက်ဘောင်ရုံဝယ် ၇၁
၂၉။ နိုးရောင်ညီ ၉၅
၃၀။ ဆရာမှန်ကျောင်းဘွဲ့
ရတုသုံးချိုး ၁၃
၃၁။ ဇာနည်ထိုး ၁၃၀
၃၂။ ညနေခါ ၇၇
၃၃။ ၁၂၉၂-ခုနှစ်အတွက်
မေတ္တာဘို့ ၂၂
၃၄။ တရားဦး
ဟောပြောပါ ၈၁
၃၅။ တရောနှင် ၆၄
၃၆။ တောမြိုင်ခြေလမ်း ၁၇
၃၇။ တို့မလေး ၁၉၆
၃၈။ တွယ်ရာမဲ့ ၈၀
၃၉။ ထွေးညိုကမှာ ၁၀၀
၄၀။ ဒီချောင်းသုံးဝေ ၁၄၇




မင်းသုဝဏ်

Generated by CamScanner from intsig.com

၄၁။ ဗေါင်းမိခင်၏ ကောင်းသုံးခွန်း ၁၄၄
၄၂။ နောက်ဗိုး ၁၂၅
၄၃။ နောင်တာသံသရာ ၁၆၀
၄၄။ နောင်တို့အိမ် ၁၉
၄၅။ နွေဦးပေါက်တော့ ၄၃
၄၆။ နှင်းဆီပွင့် ၆၁
၄၇။ နှစ်ဒေဘာဘာမိတ် ၆၂
၄၈။ နှစ်ဦး ၁၃၄
၄၉။ ပွင့်ဖို့ သင့်ပါ အခါသို့ ၁၄၉
၅၀။ ပွတော့ဘ ၄၇
၅၁။ ပင်လယ်ပို ၁၀၅
၅၂။ ပင်လယ်ရွှေ ၆၉
၅၃။ ပြည်ထောင်စု စောနာ ၁၇၄
၅၄။ ပြိုင်းမဲဘို ၁၃၈
၅၅။ ဗိုလ်ထယ်နှင့်အကြွယ် ၁၁[illegible]
၅၆။ မိုးမောင်လာပြီ ၁၆၆
၅၇။ ရေဉ်စရာ ၁၅၉
၅၈။ မြေသံ ၇[illegible]
၅၉။ ဘာသာမြန် ၂၁
၆၀။ မညီညွတ် ၆၃
၆၁။ မမြင်သော တေးသံ ၂၀၂
၆၂။ မိခင်နှင့်ရင်သွေး ၅၈
၆၃။ မိခင်သို့ ၂၀၃
၆၄။ မိဿသက်လျာ ၁၅၃
၆၅။ မယ်လည်ညွှ ၇၄
၆၆။ မယ်တိုဘာ ၃၁
၆၇။ မိုး ၁၀၁
၆၈။ မိုးရာသီဘုံလေးချိုး ၇
၆၉။ မိုးလင်းနှုံ ၁၆၁
၇၀။ မင်္ဂလာနှင်းဆက် ၉၁
၇၁။ မင်းရဲ့ဇာဂျင်ရွာ ၁၇၆
၇၂။ မောင်နံမြိုး ၅၉
၇၃။ မောင်ကြိုးဝင် ၃၀
၇၄။ မေတ္တာ ၄၂
၇၅။ မေတ္တာသုခ ၁၅၂
၇၆။ မော်မော်ဟော် ၁၈၁
၇၇။ မျက်ရည်အာဝေါက် ၁၈၅
၇၈။ မြိုင်ရေစင် ၁၁၄
၇၉။ မြန်မာမျိုးဘွဲ့ လေးချိုး ၁၁
၈၀။ မှော်တော်ယောင် ၉၂
၈၁။ ယောကျ်ား ဘွား ၁၆၂
၈၂။ ယိမ်းလှရွှေ နွဲ့ညို ၃၆
၈၃။ ရောမ ၁၁၂
၈၄။ ရွာလို ရွာလော့ မိုးနဝါသား ၁၈၉
၈၅။ ရွှေတော်ပြေး ၄၁
၈၆။ ရွှေနှင့်မတူ ၄၅





Generated by CamScanner from intsig.com

၈၇။ ရွှေဒင်းမြို့ ၆၆
၈၈။ လူရွှး ၈၃
၈၉။ လေးဆယ်ပြည့် ဆုတောင်း ၁၃၉
၉၀။ လေးဆစ် ၃၂
၉၁။ လက်ဆောင်ပြန် ၉၉
၉၂။ လွှတ်ရက်မျှော် ၁၂၉
၉၃။ လွှတ်လင်ရေး တေးသံ ၈၇
၉၄။ ဝါတွင်းနှုန် ၁၀၂
၉၅။ ဝေးကမျှော် ၁၄၆
၉၆။ သာပြေညို ၁၁၆
၉၇။ သာမုနှင့်သားမှု ၂၀၀
၉၈။ သာခုသံ ၁၃၁
၉၉။ သားချစ်ရင်ဒေါ ၁၈၂
၁၀၀။ သီဘင်းကြွာ ၁၄၅
၁၀၁။ သိလိုဘ် ၅၄
၁၀၂။ သူ့မှာတင်း ၁၆၉
၁၀၃။ သူ့မေ့ခင်း ၁၄၁
၁၀၄။ သူနှာပြုံဘုရား ၁၆၄
၁၀၅။ သူ့အမေတား ၁၅၇
၁၀၆။ သို့လေလာသို့လေလာ ၅၀
၁၀၇။ သိုးထိန်းလေမင်း ၁၁၃
၁၀၈။ သန်းခေါင်ဆော် အရသာ ၁၃၅
၁၀၉။ သံယောဇဉ် ၂၀၅
၁၁၀။ အကြိုတော် ၁၃၃
၁၁၁။ အတာဧရ ၆၈
၁၁၂။ အတိတ်ဘီလူး ၈၉
၁၁၃။ အပြုံးနှင့်အငို ၁၅၁
၁၁၄။ အမိုးညိုသို့ ၁၇၈
၁၁၅။ အမေ့လက်ဆောင် ၉၇
၁၁၆။ အမိကိုယ်စား ၇၃
၁၁၇။ အမိမြန်မာပြည်အဖို့ ဝါကျွတ်ကန်တော့ပန်း ၁၂၀
၁၁၈။ အာကာသကြို ၁၄၂
၁၁၉။ အာဇာနည် အလေးပြု ၁၄၃
၁၂၀။ ဤလယ်ကွင်း ၁၃၂
၁၂၁။ ဘို့နှင်းဆီ ၁၈၀
၁၂၂။ ဘိုးဝေဆုတောင်း ၁၃၆
၁၂၃။ အောက္ကစမို့ တက္ကနိုလ် ၁၁၇
၁၂၄။ အင်းယားကန်သို့ အိုကိုတို့ ၃
၁၂၅။ အင်းလေးကန် ၁၅၈
၁၂၆။ ဧည့်သည်တော် ၁၅၄
၁၂၇။ အိမ်မက်ထဲကရွာ ၁၈၇


Generated by CamScanner from intsig.com